AlmightyAlmighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

Book.39(701-716) ဗဟိုနယ်မြေသို့

၇၀၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၀၁ - ပင်လယ်(သမုဒ္ဒရာ)အင်ပါယာ

နတ်ဝိညာဉ်သစ်သီးများက

သူတော်စင်တစ်ပိုင်းအဆင့် ၏သက်တမ်းကို

နှစ်အနည်းငယ် တိုးစေနိုင်သောကြောင့်

မုံ့နှင့်အဘိုးအို လည်း

သိသိသာသာလှုပ်ရှားသွားသည်။

ထိုကမ်းလှမ်းချက်က မည်သည့်

သူတော်စင်တစ်ပိုင်းအဆင့် မျှ မခုခံနိုင်သော

သွေးဆောင်မှု တစ်ခုပင် ဖြစ်သည်။

“သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးက သူ့ကို တိုက်ခိုက်နေရင်တောင်မှ ငါတို့ရဲ့ သိုင်းကျောဇ်တွေ ထပ်ပြီး လွှတ်ရင် သေမှာ သေချာတယ်။

ဒါပေမဲ့ အဲဒီ သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးလုံး အသေအကြေတိုက်ခိုက်ရင်တော့ အခြေအနေက ကွဲပြားသွားလိမ့်မယ်။ ဒါပေမဲ့ အဲဒါက မဖြစ်နိုင်ဘူးဆိုတာ ရှင်းနေတယ်လေ။” မဲ့နှင့် အဘိုးအိုက တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

အခြားအဘိုးအိုက ခေါင်းယမ်းကာ "ငါတို့က သူ့ကို ယာယီထိန်းထားဖို့ပဲ။ တိုက်ကြီးတစ်ခုလုံးရဲ့ဘယ် သိုင်းကျော်ဇော် ကမှ အဲဒီကလေးကို မတိုက်ခိုက်ရဘူးဆိုတဲ့ စည်းမျဉ်းကို လိုက်နာခိုင်းဖို့ပဲ လိုတယ်!"

မှုန့်နှင့်အဘိုးအိုက အနည်းငယ် အံ့အားသင့်သွားကာ နားလည်သွား၏။ “ဒါဆို ဘယ်သူ့ကို ပို့ဖို့ စီစဉ်ထားလဲ?”

"ရီရှဲ!" အဘိုးအိုက ပြောလိုက်သည်။

"ရီရှဲ့လား?" မဲ့နှင့် အဘိုးအိုက ထိတ်လန့်သွားပြီး "အဲ့ဒီလူ ယန်ယဲ့ က သူ့ရဲ့လျှို့ဝှက်နည်းစနစ်နဲ့ ကြောက်စရာကောင်းတဲ့ ဓားနည်းစနစ်ကို ထပ်သုံးလိုက်မယ်ဆိုရင်..."

အဘိုးအိုက ခေါင်းခါလိုက်သည် “ဒါ လုံးဝမဖြစ်နိုင်ဘူး။ နောက်ဆုံးအနေနဲ့ ပြောရရင် ဒီလျှို့ဝှက်နည်းစနစ်က

အရမ်းကြောက်စရာကောင်းနေတော့

တန်ပြန်ရိုက်ခတ်မှုတွေလည်း

သေချာပေါက်ရှိရမယ်။ ဒီတော့ သူက

သူတော်စင်တစ်ပိုင်းအဆင့် ရှိနေရင်တောင်

တန်ပြန်ရိုက်ခတ်မှုတွေကို

ဒီလောက်အချိန်တိုတိုနဲ့

ဖြေရှင်းနိုင်မှာမဟုတ်ဘူး။

ပြီးတော့ ငါ့အထင် ယန်ယဲ့ က

အဲဒီလျှို့ဝှက်နည်းစနစ်ကို ဆက်တိုက်

အသုံးပြုရဲမှာမဟုတ်လောက်ဘူး။

ဘာကြောင့်လဲဆိုတော့ အဲဒါကို
ခဏခဏသုံးနေရင် တန်ပြန်ရိုက်ခတ်မှုတွေနဲ့
သူ့ရဲ့အခြေခံအုတ်မြစ်ကို ထိခိုက်မှာလေ။
တကယ်လို့ သူက အဲဒါကို ဂရုမစိုက်ဘဲ
လုပ်မယ်ဆိုရင်တောင် သူ့ရဲ့ဆရာက
ခွင့်ပြုမှာမဟုတ်ဘူး!”

မဲ့နှင့်အဘိုးအိုက “ဒီကလေးက တိုက်ကြီးထဲက
ဖြစ်ပေမဲ့ သူက တကယ့်ကို
စစ်မှန်တဲ့ပါရမီရှင်တစ်ယောက်လို့ ဝန်ခံရမယ်။
ရီရှဲ့က သူ့ကို ထိန်းနိုင်ပါ့မလား"

"ရီရှဲ့က သူ့ကို ယုဉ်နိုင်မှာပါ။ ဘာလို့လဲဆိုတော့ မကြာသေးခင်ကမှ သိုင်းကေရာဇ်အဆင့် ရန်သူကို သတ်ခဲ့သေးတယ်။" အဘိုးအိုက စကားပြောပြီးသည်နှင့် နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

မှဲ့နှင့်အဘိုးအို က အနည်းငယ် အံ့အားသင့်သွားကာ “ကောင်းလိုက်တာ” ဟု ပြောကာ ပါးစပ်ထောင့်တွင် အပြုံးတစ်ခု ပေါ်လာသည်။

"ဒီလူသာ မြင့်မြတ်နယ်မြေ မှာဆိုရင် အဆင့် ၈ ဒါမှမဟုတ် အဆင့် ၇ နေရာကိုတောင် ကျော်တက်နိုင်လောက်မယ်။" ထိုစကားပြောပြီးနောက် ဖျတ်ခနဲ ပျောက်ကွယ်သွား၏။

“နှစ်ပေါင်း ၁၀၀,၀၀၀....ဒီသခင်ငယ်က နောက်ဆုံးမှာ လွတ်မြောက်တော့မယ်။ ဟားဟား!" ရုတ်တရက် အနက်ရောင်စေတီ ၏ အမြင့်ဆုံးအထပ်မှ ဆူညံသံများ ပွဲတင်ထပ်ကာ စေတီထိပ်ရှိ ဓားနှင့် သင်္ကေတ နှစ်ခုစလုံး ပြင်းထန်စွာ တုန်လှုပ်သွားတော့သည်။

...

နောက်နှစ်ရက်ခန့်အကြာ။
ဆန်းကြယ်တိုက်ကြီး... ။

ဂျိန်း!

ရုတ်တရက်၊ ကြောက်မက်ဖွယ်ရာ
မြည်ဟီးသံက တိုက်ကြီးတစ်ခုလုံး
ပဲ့တင်ထပ်ပြီး မြေပြင်ကနေ ချော်ရည်ပူများ

ထွက်လာကာ ကောင်းကင်ထက်မှ
နတ်မိုးကြိုးများ ကျဆင်းလာခဲ့သည်။

ဤအခိုက်အတန့်တွင် သိုင်းဇကရာဇ်အဆင့် နှင့်
တိုက်ကြီးတစ်ခုလုံးရှိ
အထွတ်အမြတ်ပညာရှင်များအားလုံးက
အသံထွက်ပေါ်လာရာဆီသို့
ထိတ်လန့်စွာကြည့်နေကြသည်။

အဘယ်ကြောင့်ဆိုသော် ထိုမြည်ဟီးသံကြီး
ထွက်ပေါ်လာသည်နှင့်

သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါး
လွှင့်ပျံထွက်လာသည်ကို လူတိုင်း
မြင်တွေ့လိုက်ကြရသည်။

အကြီးအကဲမှူ က ပါးစပ်ထောင့်မှာ
သွေးများစီးကျနေသော်လည်း
မည်သည့်တုန်လှုပ်မှုမျှမရှိပေ။ လက်နှစ်ဖက်ကို
နောက်ပစ်ထားကာ လေထဲမှာ
တည်ငြိမ်စွာရပ်နေသည်။

ရုတ်တရက်ဆိုသလို ဆံပင်ဖြူအဘိုးအိုနှင့်
အနက်ရောင်ဝတ်အဘိုးအိုတစ်ဦးက
အကြီးအကဲမှူ ၏ပတ်ပတ်လည်မှာ
ပေါ်လာသည်။

"တကယ်တော့ မင်းရဲ့ခွန်အားကို
ဖုံးကွယ်ထားတာပဲ"
အနက်ရောင်ဝတ်အဘိုးအိုက
တိုးညှင်းစွာပြောလိုက်ရင်း
မျက်လုံးထဲမှာလည်း မကြံုစဖူးလေးနက်မှုများ
ရှိနေသည်။

သူသည် လော့တျန် ကို အနိုင်ယူနိုင်သော်လည်း သတ်ဖြတ်နိုင်မည်မဟုတ်ပေ။

သို့သော် သင်္ချိုင်းစောင့်ဘိုးဘေး က လော့တျန် ကို သတ်ဖြတ်လိုက်၏။

တစ်နည်းဆိုရသော် သင်္ချိုင်းစောင့်ဘိုးဘေး ၏ခွန်အားက သူ့ထက် များစွာသာလွန်နေပါသည်။

အကြီးအကဲမူ က အဘိုးအိုနှစ်ဦးကို တစ်ချက်ကြည့်လိုက်ပြီး "မင်းတို့နှစ်ယောက် ငါ့ကို တိုက်ခိုက်ရင် နောက်တစ်ယောက်

ထပ်သတ်နိုင်မယ်လို့ ငါယုံကြည်တယ်။
စမ်းကြည့်ချင်လား?"

ထိုစကားကို ကြားလိုက်ရာ အဘိုးအိုနှစ်ဦးလုံး
မျက်တောင်များပင် တွန့်တက်သွားကြသည်။

"ဒီလိုစကားတွေပြောရဲရအောင်
သင်္ချိုင်းစောင့်ဘိုးဘေး က
ဘယ်လောက်တောင်သန်မာနေတာလဲ?"

အကြီးအကဲမှူ က အဘိုးအိုနှစ်ဦးကို ဂရုမစိုက်တော့ဘဲ ခေါင်းမော့ကာ ကောင်းကင်ကို မော့ကြည့်လိုက်သည်။

အကြီးအကဲမှူ ကြည့်နေသည့် ဦးတည်ရာက ဆန်းကြယ်တိုက်ကြီး နှင့် မြင့်မြတ်နယ်မြေ ကြားက လမ်းကြောင်းကိုပင်။

သို့သော် ကြည့်နေရင်းကနေ ရုတ်တရက် မျက်မှောင်ကြုတ်လိုက်သည်။

ဤအချိန်မှာပဲ အာကာသဟင်းလင်းပြင် ထဲကနေ ရေခိုးရေငွေ့များ ပျံ့လွင့်လာပြီး....

"ငါသူတို့နဲ့လက်တွဲရင် ဘာဖြစ်မလဲ? အဲဒါဆို ငါတို့ထဲက တစ်ယောက်ယောက်ကို သတ်ဖို့ မင်းယုံသေးလား?" ထိုစကားသံများ ထွက်လာပြီးနောက် အပြာရောင်ဝတ်အဘိုးအို တစ်ဦး ပေါ်လာခဲ့သည်။

အကြီးအကဲမူ က ကောင်းကင်လမ်းကနေ အကြည့်ပြန်ရုတ်ကာ "ပင်လယ်အင်ပါယာ(သမုဒ္ဒရာကေရာဇ်)! တိုက်ကြီးရဲ့အတိတ်ကစစ်ပွဲတွေမှာ တစ်ခါမှ

မပါဝင်ဖူးတဲ့ မင်းလို လူအိုကြီးတောင်
ရောက်လာမယ်လို့ ငါမမျှော်လင့်ထားဘူး။
ငါတကယ်ကို သိချင်နေတယ်။ ငါနဲ့ တိုက်ခိုက်ဖို့
မင်းတို့လို သင်္ချိုင်းကို ခြေတစ်ဖက်လှမ်းနေတဲ့
လူအိုကြီး သုံးယောက်ကို မြင့်မြတ်နယ်မြေ က
ဘာကတိပေးခဲ့တာလဲ?"

အပြာရောင်ဝတ် အဘိုးအိုက "ငါ့ရဲ့
ပင်လယ်မျိုးနွယ်စုတွေက
တိုက်ကြီးရဲ့အရေးကိစ္စတွေမှာ
ဝင်ရောက်စွက်ဖက်လိုစိတ်မရှိပေမယ့်

မြင့်မြတ်နယ်မြေ က ပေးလာတဲ့
ဆုလာဘ်ကိုတော့ ငြင်းဆန်လို့မရဘူး။"

အကြီးအကဲမှူ က ပြုံးပြီးပြောလိုက်သည်။
"မင်းတို့အားလုံးက သက်တမ်းရဲ့
အဆုံးကိုရောက်နေပြီ။ ဒါကြောင့်
မင်းတို့ရဲ့စိတ်နှလုံးကို လှုပ်ရှားနိုင်တဲ့
တစ်ခုတည်းသောအရာက
သူတော်စင်တစ်ပိုင်းအဆင့် ကို သက်တမ်း နှစ်
၃၀၀ လောက် ဆွဲဆန့်ပေးနိုင်တဲ့
နတ်ဝိညာဉ်သစ်သီးပဲ ဖြစ်ရမယ်။

ကဲပါ! အမှိုက်စကားတွေရပ်ပြီး
တိုက်ခိုက်ရအောင်! ငါနဲ့အတူ နောက်ထပ်
သူတော်စင်တစ်ပိုင်းအဆင့် ဘယ်နှပါးကို
ထပ်သတ်နိုင်မလဲ....ကြည့်ရအောင်!"

ပင်လယ်အင်ပါယာ ၏မျက်လုံးများ က
အနည်းငယ် ကျဉ်းမြောင်းသွားကာ "မင်း
ဒီလောက်တောင် ယုံကြည်မှုရှိနေတာလား?"ဟု
ဆိုလိုက်သည်။

"မင်း ဒါကို သိချင်နေရင် ငါတို့က ဘာလို့စမ်းမကြည့်တာလဲ?" အကြီးအကဲမှူ က ခပ်ပြတ်ပြတ်လေသံဖြင့် သာ ပြန်ပြောလိုက်၏။

အားလုံးက သူတော်စင်တစ်ပိုင်းအဆင့်များ ဖြစ်ရာ မည်သို့ ဒေါသမထွက်ဘဲ နေပါမည်နည်း?

အနက်ရောင်ဝတ်အဘိုးအိုက စကားဖြတ်ပြောလိုက်သည်။

“နတ်ဘုရားဝိညာဉ်သစ်သီးတွေနဲ့ ငါတို့ရဲ့
အသက်ကို စတေးရအောင် မထိုက်တန်ဘူး!
ထိုစကားများ ပြောရင်း အကြီးအကဲမှူ ကို
စိုက်ကြည့်ကာ ဆက် ပြောသည်။ “ဒီနေ့
တောင်းဆိုချက်တစ်ခုနဲ့ ငါဒီကိုလာခဲ့တာ!
သိုင်းကျေရာဇ်တွေ ဝင်ပြီးမစွက်ဖက်နိုင်တဲ့
သဘောတူညီချက်ကို ငါတို့အားလုံး
ဆက်ပြီလိုက်နာဖို့ပဲ။

တစ်ခုရှိသေးတယ်.... ယန်ယဲ့ က
သိုင်းကျေရာဇ်အဆင့် ရောက်သွားရင်
သဘောတူညီချက်က ပျက်မှာလား?"

အကြီးအကဲမှူ က သူတို့ကို တစ်ချက်ကြည့်လိုက်ပြီး “မင်းတို့အားလုံး ပြောတာကို မှတ်ထား။ သိုင်းကေရာဇ် တွေက သူ့ကို တိုက်ခိုက်မယ်ဆိုရင် ငါက အဲဒီလူတစ်ယောက်တည်းတင်မကဘူး၊ သူ့နောက်မှာရှိတဲ့ မျိုးနွယ်စုနဲ့ နယ်မြေတစ်ခုလုံးကိုပါ သတ်ပစ်မယ်။"

"မင်း သိပ်ပြီး ယုံကြည်လွန်းနေတာမဟုတ်လား?"

ပင်လယ်အင်ပါယာ က အေးစက်စက်အသံဖြင့် ပြောသည်။

"မင်းက လော့ဒေါင် ထက် ဘယ်လောက် သန်မာလဲ?" အကြီးအကဲမှူး က ပင်လယ်အင်ပါယာ ကိုရှုတ်တရက် စိုက်ကြည့်လိုက်သည်။

ပင်လယ်အင်ပါယာ ၏အမူအရာက အနည်းငယ် ပြောင်းလဲသွားသည်။

သူက လော့ဒေါင် ထက် အနည်းငယ်
အားကောင်းသော်လည်း သင်္ချိုင်းစောင့်ဘိုးဘေး
ကဲ့သို့ လော့ဒေါင်ကို
အလွယ်တကူမသတ်နိုင်ပေ။

"ငါ သူ့ကိုတောင် သတ်နိုင်သေးတာ၊ မင်းကို
ဘာလို့ မသတ်နိုင်ရမှာလဲ?" အကြီးအကဲမူ က
ထူးဆန်းသော အပြုံးနှင့် ပြောလိုက်ပါသည်။

ပင်လယ်အင်ပါယာ က စကားပြန်မပြောပေ။
သူ့မျက်နှာက သုန်မှုန်နေပါသည်။

အဆုံးတွင် သူက အေးစက်စွာ ပြောလိုက်၏။
“မင်းငါ့ကို သတ်နိုင်ရင်တောင် မင်းကို ကြောက်စရာကောင်းတဲ့ တန်ကြေးနဲ့ ပြန်ပေးဆပ်ခိုင်းမယ်။"

အကြီးအကဲမှူ က ခေါင်းယမ်းကာ ပြုံးလိုက်ပြီး
“ကောင်းပြီ၊ ဒါတွေအားလုံးက အသက်ရှူချိန်ကို ဖြုန်းတီးနေတာသက်သက်ပဲ။ မှန်တယ်၊ မင်းရဲ့တောင်းဆိုမှုကို ငါသဘောတူရတဲ့ အကြောင်းရင်းက မင်းကို ကြောက်လို့ မဟုတ်ဘူး။သူ ကြီးပြင်းလာဖို့

လိုအပ်နေသေးလို့! ဒီကလေးကို ငါ့အပေါ်မှာပဲ မှီခိုမနေစေချင်ဘူး။ ဒါပါပဲ။"

ထိုစကားပြောပြီးသည်နှင့် အကြီးအကဲမှူ က နေရာမှာပင် ပျောက်ကွယ်သွားသည်။

၇၀၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၇၀၂ - ပေါင်းစပ်ခြင်း

အနက်ရောင်ဝတ်အဘိုးအို က အကြီးအကဲမှု ထွက်သွားပြီးသည်နှင့် မျက်နှာမှာ သုန်မှုန်နေပြီး ပြောလိုက်၏။ “သူ့ရဲ့အစစ်အမှန်ခွန်အားက သူတော်စင်တစ်ပိုင်းအဆင့် အထွတ်အထိပ် ဖြစ်နိုင်တယ်။"

"သူ လော့ဒေါင် ကိုသတ်ခဲ့ပေမဲ့ သေချာပေါက် ဒဏ်ရာတွေ ရခဲ့တယ်။ ဒါဆို ငါတို့က သူ့ကို

သတ်နိုင်မယ် မဟုတ်လား။”

ပင်လယ်အင်ပါယာ က ပြောသည်။

“ဖြစ်ကောင်းဖြစ်နိုင်မှာပါ။ သူက ငါတို့ထဲက ဘယ်သူ့ကိုမှ မသတ်နိုင်ရင်တောင် ဒဏ်ရာအပြင်းအထန် ရစေနိုင်တယ်။"

ဆံပင်ဖြူအဘိုးအိုက “ပင်လယ်အင်ပါယာ! နတ်ဘုရားဝိညာဉ်သစ်သီးတစ်လုံးက သူတော်စင်တစ်ပိုင်းအဆင့် နဲ့ ငါတို့ရဲ့အသက်ကို စတေးပြီး တိုက်ခိုက်ဖို့ ထိုက်တန်တယ်လို့ မင်း ထင်နေတာလား?"

ပင်လယ်အင်ပါယာ က အေးစက်စက်
အော်ငေါက်လိုက်သည်။ "ငါတို့ သူ့ကို
အခုမသတ်ရင် သူ့ရဲ့ဒဏ်ရာတွေ လုံးလုံး
ပြန်ကောင်းလာတဲ့အချိန်ကျ... ငါတို့ သူ့ကို
သတ်ချင်ရင်တောင် သတ်နိုင်မှာ မဟုတ်ဘူး!"
ထိုစကားပြောပြီးသည်နှင့် ပင်လယ်အင်ပါယာ
က ချက်ချင်းပင် ပျောက်ကွယ်သွားသည်။

"ငါတို့ သင်္ချိုင်းစောင့်ဘိုးဘေး နဲ့ သေတဲ့အထိ
တိုက်ခိုက်ဖို့ သူတကယ်ပဲ မျှော်လင့်နေတာ။"
အနက်ရောင်ဝတ်အဘိုးအိုက

ပင်လယ်အင်ပါယာ ထွက်ခွာသွားသည်နှင့် ရုတ်တရက် စကားပြောလိုက်သည်။

ဆံပင်ဖြူအဘိုးအို က ခေါင်းယမ်းကာ စကားတစ်ခွန်းမှ မပြောဘဲ အကြီးအကဲမှူး ပျောက်ကွယ်သွားသည့်ဖက်သို့ တစ်ချက်ကြည့်၍ ခြေတစ်လှမ်းအပြီးပျောက်ကွယ်သွားပါသည်။

“မြင့်မြတ်နယ်မြေ က နေရာတိုင်းမှာ ရှိနေတယ်!” အနက်ရောင်ဝတ်အဘိုးအို က

နေရာတွင်ပင် ပျောက်ကွယ်မသွားမီ
တိုးတိုးလေးပြောလိုက်သည်။

အဘိုးအို ၃ ယောက်
ပျောက်ကွယ်သွားပြီးနောက် နောက်ထပ်
လူလတ်ပိုင်း အမျိုးသားတစ်ဦး ပေါ်လာသည်။
အကယ်၍ ရှေးဟောင်းဒိုမိန်းမြို့မှ
ကျင့်ကြံသူများသာ ဤနေရာတွင် ရှိနေပါက
လူလတ်ပိုင်းက ရှေးဟောင်းဒိုမိန်းမြို့
မြို့သခင်ဖြစ်နေကြောင်းသတိပြုမိပါလိမ့်မည်။

သူ့ပါးစပ်ထောင့်တွင် ထူးဆန်းသော
အပြုံးတစ်ခု ပေါ်လာပြီးနောက်
ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက် နေရာမှာပင်
ပျောက်ကွယ်သွားသည်...။

ရှေးဟောင်းဒိုမိန်းမြို့၏မြို့သခင် လုယန်ဟောင်
ပျောက်ကွယ်သွားပြီးနောက်
အာကာသဟင်းလင်းပြင် က
တဖန်လှုပ်ရှားလာပြီး အကြီးအကဲမှု
ပြန်ပေါ်လာသည်။

အကြီးအကဲမှူး က မြို့သခင် လုယန်ဟောင်
ထွက်ခွာသွားသည့် လမ်းကြောင်းကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
သူ့မျက်လုံးများတွင် လေးနက်မှု
အရိပ်အယောင်များ ပေါ်လာကာ မျက်ခုံးများ
အနည်းငယ် တွန့်ကွေးသွားသည်။

…

မူလစတေ်ာ။

၂ ရက်ကြာ တိုက်ပွဲအပြီးတွင် ယန်ယဲ့ ၏

ခားစိတ်ဆန္ဒ နှင့် အသိစိတ်ရှိ ခားစိတ်ဆန္ဒ က

တဖြည်းဖြည်း အသာစီးရလာသည်။

ဤအခြေအနေကြောင့် ယန်ယဲ့ ၏မျက်နှာမှာ

ပီပြင်သော

အပြုံးတစ်ခုပေါ်လာခဲ့သည်။

ထိုအချိန်တွင် ရှောင်ယုရှီ နှင့်

အခြားသူများအားလုံး ယန်ယဲ့ ၏အမူအရာကို

သတိပြုမိသောအခါ

သက်ပြင်းတစ်ချက်ချလိုက်သည်။

လွန်ခဲ့သောရက်အနည်းငယ်အတွင်း ယန်ယဲ့
၏အမူအရာက
အဆက်မပြတ်ပြောင်းလဲနေခဲ့သည်။

တစ်ခါတစ်ရံတွင် မျက်နှာက မှုန်ကုပ်သွားပြီး
အံသြထိတ်လန့်ဟန်များပေါ်လာသည်။
တစ်ခါတစ်လေ
စိတ်ဓာတ်ကျသည့်အမူအရာများ၊
ကျေနပ်ပျော်ရွှင်သည့်အမူအရာများ။

သူ့အမူအရာ တစ်ခါပြောင်းလိုက်တိုင်း လူတိုင်း
၏နှလုံးသားများ ပြင်းထန်စွာ
တုန်လှုပ်သွားကြသည်။

ဓားစိတ်ဆန္ဒကျောက်တုံး က ယန်ယွဲ့ ၏
ခန္ဓာကိုယ်ထဲကို ဝင်သွားပြီးနောက်
မည်သည့်အရာများဆက်ဖြစ်နေမှန်းမသိပေ။
ထို့အပြင် ယန်ယွဲ့ ၏အခြေအနေက
လုံးလုံးလျားလျား
ပြန်ကောင်းလာနိုင်မည်လောဟုပင် မသိနိုင်ပါ။
ကံကောင်းစွာဖြင့် ၂ ရက်မြောက်နေ့မှာပင်
ယန်ယွဲ့ ၏မျက်နှာက

အပြိုးတစ်ခုပေါ်လာသောကြောင့် လူတိုင်း
စိတ်ထဲက စိုးရိမ်ပူပန်မှုများ
သက်သာရာရသွားကြတော့သည်။

ဤအတောအတွင်း အသိစိတ်ရှိဓားစိတ်ဆန္ဒက
ယန်ယဲ့ ၏ ဓားစိတ်ဆန္ဒ နှင့် ပူးပေါင်း၍
ဓားပုံသဏ္ဍာန် ဓားစိတ်ဆန္ဒ ကို ပြင်းထန်စွာ
တိုက်ခိုက်နေကြသည်။

၂ နာရီကျော်ကြာပြီးနောက်တွင် ဓားပုံသဏ္ဍာန်
ဓားစိတ်ဆန္ဒ က ရုတ်တရက်ရပ်တန့်သွားပြီး

ယန်ယဲ့ ၏ ဓားစိတ်ဆန္ဒ ရှေ့မှာ
မလှုပ်မယှက်လှဲချလိုက်သည်။

ယန်ယဲ့ က ချက်ချင်းပင် အံ့အားသင့်သွားသည်။
အခြားတစ်ဖက်က အသိစိတ်ရှိ ဓားစိတ်ဆန္ဒ
လည်း အံ့အားသင့်သွားပုံဖြင့် ချက်ချင်း
ရပ်တန့်သွား၏။

လက်နက်ချတာလား? ယန်ယဲ့ က
အံ့အားသင့်သွားပြီးနောက် သူ့စိတ်ထဲ ထိုကဲ့သို့
အဓိပ္ပါယ်မဲ့သော အတွေးတစ်ခု ပေါ်လာသည်။

ခားစိတ်ဆန္ဒ က
လက်နက်ချသည့်အခြေအနေကို သိနေသည်ဟု
ယူဆခြင်းက အလွန် အဓိပ္ပါယ်မဲ့ပါသည်။

ထိုအချိန်တွင် ယန်ယဲ့ နှင့် ပူးပေါင်းထားသည့်
အသိစိတ်ရှိ ခားစိတ်ဆန္ဒ ကလည်း ရုတ်တရက်
အလားအတူပုံစံမျိုး လုပ်ဆောင်ခဲ့သည်။

၎င်းက ယန်ယဲ့ ၏ ခားစိတ်ဆန္ဒရှေ့မှာ
မလှုပ်မယှက် လှဲနေလိုက်သည်။

ခါးစိတ်ဆန္ဒ ၃ ခုက တစ်စုံတစ်ခုကို
ဆိုနေပုံရ၏။ သို့ရာတွင် ယန်ယဲ့ က
ခါးမဟုတ်ဘဲ
လူသားတစ်ဦးဖြစ်နေသောကြောင့်
အမှန်တကယ်ပင် စိတ်ရှုပ်သွားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ခါးစိတ်ဆန္ဒ ၃ မျိုး က
ယခုလေးပင် အပြင်းအထန် တိုက်ခိုက်နေခဲ့၏။
ဤအချိန်တွင်မှ ရုတ်တရက် ဤသို့သော
မြင်ကွင်းမျိုး ပေါ်လာခဲ့သည်။

အချိန်အတော်ကြာပြီးနောက် ယန်ယဲ့ က ၎င်းကို နားလည်သဘောပေါက်သွား၏။

ဤ ဓားစိတ်ဆန္ဒ ၂ ခုစလုံးက လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ဓားပညာရှင်များ ကျန်ရစ်ခဲ့သောအရာများဖြစ်သည်။ ၎င်းတို့က ပြီးပြည့်စုံသောဓားစိတ်ဆန္ဒများမဟုတ်ပေ။

သို့သော် ယန်ယဲ့ ၏စားစိတ်ဆန္ဒ က လုံးဝ မတူပါ။

ယန်ယဲ့ ၏ စားစိတ်ဆန္ဒ က ပျက်စီးနိုင်ခြင်းမရှိဘဲ အကန့်အသတ်မဲ့ ဖြစ်သည်။

ထို့ကြောင့် စားစိတ်ဆန္ဒ ၂ ခုက ယန်ယဲ့ ၏ စားစိတ်ဆန္ဒ နှင့် ပေါင်းစပ်ရန်ရည်ရွယ်နေခြင်းဖြစ်သည်။ သို့သော် ဝါးမြိုရန်တော့ မဖြစ်နိုင်ပေ။

အကယ်၍ ၎င်းတို့ကို ဝါးမြိုလိုက်ပါက ယန်ယဲ့
၏ဓားစိတ်ဆန္ဒပါ
ကိုယ်ပိုင်အသိစိတ်ပျောက်ကွယ်သွားပါလိမ့်မ
ည်။

ထိုထက်ပို၍ အရေးကြီးသည်မှာ ၎င်းတို့က
ယန်ယဲ့ ၏ ဓားစိတ်ဆန္ဒ နှင့်
ပေါင်းစပ်လိုက်လျှင်
အကန့်အသတ်မဲ့သွားဖြစ်သည်။
ယန်ယဲ့ အသက်ရှင်နေသရွေ့ ၎င်းတို့လည်း
ထာဝရတည်တံ့နေပေမည်။

မှန်ပါသည်။ ဓားပုံသဏ္ဍာန် ဓားစိတ်ဆန္ဒ
လုပ်ဆောင်ခဲ့သည့် အကြောင်းအရင်းက
ဤအချိန်မှာ
ရွေးချယ်စရာမရှိတော့သောကြောင့်ပင်။

အန္တရာယ်နှင့် ရင်ဆိုင်ရသည့်အခါ
သူ့အလိုလိုအကျိုးရှိသော
ရွေးချယ်မှုကိုပင်ဖြစ်သည်။

ယန်ယဲ့ က ခဏတာ ငြိမ်သက်သွားပြီးနောက် သူ့ခန့်မှန်းချက်ကို စမ်းကြည့်ရန် ဆုံးဖြတ်လိုက်၏။

သူ၏ ဓားစိတ်ဆန္ဒ ကို ကျယ်ပြန့်စွာ ဖြန့်ထုတ်ကာ အခြား ဓားစိတ်ဆန္ဒ ၂ ခုဆီသို့ ဖုံးလွှမ်းလိုက်ပါသည်။

ထို့နောက် မျှော်လင့်ထားသည့်အတိုင်း သူ့အထင်က လုံးဝကို မှန်ကန်ခဲ့သည်။

ခားပုံသဏ္ဍာန် ခားစိတ်ဆန္ဒ နှင့် အသိစိတ်ရှိ ခားစိတ်ဆန္ဒ က သူ၏ ခားစိတ်ဆန္ဒ ဆီသို့ တိုးဝင်လာသည်။

အခြား ခားစိတ်ဆန္ဒ ၂ ခုနှင့် ပေါင်းစည်းခြင်းသည် ယန်ယဲ့ ထင်ထားသလောက် မခက်ခဲပေ ။ သို့သော် ထိုမျှလောက် မရိုးရှင်းခဲ့ပေ။ ၎င်းတို့ ၃ ခုစလုံးတွင် မရေမတွက်နိုင်သော ခားစိတ်ဆန္ဒများ ပါဝင်နေသဖြင့် ယန်ယဲ့ က ၎င်းတို့ကို နားလည်ရန် အချိန်ယူလိုက်ရသည်။

ယန်ယဲ့ က သူ၏ ဓားစိတ်ဆန္ဒကို အဆင့်မြင့် ဓားစိတ်ဆန္ဒ ၂ ခုနှင့် ပေါင်းစပ်နေချိန်မှာပဲ ဗဟိုနယ်မြေတွင်  အဓိကဖြစ်ရပ်အချို့ ဖြစ်ပွားခဲ့သည်။

၇၀၃

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၀၃ - မိုရိရှဲ့

ယန်ယဲ့ က အခြား အဆင့်မြင့် ဓားစိတ်ဆန္ဒ ၂ ခုနှင့် ပေါင်းစပ်နေချိန်မှာ ဗဟိုနယ်မြေတွင် အဓိကဖြစ်ရပ်အချို့ဖြစ်ပွားခဲ့သည်။

လော့ဒေါင် သေဆုံးပြီးနောက်
မြင့်မြတ်သောဟန်အင်ပါယာတွင်
သူတော်စင်တစ်ပိုင်းအဆင့် မရှိတော့ပေ။

အဆင့် ၉ သိုင်းကျောင်း ၅ ဦး
ဆုံးရှုံးခဲ့ခြင်းနှင့်အတူ
မြင့်မြတ်သောဟန်အင်ပါယာက အမှန်ပင်
ဆုံးရှုံးမှုကြီးကြီးမားမား ခံစားလိုက်ရသည်။

ဤအချိန်တွင် မြင့်မြတ်သောဟန်အင်ပါယာက
ဗဟိုနယ်မြေ ၏အင်အားစုများ၊
မျိုးနွယ်စုများကို
ဖိအားပေးနိုင်စွမ်းမရှိတော့ပေ။

ထို့အပြင်
မြင့်မြတ်သောဟန်အင်ပါယာ၏လွှမ်းမိုးချုပ်ကို
င်မှုသဘောထားနှင့် လော့ကျန်း
၏လုပ်ရပ်များကြောင့်၊
အထူးသဖြင့်
ရှေးဟောင်းအလောင်းကောင်များကို
အသက်သွင်းရန်အတွက်

လူသန်းပေါင်းများစွာကို သတ်ဖြတ်ခဲ့သည့်
သတင်း ထွက်ပေါ်လာပြီးနောက်
မြင့်မြတ်သောဟန်အင်ပါယာ
၏ဂုဏ်သတင်းက ဆိုးရွားစွာပျက်သွားပါသည်။

လူသားကောရာဇ် နာမည်ပျက်ပြီးနောက်
မြင့်မြတ်သောဟန်အင်ပါယာ လည်း လုံးဝကို
ထိုးကျသွားလေတော့သည်။

လော့ကျန်း ၏နာမည်က တိုက်ကြီး
သမိုင်းတစ်လျှောက်

နာမည်ဆိုးဖြင့်ကျော်ကြားသော ပထမဆုံး
လူသားကေရာဇ် ဖြစ်လာခဲ့သည်။

မရေမတွက်နိုင်သော မျိုးနွယ်စုများနှင့်
ဂိုဏ်းများက မြင့်မြတ်သောဟန်အင်ပါယာနှင့်
၎င်းတို့၏မဟာမိတ်ကို ဖျက်သိမ်းကြောင်း
ကြေညာခဲ့ကြသည်။

ထို့နောက် ၎င်းတို့အားလုံးက
ရှေးဟောင်းဒိုမိန်းမြို့သို့ သံတမန်များ
စေလွှတ်ခဲ့သည်။

"သူတို့ လုပ်ချင်တာကြောင့် မဟုတ်ခဲ့ဘဲ
တခြားရွေးချယ်စရာ မရှိတာကြောင့်ပါ။"
အဘယ်ကြောင့်ဆိုသော် သင်္ချိုင်းစောင့်ဘိုးဘေး
ကလွဲ၍ လူသားကမ္ဘာမှာ
သူတော်စင်တစ်ပိုင်းအဆင့်
တစ်ယောက်ရှိနေသောကြောင့်ပါ။

ဤမျိုးနွယ်စုများနှင့် ဂိုဏ်းအသီးသီးမှ သံတမန်
ကမ်းလှမ်းမှုနှင့် ရင်ဆိုင်ရသောအခါ
တင်းရှောက်ယောင် က
ဂရုတစိုက်စဉ်းစားပြီးနောက်မှသာ
အကြောင်းပြန်သည်။

နောက်ဆုံးတွင် တောင်ပိုင်းနယ်မြေ
၏လမ်းကြောင်းက လူသားကမ္ဘာကို
ဖျက်ဆီးပစ်ရန်မဟုတ်ပေ။
သို့သော် တောင်ပိုင်းနယ်မြေ က ပို၍
အားကောင်းလာချင်ပါက
အင်အားစုအသီးသီးနှင့် ပူးပေါင်းရပေမည်။

သို့မှသာ တောင်ပိုင်းနယ်မြေ ၏အင်အားက
လျင်မြန်စွာ မြင့်တက်လာနိုင်ပါသည်။

သို့သော်လည်း တင်းရှောက်ယောင် က မျိုးနွယ်စုများနှင့် ဂိုဏ်းအချို့ကို ပြင်းဆိုကာ တပ်ဖွဲ့များ စေလွှတ်၍ တိုက်ခိုက်ခဲ့သည်။

အထူးသဖြင့် မြင့်မြတ်သောဟန်အင်ပါယာ ၏စစ်တပ်ကြီး တောင်ပိုင်းနယ်မြေ သို့ ချီတက်လာပြီးနောက် ထိုနေ့မှာပင် ချက်ချင်း ထွက်ခွာသွားခဲ့သည့် မိုကလန် ။

အခက်အခဲများ ရင်ဆိုင်ရချိန်မှာ အဖွဲ့ဝင်များ၊ အပေါင်းအဖော်များအား စွန့်ပစ်တတ်သူများကို မည်သူမျှ သဘောကျ၊ နှစ်သက်မည်မဟုတ်ပေ။

အကယ်၍ သူမ စိတ်အတိုင်းသာဆိုလျှင်
မိုကလန် ကို
ချက်ချင်းဖျက်ဆီးပစ်မည်ဖြစ်သည်။

လက်ရှိတွင် တောင်ပိုင်းနယ်မြေ ၏အင်အားက
ထိုသို့ လုပ်ဆောင်နိုင်ပေသည်။
သို့ရာတွင် ယန်ယွဲ့ နှင့် မိုကလန် ကြား
ဆက်စပ်မှုရှိနေသဖြင့် သူမ စိတ်ထဲ
ယန်ယွဲ့နိုးထလာမှသာ ဆုံးဖြတ်စေလိုသည်။

တင်းရှောက်ယောင် က ဗဟိုနယ်မြေ မှ
အင်အားစုအသီးသီးနှင့် မဟာမိတ်ဖွဲ့ပြီးနောက်
အရင်ဦးဆုံး မင်းမဲ့စရိုက်သမုဒ္ဒရာ သို့
ချီတက်ကာ ၎င်းမှ မျိုးနွယ်စုအားလုံးကို
ရှင်းလင်းပစ်ခဲ့သည်။

မင်းမဲ့စရိုက်သမုဒ္ဒရာ ရှိ အင်အားစုများက
တိတ်ဆိတ်နေပြီး
သေခြင်းတရားရောက်လာမည့်အချိန်ကို
စောင့်ဆိုင်းနေသူများမဟုတ်သော်လည်းတောင်
ပိုင်းနယ်မြေ၏ စစ်တပ်က ၎င်းတို့အပေါ်

ဖိနှိပ်လိုက်သည်နှင့် ခုခံရန် လုံးလုံးလျားလျား စွမ်းအားမရှိခဲ့ပေ။

ဤအချိန်တွင် တောင်ပိုင်းနယ်မြေ၏ အင်အားကမြင့်မြတ်သောဟန်အင်ပါယာကို ထိပ်တိုက်ရင်ဆိုင်ရန် လုံလောက်နေပြီဖြစ်သည်။

မင်းမဲ့စရိုက်သမုဒ္ဒရာကို ထိန်းချုပ်ပြီးသည်နှင့် တောင်ပိုင်းနယ်မြေ၊ ရှေးဟောင်း ဒိုမိန်းမြို့တော်နှင့် မင်းမဲ့စရိုက်သမုဒ္ဒရာ ကို နယ်မြေတစ်ခုတည်းအဖြစ် ပေါင်းစည်းခဲ့သည်။

တစ်ချိန်တည်းမှာပင် တင်းရှောက်ယောင် က တောင်ပိုင်းနယ်မြေ ၏စစ်တပ်ကို ရှေးဟောင်းဒိုမိန်းမြို့ကနေ မင်းမဲ့စရိုက်သမုဒ္ဒရာ သို့ ပြောင်းရွှေ့ခဲ့သည်။

အားလုံးက သူမ၏ရည်ရွယ်ချက်ကို နားလည်လိုက်ကြသည်။

ယန်ယွဲ့ နိုးထလာသည်နှင့် တောင်ပိုင်းနယ်မြေက ဗဟိုနယ်မြေကို တိုက်ခိုက်မည်ဖြစ်ကြောင်း လူတိုင်းကောင်းစွာသိရှိထားကြသည်။

ဤအချိန်တွင် မြင့်မြတ်သောဟန်အင်ပါယာက တောင်ပိုင်းနယ်မြေကို ခုခံနိုင်ပါမည်လော?

…

မြင့်မြတ်သောဟန်အင်ပါယာ၏ အင်ပါယာနန်းတော်။

ဤအချိန်တွင် စစ်ဖက်ဆိုင်ရာအရာရှိများက ကောရာဇ်နှင့် တွေ့ဆုံနေကြသော်လည်း

ခန်းမတစ်ခုလုံးမှာ ထိတ်လန့်တုန်လှုပ်မှုများနှင့် တိတ်ဆိတ်နေကြသည်။

လက်ရှိ ရာဇပလ္လင်ပေါ်တွင် ထိုင်နေသူက လော့ကျန်း မဟုတ်ပေ၊ တစ်ချိန်က ကေရာဇ် နေရာကနေ ဆင်းပေးခဲ့ရသည့် ကေရာဇ်ဟန် ဖြစ်သည်။

"စစ်ပွဲ ဒါမှမဟုတ် ပြန်လည်သင့်မြတ်ရေး?"ကေရာဇ် ဟန်၏ အသံက ရုတ်ချည်း ပဲ့တင်ထပ်သွားပြီးနောက်

ဤနေရာရှိ လူအားလုံး၏ ခန္ဓာကိုယ်များသည်
တုန်လှုပ်၍ မနေနိုင်တော့ပေ။

ကေရာဇ်ဟန် ၏ ဂုဏ်သိက္ခာနှင့် စွမ်းအားက
လော့ကျန်း ထက် အဆပေါင်းများစွာ
သာလွန်နေသည်မှာ သိသာလှသည်။

သို့သော် သူ၏ ဂုဏ်သိက္ခာနှင့် စွမ်းအားက
မည်မျှပင် ကြီးမြတ်သည်ဖြစ်စေ
သူတော်စင်တစ်ပိုင်းအဆင့် လော့ဒေါင် ကို
ဆန့်ကျင်နိုင်စွမ်းမရှိခဲ့ပေ။

ဤအချိန်တွင် လော့ဒေါင် သေဆုံးပြီးနောက်
မြင့်မြတ်သောဟန်အင်ပါယာက
သူတော်စင်တစ်ပိုင်းအဆင့် မရှိတော့ပါ။

သို့သော်လည်း လက်ရှိတွင်
မြင့်မြတ်သောဟန်အင်ပါယာက ရွေးချယ်စရာ
များများစားစားမရှိချေ။
"စစ်ပွဲ သို့မဟုတ် ပြန်လည်သင့်မြတ်ရေး"
ထိုဆုံးဖြတ်ချက်က တောင်ပိုင်းနယ်မြေ၏
လက်ထဲတွင်သာ ရှိသည်။

"ဟုတ်ပါတယ် စစ်ပွဲ!" ထိုအချိန်တွင် ခန်းမအပြင်ဖက်မှ အသံတစ်ခု ထွက်ပေါ်လာပြီးနောက် လူတိုင်းရှေ့မှာ အမျိုးသားနှင့်အမျိုးသမီးတစ်ဦး ပေါ်လာသည်။

ထိုလူနှစ်ဦးက မြင့်မြတ်နယ်မြေ၏အဖွဲ့ဝင်များဖြစ်သောကြောင့် ၎င်းတို့ကို သတိပြုမိသောအခါတွင် လူတိုင်း၏အမူအရာများ အနည်းငယ်ပြောင်းလဲသွားသည်။

အမှန်စင်စစ် ဤစစ်ဖက်ဆိုင်ရာအရာရှိများနှင့် ကောရာဇ်ဟန် ကိုယ်တိုင်ပင် မြင့်မြတ်နယ်မြေကို လုံး၀ အထင်အကြီးပေ။

အဘယ်ကြောင့်ဆိုသော် မြင့်မြတ်နယ်မြေကသာ ထိုကိစ္စကို လုပ်ဆောင်ခြင်းမရှိပါက မြင့်မြတ်သောဟန်အင်ပါယာက ဆိုးဆိုးရွားရွားကျဆင်းသွားလိမ့်မည်မဟုတ်ပေ။

မကျေမနပ်ဖြစ်နေသည့်တိုင် ထုတ်ဖော်မပြရဲကြချေ။

ဆန့်ကျင်ဖက်အားဖြင့်
မြင့်မြတ်သောဟန်အင်ပါယာက
အကူအညီမဲ့နေချိန်မှာ အနည်းဆုံး
အထောက်အပံ့အချို့ရှိ၍ အားလုံး
သက်ပြင်းချနိုင်ခဲ့သည်။

ကေရာဇ်ဟန်က စုံတွဲ ကို
တစ်ချက်ကြည့်လိုက်ပြီး “လူ ၃ ယောက်
လာမယ်လို့ သတင်းရထားတယ်။ ဘာလို့
မင်းတို့၂ယောက်ပဲရှိနေတာလဲ"

ထိုလူက ကေရာ့ဇ်ဟန်ကို
အနည်းငယ်ဦးညွှတ်ပြီး “ကျွန်းယွင်က
ကေရာ့ဇ်ဟန်ကို နှုတ်ဆက်ပါတယ်။
ကေရာ့ဇ်ဟန် ရဲ့မေးခွန်းကို ဖြေဖို့၊
ငါ့ရဲ့စီနီယာအစ်ကိုက တိုက်ပွဲကို
အမြဲတောင့်တနေသူလေ။ ဒီအချိန်မှာ သူက
ဆန်းကြယ်တိုက်ကြီး ရဲ့သိုင်းကေရာ့ဇ် တွေကို
စိန်ခေါ် ဖို့ ထွက်သွားပြီ။ကျေးဇူးပြုလို့ သူ ဒီမှာ
မရှိတာကို ခွင့်လွှတ်ပါ။"

"မင်းရဲ့ စီနီယာအစ်ကိုက သိုင်းကျောင်း လား?" အရာရှိတစ်ယောက်က ရုတ်တရက် ထမေးလိုက်သည်။

ကျန်းယွင် က ခေါင်းယမ်းကာ ပြုံးလိုက်သည်။ "သူက အဆင့် ၈ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ပဲ !"

ခန်းမထဲမှ လူတိုင်း ထိတ်လန့်သွားကြသည်။ တစ်ယောက်က " အဆင့် ၈ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် က သိုင်းကျောင်းတွေကို စိန်ခေါ်ဖို့ သွားခဲ့တာ....?”

"ဘယ်လို တုံးအတာလဲ!" ထိုအချိန်တွင် ကျန်းယွင် ဖက်မှ အမျိုးသမီးက အေးစက်စွာ ရယ်မောကာ

"ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေက သိုင်းကျေရာဇ်တွေကို စိန်ခေါ် ဖို့ မဖြစ်နိုင်ဘူး။ ဒီလိုလူမျိုး ဆန်းကြယ်တိုက်ကြီးမှာ မပေါ်သေးတာက ဒီနေရာမှာ စစ်မှန်တဲ့ ပညာရှင် မရှိလို့ပဲ။ သိုင်းကျေရာဇ်ကို စိန်ခေါ်တိုက်ခိုက်တာ မပြောနဲ့၊ ချီးမြှောက်ခြင်းနယ်ပယ်အဆင့်နဲ့ သိုင်းကျေရာဇ်

ကို အဆင့်ကျော်သတ်နိုင်တာ
ငါ့မြင့်မြတ်နယ်မြေမှာ အများကြီးပဲ။"

"ကျန်းလင်! မင်းရဲ့အမူအကျင့်ကို ဂရုစိုက်ပါ!"
ကျန်းယွင် က "ငါတို့က
ဝက်ပါသခင်တွေဖြစ်ပေမဲ့
ကျင့်ကြံသူတွေဖြစ်နေတုန်းပဲ။ ဒါကြောင့်
ငါတို့ရဲ့ပြိုင်ဖက်ကို လျှော့မတွက်သင့်ဘူး။
ကျူးဒန်ဖုန်း နဲ့ ယောင်ယဲ့ က ဘာကြောင့်
ဆန်းကြယ်တိုက်ကြီးမှာသေဆုံးသွားတာလဲ?
အကြီးမားဆုံး အကြောင်းရင်းကတော့
ဒီတိုက်ကြီးရဲ့ကျင့်ကြံသူတွေကို

လျှော့တွက်ထားလို့ပဲလို့ အခိုင်အမာ
ယုံကြည်ပါတယ်။”

၇၀၄

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၀၄ - ထိပ်တိုက်ရင်ဆိုင်တွေ့ပြီ

ကျန်းယွင် က ခေါင်းယမ်းလိုက်ပြီး
ကေရာဇ်ဟန်ကို စိုက်ကြည့်ရင်း "ကေရာဇ်ဟန်၊

ငါ့ရဲ့မြင့်မြတ်နယ်မြေက ယန်ယဲ့ ရဲ့ဆရာ နဲ့
သဘောတူညီချက်ကို မချိုးဖျက်ဘူး။
ဒီတိုက်ကြီး ရဲ့
သူတော်စင်တစ်ပိုင်းအဆင့်တွေအတွက်
အစီအစဉ်တွေ လုပ်ထားတယ်။

သိုင်းကေရာဇ်တွေ ဝင်ပြီး
စွက်ဖက်လို့မရဘူး။ဒါကြောင့် ငါတို့ ၃
ယောက်ဟာ တောင်ပိုင်းနယ်မြေရဲ့စစ်တပ်နဲ့
ရင်ဆိုင်တဲ့အခါ
မြင့်မြတ်သောဟန်အင်ပါယာကို ကူညီပေးဖို့
ရည်ရွယ်ချက်နဲ့ ဒီနေ့ပဲ

ဆန်းကြယ်တိုက်ကြီးဆီကို အဓိက
လာခဲ့ကြတာပါ။"

"မင်းတို့ ၃ယောက်ပဲလား?" ကေရာဇ်ဟန် က
မြင့်မြတ်နယ်မြေ အား  အလွန်မနှစ်သက်သလို
ခံစားရချိန်တွင် အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။

"သူတို့က လုံလောက်တဲ့ ဆုံးရှုံးမှုကို
မခံစားကြရသေးလို့ ဖြစ်နိုင်မလား။ အဲဒီလူ
ယန်ယွဲ့ကို အခုထိ
လျှော့တွက်နေသေးတာလား။"

ကျန်းယွင် က ပြုံးပြီး "ငါတို့ မြင့်မြတ်သောဟန်အင်ပါယာရဲ့အကူအညီကို လိုတယ်။"

ကေရာဇ်ဟန် က "မင်းရဲ့အစွမ်းအစတွေကို ငါမယုံတာမဟုတ်ဘူး၊ ဒါပေမဲ့ ယန်ယွဲ့ က သာမန် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် မဟုတ်ဘူးဆိုတာတော့ မင်းတို့ သိထားသင့်တယ်။ သူက  မင်းရဲ့ မြင့်မြတ်နယ်မြေမှာ ရှိရင်တောင် အကောင်းဆုံးတွေထဲက တစ်ယောက်ဖြစ်မယ်လို့ ငါယုံကြည်တယ်။

ဒါ့အပြင် လက်ရှိမှာ တောင်ပိုင်းနယ်မြေရဲ့
စစ်တပ်အင်အားက ငါ့အင်ပါယာထက်
အများကြီးသာနေလို့ တောင်ပိုင်းနယ်မြေသာ
စပြီးတိုက်ခိုက်လာရင် ငါတို့က
ခုခံနိုင်စွမ်းမရှိနိုင်တော့ဘူး။”

ကျန်းယွင် က ပြုံးပြီး "စိတ်မပူပါနဲ့
ကေရာဇ်ဟာန်။ယန်ယဲ့ ကို စီနီယာအစ်ကိုနဲ့
ရင်ဆိုင်ခိုင်းလိုက်မယ်။ တောင်ပိုင်းနယ်မြေ
စစ်တပ် ကိုတော့ ငါတို့၂ယောက်အတွက်
ထားလိုက်ပါ။ ဟုတ်ပါတယ်၊

မြင့်မြတ်သောဟန်အင်ပါယာရဲ့
ပံ့ပိုးကူညီမှုတော့လိုအပ်တယ်။"

ကေရာဇ်ဟန်က သူ့ရှေ့မှ လူငယ်နှစ်ဦးကို
စူးစိုက်ကြည့်ကာ "မင်းတို့နှစ်ယောက်စလုံးက
အဆင့် ၇ ချိုးမြှောက်ခြင်းနယ်ပယ် မှာပဲ
ရှိသေးတာမဟုတ်လား။ တောင်ပိုင်းနယ်မြေရဲ့
စစ်တပ်ကို ရင်ဆိုင်ဖို့ မင်းကို
ဘယ်အရာကယုံကြည်မှုပေးသလဲ။ မင်းတို့၂
ယောက်ကို ယုံချင်ပေမယ့် ငါ့အင်ပါယာထဲက
သန်းချီတဲ့ စစ်သည်တွေရဲ့ ကံကြမ္မာနဲ့

ဆက်နွယ်နေတာမို့ သတိထားပြီး
လုပ်ဆောင်ရပါမယ်။"

"ဟမ်!" ကျန်းလင် က အေးစက်စွာ
အော်လိုက်ပြီး အလံငယ် ၃ ချောင်းကို ထုတ်ကာ
ခန်းမထဲ ပေါ့ပေါ့ဆဆ ပစ်လိုက်သည်။

အလံငယ် ၃ ချောင်း က ခန်းမ ၏ထောင့် ၃
ထောင့်သို့ စိုက်နေပြီးနောက် ကျန်းလင် က
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၃ လုံးကို
ထုတ်ယူကာ တူညီသောထောင့်သို့
ပစ်ထည့်ခိုက်သည်။

စွမ်းအင်ကျောက်တုံးများ စတင်လောင်ကျွမ်းသည်နှင့် လူတိုင်း၏မျက်စိရှေ့မှ ကမ္ဘာကြီးကချက်ချင်းပင်ပြောင်းလဲသွားတော့သည်။

မီးတောက်များနှင့် ချော်ရည်ကမ္ဘာတစ်ခု သူတို့ရှေ့တွင် ပေါ်လာသည်။ ထို့အပြင်၊ မီးတောက်များနှင့် ချော်ရည်များမှထွက်လာသော အပူရှိန်က အလွန်လက်တွေ့ကျပြီး လူအားလုံး

ထိတ်လန့်စွာ အော်ဟစ်လိုက်သည့်အထိ
လက်တွေ့ကျပါသည်။

ကေရာဇ်ဟန် က မီးတောက်များနှင့်
ချော်ရည်များကို ငေးကြည့်ရင်း မျက်နှာပေါ်တွင်
အနည်းငယ် လေးနက်သော အမူအရာ
ရှိနေပါသည်။

အဆင့် ၉ သိုင်းကေရာဇ် ဖြစ်သည့်
သူကိုယ်တိုင်ပင် အစပိုင်းမှာ
ဤပုံရိပ်ယောင်ဝင်္က်ပါ ၏ ချို့ယွင်းချက်နှင့်

အမှန်တရားကို အမှန်တကယ်
မမြင်နိုင်သောကြောင့် ဖြစ်သည်။

သူ့စိတ်ထဲ မြင့်မြတ်နယ်မြေ ကို
မနှစ်သက်သော်လည်း ၎င်းက
အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်း
ဝန်ခံရမည်။

ကံမကောင်းစွာဖြင့် မြင့်မြတ်နယ်မြေ ၏
သူတော်စင်တစ်ပိုင်းအဆင့် များက
အလွယ်တကူထွက်လာနိုင်ခြင်းမရှိပေ။

ထိုသို့မဟုတ်လျှင် တောင်ပိုင်းနယ်မြေကို

အသာလေး ဖျက်ဆီးပစ်နိုင်ပေမည်။

ကျန်းယွင် က သူ့လက်ကို

ဝှေ့ယမ်းလိုက်သည်နှင့် ဤနေရာသည်

ချက်ချင်းပင် ပုံမှန်ပြန်ဖြစ်သွားသည်။

ကျန်းယွင် က ဆက်ပြောလိုက်၏။ "ငါတို့ က

အဆင့် ၇

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေပဲဆိုပေမဲ့

ငါတို့က ဝက်ပါသခင် တွေလေ။

ငါတို့ရဲ့ဝက်ပါစွမ်းရည်က မြင့်မြတ်နယ်မြေမှာ

အကောင်းဆုံးမဟုတ်ပေမဲ့

ဆန်းကြယ်တိုက်ကြီး ရဲ့သိုင်းကျောဇ်တွေ

ကလွဲရင်

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေက

လုံးဝဖြေရှင်းနိုင်စွမ်းမရှိဘူးဆိုတာ ငါ

သေချာပေါက် ယုံတယ်။

ငါတို့ အချိန်နည်းနည်း ပေးလိုက်ရင်

မင်းမဲ့စရိုက်သမုဒ္ဒရာမှာ ထူးခြားတဲ့

ဝက်ပါအစီအရင်ကြီးတစ်ခု ဖန်တီးနိုင်မှာပါ။"

"ယန်ယဲ့ က ဉာဏ်အလင်းရခြားနှလုံးသားကို

ပိုင်ဆိုင်ထားတယ်။ မင်းရဲ့

ပုံရိပ်ယောင်ဝက်ပါအစီအရင်က သူ့အတွက်

အသုံးမဝင်ဘူး!" ကေရာဇ်ဟန် က
အသံတိုးတိုးဖြင့် ပြောသည်။

ကျန်းလင် က အနည်းငယ် မကျေမနပ်ဖြင့်
ပြောသည် " ငါ့အစ်ကို အခုလေးတင်
မပြောဘူးလား ? ငါတို့ရဲ့စီနီယာအစ်ကို ရီရှဲ့က
ယန်ယဲ့ နဲ့ ရင်ဆိုင်လိမ့်မယ်။ ငါတို့အလုပ်က
ယန်ယဲ့ ကို တိုက်ခိုက်ဖို့မဟုတ်ဘူး၊
မင်းရဲ့စစ်တပ်က
တောင်ပိုင်းနယ်မြေရဲ့စစ်တပ်ကို
တိုက်ခိုက်တဲ့နေရာမှာကူညီပေးဖို့ပဲ။"

ကျန်းယွင် က "ကေရာဇ်ဟန်! ကေရာဇ် စိုးရိမ်နေတာတွေကို ငါသိပါတယ်။ မင်းရဲ့စိုးရိမ်မှုတွေကို ငါနားလည်းလည်ပါတယ်။ နောက်ဆုံးအခေါက်မှာ ငါတို့ မြင့်မြတ်နယ်မြေ က ယန်ယဲ့ အတွက်နဲ့ ပါရမီရှင်တွေ အများကြီး ဆုံးရှုံးလိုက်ရတယ်လေ။

ဒါပေမဲ့ ယန်ယဲ့ က ငါ့ရဲ့စီနီယာအစ်ကို ကိုတော့ အနိုင်ယူဖို့ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် ကေရာဇ်ဟန် က ဒီကိစ္စနဲ့ပတ်သက်ရင် စိတ်ပူစရာမလိုဘူးလို့ ငါထင်ပါတယ်။ သူက အဲဒီလျှို့ဝှက်နည်းလမ်းကို

အစွမ်းကုန်ထုတ်မသုံးရဲဘူးဆိုတာ
သေချာပါတယ်။

သူက အဲလိုလုပ်ရဲမှာမဟုတ်ဘူး။
ဘာကြောင့်လဲဆိုတော့ သူက တိုက်ပွဲမှာ
အနိုင်ရရင်တောင် သူ့ရဲ့ကျင့်ကြံမှုက
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ထိ
ကျသွားမှာလေ။"

ကေရာဇ်ဟန် က တစ်စုံတစ်ခုပြောရန်
ရည်ရွယ်သော်လည်း သူ့ရှေ့ရှိနေရာက
ရုတ်တရက် အနည်းငယ်တုန်ခါသွားပြီးနောက်

များပြားလှသော သတင်းအချက်အလက်များ သူ့စိတ်ထဲသို့ ဝင်ရောက်လာခဲ့သည်။

ခဏအကြာတွင် သူ့မျက်လုံးများက အနည်းငယ်ကျဉ်းမြောင်းသွားပြီး ကျန်းယွင် နှင့် ကျန်းလင် တို့ကို ထိတ်လန့်စွာကြည့်ကာ "မင်းတို့ရဲ့စီနီယာအစ်ကို က မိုရီရှုံ့ လို့ခေါ်သလား?

ကျန်းယွင် က ခေါင်းညိတ်ပြီး ပြောသည် " ငါ့ရဲ့ စီနီယာအစ်ကိုကြီး အကြောင်း သတင်းရလို့လား ?"

ကေရာဇ်ဟန် က ခေါင်းညိတ်ပြီး ပြောသည် "သူ့ကိုယ်သူ မိုရီရှဲ့လို့ ခေါ်တဲ့ လူတစ်ယောက်ဟာ လွန်ခဲ့တဲ့ (၄) နာရီတုန်းက မွေးဖွားခြင်းဂိုဏ်း ကို ရောက်လာပြီး အဲဒီဂိုဏ်းရဲ့အဆင့် ၂ သိုင်းကေရာဇ် ကို စိန်ခေါ် ခဲ့တယ်။ အဲဒီ အကြီးအကဲက တစ်နာရီမပြည့်ခင်မှာ အရှုံးကို ဝန်ခံလိုက်ရတယ်။

ပြီးတော့ လွန်ခဲ့တဲ့ ၁ နာရီက အဆုံးမဲ့ဂိုဏ်းကို ရောက်လာတယ်။ အဲမှာလည်း အတူတူပဲ အဆုံးမဲ့ဂိုဏ်း ရဲ့သိုင်းကေရာဇ် က အရှုံးကို ဝန်ခံခဲ့တယ်။

သန့်စင်မြစ်ဂိုဏ်း မှာလည်း အတူတူပဲ။
အခုတော့ သူက တောင်ပိုင်း နယ်မြေကို
သွားနေတယ်…”

……..

မင်းမဲ့စရိုက် သမုဒ္ဒရာ။

ဤအခိုက်အတန့်တွင် တင်းရှောက်ယောင် နှင့်
တောင်ပိုင်းနယ်မြေ၏စစ်တပ်က
၎င်းတို့မျက်နှာပေါ်တွင်

လေးလံသောအမူအရာဖြင့် ရှေ့တည့်တည့်ကို စူးစိုက်ကြည့်နေကြသည်။

၎င်းတို့ရှေ့မှာ လူငယ်လေးတစ်ယောက် ရပ်နေခြင်းဖြစ်သည်။

လူငယ်က အပြာတစ်ဝက်အဖြူးတစ်ဝက်ဝတ်ရုံရှည်ကို ဝတ်ဆင်ထား၏။

သူ့ဘယ်ဖက်ရင်ဘတ်မှာ သေးငယ်သော '圣' စာလုံးကို ရေးထိုးထားသည်။

လူငယ်က အသက် ၂၀ ဝန်းကျင်သာရှိပုံရ၏။
သူ့ပါးစပ်ထောင့်က လိမ္မာပါးနပ်သော
အပြုံးတစ်ခု ချိတ်ဆွဲနေကာ အမည်မသိ
မြက်ပင်တစ်ပင်ကို ဝါးစားနေလေသည်။
သူ့ခါးမှာ ဆွဲထားသော မြင်းမြီးယပ်နှင့် တွဲလျက်
လူငယ်လေး၏ အသွင်အပြင်က ပို၍ပင်
ရိုင်းစိုင်းနေပုံရသည်။

“နင်က မြင့်မြတ်နယ်မြေ ရဲ့
ပါရမီရှင်တစ်ယောက်လို့ ငါထင်တယ်။
ခန့်မှန်းကြည့်ရအောင်၊ မြင့်မြတ်နယ်မြေမှာ
နင့်ရဲ့အဆင့်သတ်မှတ်ချက်က ယောင်ယဲ့ ထက်

သာလွန်နေတာဖြစ်ရမယ်။ မှန်ရဲ့လား?"
တင်းရှောက်ယောင် က ပြောလိုက်သည်။

လူငယ်လေးက ပြုံးပြရင်း မြက်ပင်ကို ထွေးထုတ်လိုက်ကာ "မင်းပြောတာ မှန်တယ်။ ကံမကောင်းစွာပဲ၊ အဲဒါအတွက် ဘာဆုလာဘ်မှ မရှိဘူး။"

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၀၅ - စစ်သဘော်များ

တင်းရှောက်ယောင် က

ပြုံးပြီးပြန်ပြောလိုက်သည်။ "တကယ်တော့

ငါနားမလည်ဘူး။ နင်၊ ကျူးဒန်ဖုန်း နဲ့ ယောင်ယဲ့

တို့က မြင့်မြတ်နယ်မြေမှာ

အထူးချွန်ဆုံးပါရမီရှင်တွေမဟုတ်တာကို

ဘယ်လိုကြောင့်များ

ဒီလိုအားနည်းအဲ့အခြေအနေကစပြီး

စေလွှတ်ရတာလဲ? နင်တို့ အစကတည်းက

အစွမ်းထက်ပညာရှင်ကိုစေလွှတ်ခဲ့မယ်ဆိုရင်

ကျူးဒန်ဖုန်း နဲ့ ယောင်ယဲ့ တို့ နှစ်ယောက်လုံး သေဖို့မလိုဘူးလို့ ငါထင်တယ်!”

"အခွံမာသီးကို ခွဲဖို့ လေးထောင့်တူတူကို သုံးသလား" လူငယ်က ပြုံးပြီး "ပထမဆုံးအနေနဲ့ ယန်ယဲ့ ဟာ ကျူးဒန်ဖုန်း နဲ့ ယောင်ယဲ့ ကို သတ်နိုင်တဲ့အတွက် ထူးချွန်သူလို့သတ်မှတ်နိုင်တယ်။သူက ငါ့မြင့်မြတ်နယ်မြေက လူငယ်မျိုးဆက်တွေနဲ့ ယှဉ်ရင်တောင် ထိပ်ဆုံးရောက်နေဦးမှာပဲ။

ဒါပေမဲ့ သူက သူပဲလေ။ တစ်ခုတော့ ပြောပြလိုက်ပါမယ်။ မြင့်မြတ်အဆင့်ရဲ့ထိပ်ဆုံး

၅ ယောက်ကို ယန်ယဲ့ ကို လုံး၀ အာရုံမထားဘူး။ နားလည်ရဲ့လား?"

"မာနထောင်လွှားတာက သေခြင်းတရားကိုပဲ ရနိုင်တယ်။" တင်းရှောက်ယောင် က ပြောလိုက်ပါသည်။

လူငယ်က ခေါင်းညိတ်ပြရင်း ပြုံးကာ "အဲဒါကို ငါလည်း တကယ် သဘောတူပါတယ်။ ဒါပေမဲ့ မင်းမှားတယ်လို့ ငါပြောရမယ်။ သူတို့ရဲ့ မောက်မာမှုတွေနဲ့ ခွန်အားက

ကျောထောက်နောက်ခံနဲ့

ဒီလိုခွန်အားပိုင်ဆိုင်ထားလို့လေ။

တကယ်တော့ မင်းရဲ့တောင်ပိုင်းနယ်မြေက ငါ့ရဲ့

မြင့်မြတ်နယ်မြေ ကို ဆန့်ကျင်လိုက်တဲ့

ဆုံးဖြတ်ချက်က တကယ်ကို မိုက်မဲလွန်းတယ်။

မြင့်မြတ်နယ်မြေ က တိုက်ကြီးကို

မပျက်စီးစေချင်တာက နယ်ခြားမိစ္ဆာတွေ နဲ့

ရင်ဆိုင်ရဦးမှာမို့လို့ပဲ။

တကယ်လို့ နယ်ခြားမိစ္ဆာတွေသာ မရှိရင်

မင်းတို့အပါအဝင် အဲဒီ

သူတော်စင်တစ်ပိုင်းအဆင့် က အသာလေး

ပျက်စီးသွားမှာ။"

"ဒါပေမယ့် အဖြစ်မှန်က မြင့်မြတ်နယ်မြေ က သူ့ရဲ့အဖွဲ့ဝင်အားလုံးကို လက်တွေ့ကျကျ ဆုံးရှုံးသွားခဲ့တာပဲမဟုတ်လား?" တင်းရှောက်ယောင် က အပြုံးနှင့် တုံ့ပြန်ခဲ့သည်။

လူငယ်က ရယ်ရယ်မောမောနဲ့ “အဲဒါတွေ အားလုံးကို မပြောတော့ဘူး။ အနာဂတ်မှာ မြင့်မြတ်နယ်မြေ ရဲ့စစ်မှန်တဲ့ခွန်အားနဲ့ စွမ်းရာ်တွေကို မင်းတို့ သေချာပေါက် မြင်ရလိမ့်မယ်။

အခု ဒီအကြောင်းကို ထပ်ပြောရင် ငါက ချဲ့ကားပြီး အားလုံးကို ကြောက်အောင် ခြောက်နေတယ်လို့ မင်းထင်လိမ့်မယ်။ လာပါ၊ ယန်ယဲ့ ကို သူ့ကိုယ်သူ ပြပြီး ငါနဲ့ တိုက်ခိုက်ခိုင်းပါ။ ငါရှုံးရင် ချက်ချင်းထွက် သွားမယ်။"

တင်းရှောက်ယောင် က အနည်းငယ် အံ့အားသင့်သွားပြီး "နင့်ရဲ့အောင်ပွဲအတွက် ယုံကြည်မှုရှိတယ်လို့ ငါထင်ခဲ့တယ်။ ဒါပေမဲ့ နင်ရှုံးရင် ဒီကနေ ထွက်သွားနိုင်မယ်လို့ တကယ်ထင်လား။"

လူငယ်က ပခုံးတွန့်ကာပြောသည် “ငါက ယန်ယဲ့ ကို စိန်ခေါ်တာက သေခြင်း၊ရှင်ခြင်း တိုက်ခိုက်ဖို့ မဟုတ်ဘူး။ ငါက မြင့်မြတ်နယ်မြေရဲ့အဖွဲ့ဝင်ဖြစ်ပေမယ်လို့ ဒီလိုအရာအတွက်နဲ့ ကိုယ့်အသက်ကို စတေးဖို့စိတ်မဝင်စားဘူး။ ဒါက တကယ်ကို လူမိုက်တွေလုပ်တဲ့ အရာမျိုးလေ။ ယန်ယဲ့ မှာအရည်အချင်းရှိရင် တကယ်လို့သူရှုံးရင်တောင် အသက်ရှင်နိုင်မှာပါ။

ဒါပေမဲ့ တောင်ပိုင်းနယ်မြေက ဒုက္ခရောက်မှာတော့သေချာတယ်။

ညာဏ်အလင်းရောင်နှလုံးသားကို ပိုင်ဆိုင်ထားတဲ့
ဓားအင်ပါယာ ကလွဲလို့ သိုင်းလောကရဲ့အဆင့်
အောက်မှာ ငါ့ဂျူနီယာမောင်နှမတွေရဲ့
ဝက်ပါအစီအရင်ကို ကိုင်တွယ်ဖြေရှင်းနိုင်တဲ့သူ
မရှိနိုင်လို့ပဲ။”

"နင်တစ်ယောက်တည်းလာတာမဟုတ်ဘူး!"
တင်းရှောက်ယောင် က မျက်လုံးများ
မှေးကျဉ်းကာ အသံတိုးတိုးဖြင့်
ပြောလိုက်သည်။

"ဒါပေါ့!" လူငယ်က “ငါက ယန်ယဲ့နဲ့ ယှဉ်ပြိုင်ဖို့ ဒီကိုလာတာလေ။ ဒီတော့ စစ်တပ်ကို ကိုင်တွယ်ဖို့ အဖော်တချို့ခေါ်လာခဲ့တယ်။ ကောင်းပြီ၊ အပိုစကားတွေရပ်ပြီး ယန်ယဲ့ ကို သူ့ကိုယ်သူပြဖို့ ဖိတ်ခေါ်လိုက်ရအောင်။ ဒီ ဓားအင်ပါယာ က ဘယ်လိုလူအမျိုးအစားလဲဆိုတာ ငါတကယ်သိချင်တယ်။ တကယ်တော့ သူက မြင့်မြတ်နယ်မြေ ကို လစ်လျူရှုပြီး မြေပြင် ဓားအဖွဲ့နဲ့ ဆေဘာအဖွဲ့ကိုတောင် ဖျက်ဆီးပစ်ခဲ့တယ်။"

တင်းရှောက်ယောင် က တိတ်ဆိတ်သွားသည်။

ယန်ယွဲ့ က နိုးထလာခြင်းမရှိသေးပေ။
ထို့ကြောင့် လူငယ် နှင့်
မည်သို့တိုက်ခိုက်နိုင်မည်နည်း။

တစ်ဖက်တွင် အလောင်းကောင်ဘိုးဘေး
ကလည်း ဒဏ်ရာများ ကုသနေဆဲပင်ရှိသေး၏။
ထို့ကြောင့် တောင်ပိုင်းနယ်မြေရှိ မည်သူမဆို
ဤလူငယ်အား ရင်ဆိုင်နိုင်မည်မဟုတ်ပေ။

"ယန်ယွဲ့ ဟာ အဲဒီနေ့တုန်းက သူ့ရဲ့ခွန်အားကို
အကန့်အသတ်ကျော်ပြီး မြှင့်တင်လိုက်လို့

ဒဏ်ရာမသက်သာသေးတာများလား?" လူငယ်က ရုတ်တရက် ထူးဆန်းသည့် အပြုံးကို ထုတ်ဖော်ပြီး "ဒီလိုဆိုရင် ငါ လုံး၀ တောင့်ခံမှာ မဟုတ်ဘူး။ မင်းရဲ့စစ်တပ်ကို ငါကိုယ်တိုင်မဖျက်ဆီးနိုင်ပေမယ့် ငါပြန်မသွားခင်မှာ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ဒါဇင်အနည်းငယ်တော့ သတ်ပစ်နိုင်တယ်။"

ဘုန်း!

ရုတ်တရက်ဆိုသလိုပင် မင်းမဲ့စရိုက်သမုဒ္ဒရာ ၏တစ်ဖက်ခြမ်းကနေ တောင်ကုန်းများကဲ့သို့ စစ်သင်္ဘော ၁၀၀ ကျော် ပေါ်လာခဲ့လေသည်။

အားလုံးက သင်္ဘောများ နှင့် ပုံသဏ္ဍာန်တူသော်လည်း ရှေ့တည့်တည့်မှာ အနက်ရောင်အမြောက်ကြီးတစ်ခုစီ ပါရှိသောကြောင့် သာမန်သင်္ဘောများနှင့် အနည်းငယ် ကွာခြားနေပါသည်။

ဤမြင်ကွင်းကို မြင်လိုက်သည့်အခါ အားလုံးက အံ့အားသင့်သွားကြလေသည်။

"အဲဒါတွေက အမြော်က်သဘော်ာတွေ ပဲ။
"တင်းရှောက်ယောင် က မျက်လုံးများ ကျဉ်းမြောင်းလာပြီး "မြင့်မြတ်နယ်မြေ က အမြော်က်သဘော်ာတွေကို တကယ်စေလွှတ်လိုက်မယ်လို့ ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး…။"

အမြော်က်သဘော်ာများ နှင့် သာမန်သဘော်ာများ နှစ်မျိုးစလုံးက ရှေးဟောင်းခေတ်ဦး ၏ရတနာများဖြစ်သည်။

သို့ရာတွင် ကွာခြားချက်မှာ
သာမန်သဘော်များက အမြှောက်သဘော်များ
ပိုင်ဆိုင်ထားသည့် စွမ်းအားနှင့် စွမ်းရည်ကို
နှိုင်းယှဉ်၍မရပေ။

ဤအခိုက်အတန့်ကဲ့သို့ပင်
အမြှောက်သဘော်များက လူထောင်နှင့်ချီကို
တင်ဆောင်နိုင်သော်လည်း
သာမန်သဘော်များက ထိုသို့
လုပ်ဆောင်နိုင်စွမ်းမရှိပေ။

ထိုထက်ပို၍ အရေးကြီးသည်မှာ
အမြှောက်သဘော်များက သိုင်းကေရာဇ်
များကို ပင် ခြိမ်းခြောက်နိုင်သည့်
စွမ်းအင်အမြှောက်များ
တပ်ဆင်ထားခြင်းပင်ဖြစ်သည်။

၎င်းသည် သာမန်သဘော်များ
တိုက်ခိုက်ရေးအစီအရင်ကဲ့သို့ပင်ဖြစ်သော်လ
ည်း အမြှောက်သဘော်များ
၏တိုက်ခိုက်ရေးစွမ်းအားက
သာမန်သဘော်များ
ယှဉ်နိုင်သောအရာမဟုတ်ချေ။

တင်းရှောက်ယောင် လည်း မြင့်မြတ်နယ်မြေ က ထိုသို့သော စစ်သင်္ဘောများ စေလွှတ်လိုက်မည်ဟု မထင်ထားပေ။ ထို့အပြင် မြင့်မြတ်နယ်မြေ က စစ်သင်္ဘော ၁၀၀ ကျော်ပါ စေလွှတ်ခဲ့၏။

"သူတို့က အရမ်းမြန်တယ်!" လူငယ်က စစ်သင်္ဘောများကိုကြည့်ရင်း ရယ်မောလိုက်သည်။ “ယန်ယွဲ့ သူ့ကိုယ်သူ ပြတာဖြစ်ဖြစ် ပုန်းအောင်းနေတာပဲဖြစ်ဖြစ် ကြည့်ရတာ ကိစ္စမရှိတော့ဘူးပဲ။

ဘာလို့လဲဆိုတော့ ငါ့တာဝန်က သူ့ကို ယာယီတားဆီးထားဖို့ပဲလိုတယ်။ တောင်ပိုင်းနယ်မြေ ရဲ့စစ်တပ်က ဒီ အမြှောက်သဘော်တွေရဲ့ တိုက်ခိုက်မှုကို ခုခံနိုင်မယ်ထင်ဘူး။ သနားစရာပဲ! သူတို့ရှေ့မှာ ငါဒီကို လာရတဲ့အကြောင်းရင်းက ယန်ယဲ့ နဲ့ တရားမျှတတဲ့ တိုက်ပွဲတစ်ခု ရင်ဆိုင်ချင်လို့ပါ။ ဒါပေမဲ့ ငါ့ဂျူနီယာညီငယ်၊ ညီမနဲ့ မြင့်မြတ်သောဟန်အင်ပါယာင ဒီလောက် မြန်မြန်ဆန်ဆန် လုပ်ဆောင်လိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မမျှော်လင့်ထားပါဘူး။"

"ရှောက်ယောင်! ငါတို့ဘာလုပ်သင့်လဲ"
ဤအချိန်မှာ တင်းရှောက်ယောင် ဘေးတွင်
ရပ်နေသည့် လုကျန်းယောင် က
မေးလိုက်သည်။

တင်းရှောက်ယောင် က စကားပြန်မပြောဘဲ
နီးကပ်လာသည့် အမြှောက်သဘော်များ ကို
ငေးစိုက်ကြည့်နေရင်း သူမ၏ လက်သီးများကို
တင်းတင်းဆုပ်ထားကာ မျက်နှာပေါ်တွင်
လေးနက်သော အမူအရာ ရှိနေသည်။

ရုတ်တရက် သူမ စိတ်ထဲ တစ်ခုခုကို တွေးမိသွားပုံရပြီးမျက်လုံးများကနေ ဝမ်းသာသည့် အမူအရာများပေါ်လာသည်။

သူမက “ကောလဟာလတွေအရဆိုရင် အမြောက်သင်္ဘောတွေမှာ အားနည်းချက်ရှိတယ်။ အဲဒါက လျှပ်စီးလက်တာကို ကြောက်တယ်လို့ဆိုကြတယ်။ဒါအမှန်လားလို့ ငါသိချင်မိတယ်။"

ရှောင်ယုရှီ နှင့် အခြားသူများလည်း အနည်းငယ် အံ့အားသင့်သွားခဲ့ကြသည်။ ထို့နောက်တွင်

အားလုံးက မျက်နှာထက်မှာ အပြုံးကိုယ်စီ
ထုတ်ဖော်လိုက်ကြသည်။ တစ်ချိန်တည်းမှာပင်
လူတိုင်းက လဲ့လင်ကို လှည့်ကြည့်ကြသည်။

ထိုအချိန်တွင် လဲ့လင်၏ အသွင်အပြင်က
အံ့အားသင့်စရာပင်။

အဘယ်ကြောင့်ဆိုသော် သူမ၏လည်ပင်းမှာ
ခရမ်းတိမ်လျှပ်စီးကြောင်းကို
ချိတ်ဆွဲထားသောကြောင့်ပါ။

ထို့အပြင်
သူမ၏ခေါင်းသေးသေးလေးအပေါ်မှာ
အစိမ်းရောင်လေဆင်နှာမောင်းငယ်လေးတစ်ခု

ရှိနေပြီး ထိုအရာက နဝမငရဲအေးမီးတောက်ဖြစ်သည်။

ငရဲတစ္ဆေမီးတောက် က သူမ၏ခြေထောက်နှစ်ဖက်အောက်မှ ဖိနပ်များအဖြစ် ပြောင်းလဲသွားရသည်။

၇၀၆

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၀၆ - ယန်ယွဲ့ ရောက်လာပြီ

သစ်စိမ်းဝိညာဉ် က လဲ့လင်
၏လက်ထဲမှာရှိနေပြီး တဆတ်ဆတ်
တုန်လှုပ်နေသည်။ လဲ့လင် က
ပါးစပ်သေးသေးလေးမှ
သွားရည်များစီးကျနေကာ သစ်စိမ်းဝိညာဉ် ကို
စူးစိုက်စိုက်စိုက်ကြည့်နေလေသည်။

ခရမ်းရောင်မင့်ခ်ကလေးကြောင့်သာမဟုတ်လျှ
င် သစ်စိမ်းဝိညာဉ် က ယခုအချိန်မှာ လဲ့လင်
၏ဗိုက်ထဲရောက်နေလောက်ပြီဖြစ်သည်။

လူငယ်က လဲ့လင် ကို စိုက်ကြည့်ကာ
သူမကိုမြင်သောအခါတွင် သူ့မျက်နှာပေါ် ရှိ
အပြုံးများ ချက်ချင်းပျောက်ကွယ်သွားခဲ့သည်။
ထို့အပြင် သူ့မျက်နှာက အပြုံးအစား
ထိတ်လန့်တုန်လှုပ်မှုများ အစားထိုးလာသည်။
"ဒြပ်စင်ကေရာဇ်!. ဒါက ဘယ်လိုဖြစ်နိုင်မလဲ?
ဆန်းကြယ်တိုက်ကြီးမှာ ဒြပ်စင်ကေရာဇ်
ဘယ်လိုပေါ်လာနိုင်မှာလဲ?"

ဒြပ်စင်ကေရာဇ် လား?

တင်းရှောက်ယောင် က အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။
မင်းမဲ့စရိုက်သမုဒ္ဒရာ အထက် ကောင်းကင်မှာ
ရောက်လာသည့် အမြှောက်သင်္ဘောများကို
ကြည့်လိုက်ချိန်တွင်တော့ မည်သည့်အရာမှ
မတွေးတောနိုင်တော့ပေ။

သူမက ခရမ်းရောင်မင့်ခ်ကလေးကို
အချက်ပြကာ “ဒီအရာတွေအားလုံးကို

ကောင်းကင်ကနေ ပြုတ်ကျခိုင်းဖို့
တောင်းဆိုလိုက်ပါလား” လဲ့လင် နှင့်
စကားမပြောရသည့် အကြောင်းရင်းမှာ
လဲ့လင်က လက်တွေ့တွင် ယန်ယွဲ့နှင့်
ခရမ်းရောင်မင့်ခ်ကလေး ၏စကားကိုသာ
နာခံသောကြောင့်ဖြစ်သည်။

ခရမ်းရောင်မင့်ခ်ကလေးက
ခေါင်းညိတ်လိုက်သည်။ သူမလေးက
လဲ့လင်၏ပုခုံးကို ပုတ်ကာ ကောင်းကင်ထက်မှ
စစ်သဘော်များကို ညွှန်ပြလိုက်သည်။

လွဲ့လင်က မျက်တောင်ခတ်လိုက်ပြီး ခရမ်းရောင်မင့်ခ်ကလေး ဆီသို့ လက်ကို ဆန့်လိုက်သည်...။

ခရမ်းရောင်မင့်ခ်ကလေးက တစ်စုံတစ်ခုကို တွေးတောနေပုံဖြင့် မျက်တောင်ခတ်လိုက်ပြီး လက်သည်းလေးကို ယမ်းလိုက်ရာ လွဲ့လင်၏လက်ထဲမှာ ဝိညာဉ်သစ်သီး တစ်လုံး ပေါ်လာသည်။

လဲ့လင် က ဝိညာဉ်အသီးရသည်နှင့်
နတ်လျှပ်စီးကြောင်းကို
ဆင့်ခေါ် ခြင်းမဟုတ်ပေ။

သူမက ဝိညာဉ်သစ်သီး ကို
အမြန်ကိုက်ဝါးနေကာ နတ်လျှပ်စီးကြောင်းကို
ဆင့်ခေါ်ရန် မေ့သွားပုံရ၏။

အားလုံးက သူမကို အထူးအဆန်းသဖွယ်
ကြည့်နေကြသည်…။

ဘုန်း!

ခရမ်းရောင်မင့်ခ်ကလေးက လဲ့လင် ၏ခေါင်းကို
ဖြတ်ရိုက်ကာ ကောင်းကင်ထက်မှ
စစ်သဘော်များကို ညွှန်ပြလိုက်သည်။

လဲ့လင်က နှုတ်ခမ်းကို ဖိကိုက်လိုက်ပြီး
သူမ၏လက်ကို ကောင်းကင်ဆီသို့
ပေါ့ပေါ့ပါးပါး ဝှေ့ယမ်းလိုက်သည်။

တစ်ခဏလေးအတွင်းမှာပဲ ကောင်းကင်က
မှိုန်ဖျော့သွားကာ အနက်ရောင်တိမ်တိုက်များ
ဖုံးလွှမ်းလာပါသည်။

ထို့နောက်တွင်တော့ နတ်မိုးကြိုးများ
အဆက်မပြတ်ထွက်ပေါ်လာခဲ့လေသည်။

...

ကောင်းကင်ယံတွင် အဖွဲ့ကို ဦးဆောင်သည့်
စစ်သဘော်မှာ စီးနင်းလာသည့် ကျန်းယွင် နှင့်
ကျန်းလင် တို့နှစ်ဦးလုံးလည်း
စစ်သဘော်ထဲကနေ အလျင်အမြန်
ခုန်ထွက်လိုက်သည်။
သူတို့ရှေ့မှာ ပေါ်လာသည့် လျှပ်စီးကြောင်းကို
မြင်လိုက်သည့်အခါ ကျန်းယွင် က

တုန်လှုပ်ချောက်ချားစွာဖြင့် ရေရွတ်လိုက်၏။“ ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ? အခုအချိန်မှာ လျှပ်စီးကြောင်းက ဘယ်လို ပေါ်လာနိုင်မှာလဲ?”

“အောက်က ကောင်မလေးကို ကြည့်စမ်း…” ကျန်းလင် က ရုတ်တရက် လဲ့လင် ကို လက်ညှိုးထိုးပြပြီး အံ့အားသင့်စွာဖြင့် “အဲဒါ ဒြပ်စင်ကေရာဇ် ပဲ။ ဒါ့အပြင် အဲဒါက မိုးကြိုးဒြပ်စင်ကေရာဇ် ပဲ။ ထူးဆန်းလိုက်တာ! ဆန်းကြယ်တိုက်ကြီးမှာ ဒြပ်စင်ကေရာဇ် ဘယ်လိုရှိနိုင်မှာလဲ?"

“မိုးကြိုးဒြပ်စင်ကေရာဇ်….” ကျန်းယွင် က ခဏတာ အံ့အားသင့်သွားပြီး "စီနီယာအစ်ကို၊ သူ့ကိုတားလိုက်ပါ။ ဒါမှမဟုတ်ရင် ငါတို့ စစ်သင်္ဘောတွေ ဒီနေ့ဒီမှာ ပျောက်ကွယ်သွားမှာ သေချာတယ်..."

"လဲ့လင်ကို ကာကွယ်ပါ" တင်းရှောက်ယောင် ၏အသံ ချက်ချင်း ထွက်ပေါ်လာပြီးနောက် တောင်ပိုင်းနယ်မြေမှ
အဆင့်မြင့်ပညာရှင်အားလုံး လဲ့လင် ကို ချက်ချင်း ဝိုင်းရံကာထားလိုက်ကြသည်။

“တကယ်တော့ ငါမင်းကို မသတ်ချင်ပေမယ့် တခြားရွေးချယ်စရာ မရှိပါဘူး။ ဒီနေ့ မင်းကို မသတ်ရင် ငါ့ရဲ့မြင့်မြတ်နယ်မြေဟာ ဆိုးရွားတဲ့ ဆုံးရှုံးမှုတွေကို ခံစားရမှာမို့လို့။” လူငယ်က ထိုစကားပြောပြီးသည်နှင့် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

"မိုးကောင်းကင်ခြေလှမ်း!"
ထိုစကားပြောပြီးသည်နှင့် တပြိုင်နက် ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး လူငယ်၏ပုံရိပ်က နေရာမှာပင်ပျောက်ကွယ်သွားပါတော့သည်။

"သတိထားပါ!" တင်းရှောက်ယောင် က လဲ့လင်ကို လှည့်ကြည့်ရင်း ထိတ်လန့်သွားသည်။ အခြားလူများကလည်း လဲ့လင် ဖက်ကို လှမ်းကြည့်ကြသည်။ ထိုအချိန်တွင် လဲ့လင်၏ရှေ့မှာ မြင့်မြတ်နယ်မြေက လူငယ်လေး ပေါ်လာသည်။

လူငယ် က လဲ့လင် ၏ရှေ့မှာပေါ်လာပြီး လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သောကြောင့် တင်းရှောက်ယောင် နှင့် လူတိုင်း၏ အမူအရာများ ပြောင်းလဲသွားကြသည်။

အားလုံးက တားဆီးရန် ပြင်လိုက်စဉ်မှာပဲ နောက်ကျသွားပြီး ဓားတစ်ချောင်း က လဲ့လင် ၏ရင်ဘတ်အား ထိုးဖောက်သွားသည်ကို မြင်လိုက်ရလေသည်။

ထိုခဏလေးအတွင်းမှာပဲ ကောင်းကင်ထက်မှ အနက်ရောင်တိမ်တိုက်များ ပျောက်ကွယ်သွားပါတော့သည်။

လဲ့လင် က သူမမျက်လုံးများကိုမှိတ်ထားကာ လူတိုင်းထင်ထားသည့်အတိုင်း

အနက်ရောင်လျှပ်စီးကြောင်းများကို
ထုတ်လွှတ်နိုင်ခြင်းမရှိတော့ပေ။
သူမ၏မျက်နှာသည် အလွန်ဖြူဖျော့နေကာ
သိသိသာ အားနည်းနေပါသည်။

တွမ်!

ထိုအချိန်တွင် ရှေးဟောင်းဒိုမိန်းမြို့မှ
ခေါင်းအော်သံ ရုတ်တရက် ထွက်ပေါ်လာသည်။
ထို ခေါင်းအော်သံ ကြောင့် မင်းမဲ့စရိုက်သမုဒ္ဒရာမှ
တောင်ပိုင်းနယ်မြေ ၏စစ်တပ်နှင့် ကျင့်ကြံသူ

အားလုံးလည်း အနည်းငယ်
အံ့အားသင့်သွားကြသည်။

ထို့နောက် လူတိုင်း ၏မျက်နှာမှာ
ပျော်ရွှင်မှုများပေါ်လာချိန်မှာပဲ ၎င်းတို့ရှေ့တွင်
ယန်ယဲ့ ပေါ်လာသည်ကို
မြင်တွေ့လိုက်ကြပါသည်။

"အဆင့် ၁ ချီးမြှောက်ခြင်းနယ်ပယ် လား?"
လူငယ် က အံ့အားသင့်သွားပြီး၊ "ဒါက မင်းရဲ့
အဆင့် ယာယီတိုးမြှင့်ဖို့ ပေးလိုက်ရတဲ့
တန်ကြေးနဲ့တူတယ်!"

ယန်ယဲ့ က လူငယ်ကို ဂရုမစိုက်ဘဲ လဲ့လင်
ထံသို့သာ လျှောက်သွားလိုက်သည်။ လဲ့လင် က
ယန်ယဲ့ ကိုမြင်သောအခါ အောက်နှုတ်ခမ်းကို
ဖိကိုက်ရင်း သူမ၏ရင်ဘတ်ရှိအပေါက်ကို
ညွှန်ပြရင်း မျက်လုံးများမှတဆင့်
လျှပ်စီးတန်းများ လင်းလက်သွားခဲ့သည်။
သူမက "နာတယ်…."

ယန်ယဲ့ က ဓားဒဏ်ရာ အပေါက်ကို ညင်သာစွာ
ကိုင်တွယ်လိုက်ပြီး "ကောင်းပြီ
ငါမင်းကိုယ်စားလက်စားချေမယ်လက်စားချေမ
ယ်"

လဲ့လင် က ခေါင်းညိတ်ပြပြီး “မိုးကြိုး
စားချင်တယ်….” ထိုစကားပြောနေစဉ်
ခရမ်းတိမ်လျှပ်စီးကြောင်း ကို
ဖမ်းကိုင်လိုက်သည်။

ယန်ယဲ့ ၏ပါးစပ်ထောင့်များက အနည်းငယ်
တုန်ခါသွားပြီး “မင်းစားရင် သေမှာလား” ဟူ
ပြောလိုက်သည်။

လဲ့လင် က ခေါင်းညိတ်ပြပြီး “စားရင်
သဘာဝအတိုင်း သေလိမ့်မယ်။ ဒါပေမဲ့

ချက်ချင်းစားလို့ရတယ်ဆိုတော့
နာကျင်မှုမရှိဘူး”

ယန်ယဲ့ က ထိုစကားကြောင့် ရယ်ရမလား၊
ငိုရမလား ပင်မသိတော့ပေ။

အတန်ကြာမှ "မင်း ဒါကို မစားနိုင်ဘူး" ဟုသာ
ပြောလိုက်ပါသည်။

ခရမ်းတိမ်လျှပ်စီးကြောင်း က
သူနှင့်အချိန်တော်တော်ကြာထိ
အတူရှိနေခဲ့သည်ဖြစ်ရာ ၎င်းကို
ပျောက်ကွယ်မသွားစေလိုပေ။

“ဒါပေမဲ့ ငါ ဒဏ်ရာ ရနေပြီ။ ပိုကောင်းအောင် စားဖို့ လိုတယ်။ ဒါမှမဟုတ် ဒီငတုံးမီးတောက်ကိုလည်း ငါစားနိုင်တယ်” လဲ့လင်းက အနည်းငယ်ဝမ်းနည်းသည့်လေသံဖြင့် ပြောလိုက်သည်။

လဲ့လင် ၏အသံကိုကြားလိုက်သောအခါ တုန်လှုပ်နေသော ခရမ်းတိမ်လျှပ်စီးကြောင်း က ရပ်တန့်သွားကာ ငရဲတစ္ဆေမီးတောက် က အဆက်မပြတ် တုန်လှုပ်သွားလေသည်။

၇၀၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၀၇ - အလွန်တရာမြန်ဆန်သော ဓား

"ဒါပေမဲ့ စားလိုက်ရင် မင်းနဲ့ ကစားလို့ မရတော့ဘူး!" ယန်ယွဲ့ က ညင်သာသော အသံဖြင့် ပြောသည်။

လဲ့လင် သည် အနည်းငယ်
တို့ဆိုင်းသွားတော့သည်။သူမက
သဘာဝလွန်ရတနာများကို စားချင်သော်လည်း
သူမနှင့်အတူ ကစားချင်သည်။

ထို့ကြောင့် သူမသာ ထိုအထဲမှ တစ်ခုကို
စားလိုက်ပါက သူမ၏ကစားဖော်တစ်ယောက်
လျော့သွားပေမည်။

ထိုအချိန်တွင် ယန်ယဲ့ က သူ့လက် ကို လဲ့လင်
၏ရင်ဘတ်ပေါ်တင်လိုက်သည်။

ခရမ်းရောင်ချီစွမ်းအင်များက သူမဆီသို့ တဖြည်းဖြည်း စီးဆင်းလာသည်။

ယန်ယွဲ့ ထံမှ ခရမ်းရောင်ချီစွမ်းအင်များ သူမ၏ခန္ဓာကိုယ်ထဲ စီးဝင်လာသောအခါ လဲ့လင် ၏မျက်လုံးသေးသေးလေးများက ချက်ချင်းပင် ပြူးကျယ်သွားသည်။

ခဏအကြာတွင် ယန်ယွဲ့ က သူ့လက်ကို ဖယ်ကာ လဲ့လင် ၏အခြေအနေကို ကြည့်လိုက်သည်။

လဲ့လင် က မျက်နှာပေါ်မှာ တောင်းပန်သည့်အမူအရာဖြင့် "ငါ ဒါကို

ထပ်လိုချင်တယ်….” ဟု ဆိုကာ ယန်ယဲ့
၏လက်ကို ဆွဲကိုင်လိုက်သည် ။

ယန်ယဲ့ က ပြုံးပြီးပြောလိုက်သည်
"မင်းကိုယ်စား လက်စားချေပြီးရင် ငါမင်းကို
ပိုပေးပါ့မယ်"

လဲ့လင် က မလှမ်းမကမ်းမှာရပ်နေသည့်
လူငယ်လေးကို စိုက်ကြည့်ကာ ခဏမျှ
တုံ့ဆိုင်းသွားသည်။ အဆုံးတွင် သူမသည်
သူမ၏ မကျေနပ်ချက်များကို

ထုတ်ဖော်ချင်သောကြောင့် ယန်ယဲ့ လက်ကို တွန့်ဆုတ်စွာ လွှတ်လိုက်သည်။

ယန်ယဲ့ က သူမခေါင်းကို ပွတ်လိုက်ပြီး ခရမ်းရောင်မင့်ခ်ကလေး ၏ခေါင်းကိုလည်း ပွတ်သပ်ပေးလိုက်သည်။။ ထို့နောက်တွင် သူက မြင့်မြတ်နယ်မြေ ၏လူငယ်လေးကို လှည့်ကြည့်ပြီး "မင်းရဲ့ မြင့်မြတ်နယ်မြေ က ငါ့ကို သတ်ဖို့အကြံအစည်တွေ အခုထိ မစွန့်လွှတ်ချင်သေးဘူးထင်တယ်။ စိတ်မပူပါနဲ့၊ ငါက မင်းတို့ မြင့်မြတ်နယ်မြေ ကို တစ်နေ့နေ့မှာ နောင်တရစေလိမ့်မယ်။"

လူငယ်က ခေါင်းခါပြီး "ပြောစရာတောင် မလိုပါဘူး။ မင်းမှာ ကြီးကျယ်ခမ်းနားတဲ့ စွမ်းရည်တွေ ရှိတယ်။ ဒါပေမဲ့ မင်းက ဆေးဘာသာရပ်ကို တည်ထောင်သူဖြစ်တဲ့ အနှောင်အဖွဲ့ကင်းမဲ့သူ လို ပညာရှင်တစ်ယောက်ဖြစ်ရင်တောင် ငါ့ရဲ့မြင့်မြတ်နယ်မြေ က မင်းကို ဖယ်ရှားပစ်နိုင်တယ်လို့ ငါပြောရမယ်။ မြင့်မြတ်နယ်မြေ က သတ်မှတ်ထားတဲ့ တန်ကြေးပေးလိုက်ရုံပဲ။ ငါပြောတာကို ယုံကြည်ပါ။ ငါ မင်းကို

မကြောက်ကြောက်အောင်
ခြိမ်းခြောက်နေတာမဟုတ်ဘူး။
ဒီလိုမှမဟုတ်ရင် ငါ့ရဲ့မြင့်မြတ်နယ်မြေ က
ခွန်အားနဲ့ အရင်းအမြစ်တွေမပါဘဲ အနှစ်
၁၀၀,၀၀၀ ကို ဘယ်လိုနည်းနဲ့
ရပ်တည်နိုင်မှာလဲ?"

"ငါ အခု ချီးမြှောက်ခြင်းနယ်ပယ်
မှာပဲရှိသေးတယ်။  ဒါပေမဲ့ ငါ အခုထိ
အသက်ရှင်နေတုန်းပဲ!" ယန်ယွဲ့ က
ပြန်ပြောလိုက်သည်။

လူငယ်က ယန်ယဲ့  ကို စိုက်ကြည့်ကာ "မင်း ခဏနေရင် သေလိမ့်မယ်!"

ယန်ယဲ့ က ပြုံးပြီးပြောလိုက်၏။ "မင်းရှေ့က တခြား၂ ယောက်လည်း ဒီလိုပဲပြောခဲ့တာ။ အခုတော့ သေသွားကြပြီ။ ငါ့ကိုယုံပါ၊ မင်းကနောက်တစ်ယောက်ဖြစ်လာမှာပါ"

"ဘယ်လောက်တောင် မာနကြီးလိုက်သလဲ!" ထိုအချိန်တွင် ကျန်းယွင် နှင့် ကျန်းလင် က လူငယ်၏ဘေးမှာ ပေါ်လာသည်။

ကျန်းလင် က ယန်ယဲ့ ကို အေးစက်စွာ တစ်ချက်ကြည့်လိုက်ပြီး "လူတချို့က သူတို့မှာ ခွန်အားနည်းနည်းရှိလို့ ဘယ်တော့မှ မရှုံးတော့ဘူးလို့ ထင်နေကြတယ်။ ဒါပေမဲ့ သူတို့က တခြားသူတွေရဲ့အမြင်မှာ လူပြက်သက်သက်ပဲဆိုတာတော့ မသိကြဘူး။”

"ဟုတ်လား?" ယန်ယဲ့ က ရယ်မောပြီး “ငါတို့ ဘယ်လိုလဲ? တိုက်ခိုက်ကြမလား? ငါ့ဓား ၃ ချက်နဲ့ မင်းကို ငါသတ်မယ်။ မင်းတိုက်ခိုက်ရဲသလား?"

ကျန်းလင် က ဒေါသတကြီး
ဖြစ်သွားသော်လည်း
စကားထပ်မပြောတော့ပေ။

သူမက ဝက်ပါသခင်တစ်ဦးဖြစ်ပြီး
သိုင်းကျော်ဇ များကိုပင်
ထိပ်တိုက်ရင်ဆိုင်ဝံ့ပေသည်။

သို့သော် ယန်ယဲ့ နှင့် ရင်ဆိုင်ရချိန်မှာတော့
သူမ၏ အရည်အချင်းကို လုံးဝယုံကြည်မှု
မရှိခဲ့ပေ။

ယန်ယဲ့ က ဉာဏ်အလင်းရခြားနှလုံးသားကို
ပိုင်ဆိုင်ထားသောကြောင့်ဖြစ်သည်။

ညာဏ်အလင်းရခြားနှလုံးသားကို
ပိုင်ဆိုင်ထားသူများက ဝက်ပါသခင်အားလုံး
၏အရှင်သခင်ဟုပင် ဆိုနိုင်ပါသည်။

ယန်ယဲ့ က သူမ တိတ်ဆိတ်နေသည်ကို
မြင်သောအခါ အေးစက်စက် ရယ်မောလိုက်၏။
“အခုလူပြက်က ဘယ်သူလဲဆိုတာ
မင်းသိပြီလား”

"နင်က သေချင်နေတာပဲ!" ကျန်းလင် က
ဒေါသထွက်ပြီး တိုက်ခိုက်ရန် ပြင်လိုက်သည်။

သို့သော် သူမ၏ စီနီယာအစ်ကို နှင့် ဘေးနားရှိ လူငယ် က ကျန်းလင် ကို တားလိုက်သည်။

လူငယ်က သူ့ဂျူနီယာမောင်နှမ နှစ်ယောက်ကို တစ်ချက်ကြည့်လိုက်ပြီး “ငါ ရှုံးသွားခဲ့ရင် စစ်သဘော်တွေကို ချက်ချင်း ပြန်ဆုတ်သွားကြ။ မလိုအပ်တဲ့ အနစ်နာခံမှုတွေ မလုပ်ပါနဲ့။ နှစ်ယောက်လုံး နားလည်ကြလား?"

"စီနီယာအစ်ကို ရှီရှဲ့! နင် ဘယ်လို ရှုံးနိုင်မှာလဲ" ကျန်းလင် က မယုံကြည်နိုင်စွာနဲ့ ပြောလိုက်ပါသည်။

မိုရီရဲ့က ပြုံးပြီးပြောလိုက်သည်။ " ငါတို့ရဲ့ မြင့်မြတ်နယ်မြေက ရထားတဲ့ အချက်အလက်တွေက တော်တော်လေးကို မမှန်ပါဘူး။ မဟုတ်ဘူး၊ လုံး၀ မှားနေတယ်လို့ ပြောရမယ်။

ငါတို့ရှေ့မှာရပ်နေတဲ့ ဓားအင်ပါယာ က အဆင့် ၈ ဓားစိတ်ဆန္ဒ မှာ မရှိပါဘူး။ သူက မြေကမ္ဘာအဆင့်ကို ကျော်ပြီး ကောင်းကင်အဆင့် ၁ ဓားစိတ်ဆန္ဒ ကို ရောက်သွားပြီ။ ဓားအင်ပါယာ ယန်! ငါပြောတာ မှန်တယ်မဟုတ်လား?"

ကောင်းကင်အဆင့် ၁ ဓားစိတ်ဆန္ဒ ။

ကျန်းယွင် နှင့် ကျန်းလင် တို့ နှစ်ယောက်စလုံး အံ့သြတုန်လှုပ်သွားကြသည်။

နောက်ဆုံးတွင် ကောင်းကင်အဆင့် ဓားစိတ်ဆန္ဒ ကို ပိုင်ဆိုင်ရန်က ကျူးဒန်ဖုန်း ကဲ့သို့ ဓားပါရမီရှင်တစ်ဦးပင်လျှင် ဓားစိတ်ဆန္ဒကျောက်တုံး ကို အကူအညီယူရပေမည်။

သို့သော် ယန်ယွဲ့ ကတော့ ကောင်းကင်အဆင့် ၁
ခေါးစိတ်ဆန္ဒ ကို အမှန်တကယ် ရောက်ရှိခဲ့၏။
ထိုသို့ဆိုလျှင် ထိုယန်ယွဲ့ က မြင့်မြတ်အဆင့် ၏
ထိပ်ဆုံးအဆင့် ၅ ပင်
အဆင့်သတ်မှတ်ခံရနိုင်သည်။
အဘယ်ကြောင့်ဆိုသော် အဆင့် ၁ ကနေ ၅
အတွင်း လူငယ်ပညာရှင်များအားလုံးက
ကောင်းကင်အဆင့် စိတ်ဆန္ဒများကို
ပိုင်ဆိုင်ထားသောကြောင့်ပင်။

တင်းရှောက်ယောင် နှင့်

အခြားသူများသည်လည်း ယန်ယဲ့ ကို

ထိတ်လန့်စွာ စိုက်ကြည့်နေကြသည်။

အားလုံး ယန်ယဲ့ ၏ဓားစိတ်ဆန္ဒ က အဆင့် ၁၀

မှ အဆင့် ၈ ထိပြန်ကျသွားသည်ကို

မြင်တွေ့ခဲ့ရသည်လေ။

သို့သော် ဤအချိန်မှာ သူ၏ ဓားစိတ်ဆန္ဒ က

ပြန်၍ မြင့်တက်လာရုံသာမက ယခင်ထက်ပင်

ပိုမိုအားကောင်းလာခဲ့သည်။

ယန်ယဲ့ က လူငယ်လေးအား အံ့အားသင့်စွာဖြင့် တစ်ချက်ကြည့်လိုက်ကာ "မင်း ဒါကို ဘယ်လိုသိတာလဲ?"

"ဘာလို့လဲဆိုတော့ ငါ က ကောင်းကင်အဆင့် စိတ်ဆန္ဒ ကို တခြားသူတွေဆီက မြင်ဖူး၊ တွေ့ဖူးတယ်လေ။" မိုရီရှဲ့က စကားပြောရင်း သူ့ခါးမှ အနက်ရောင်ဓားကို ထုတ်ယူလိုက်သည်။

သူ့လက်ချောင်းများက ဓားလက်ကိုင်ရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပြီး "လာပါ! အရင်တုန်းက အနိုင်ရတဲ့သူကို ဆုံးဖြတ်ဖို့

အပြင်းအထန်တိုက်ခိုက်ရမယ်လို့ထင်ခဲ့တယ်။ ဒါပေမဲ့ အခု အဲဒါက မလိုအပ်တော့ဘူးလို့ ငါထင်တယ်။

တိုက်ခိုက်မှုတစ်ခုပဲ! ငါ့ရဲ့ အပြင်းထန်ဆုံးတိုက်ခိုက်မှုကို မင်း တားနိုင်ရင် ငါချက်ချင်း ထွက်သွားမယ်!"

"ကောင်းပြီ!" ယန်ယွဲ့ က ခေါင်းညိတ်ပြပြီး “ရလာဒ်ကို တစ်ချက်တည်းနဲ့ ဆုံးဖြတ်မှာပါ။ ဒါပေမဲ့ မင်း ချက်ချင်းထွက်သွားမယ်ဆိုတာတော့ ငါ လက်မခံဘူး။ ငါက မင်းလှည့်ပြီးထွက်သွားဖို့ကို

ခွင့်ပြုလို့မရ ဘူးလေ။ ဘာလို့လဲဆိုတော့ ငါ လှဲ့လင် ကို သူ့ကိုယ်စား ယက်စားချေမယ်လို့ ကတိပေးထားတယ်။”

"ဟားဟား! ကောင်းပြီလေ။ ဒါဆို လာ!" မိုရီရှဲ့ က သူ့လက်ထဲမှ အရောင်တလက်လက်တောက်ပနေသည့် အနက်ရောင်ဓားကို တစ်ချက်ယမ်းကာ ရယ်မောလိုက်ပါသည်။

၇၀၈

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၀၈ - ဓားစိတ်ဆန္ဒ ၃ မျိုး လား?

အနက်ရောင်ဓားကို ဝှေ့ယမ်းလိုက်စဉ်မှာပဲ မိုရီရှဲ့၏ အော်ရာက ချက်ချင်းပင် ပြောင်းလဲသွားသည်။

ဤအခိုက်အတန့်တွင် သူက ပြိုင်ဖက်များစွာနှင့်ရင်ဆိုင်နေရသည့်တိုင်

တုန်လှုပ်သွားခြင်းမရှိသည့်
ရောမကျောက်တိုင်ကြီးတစ်ခုကဲ့သို့ပင်။

"သူက ကမ္ဘာ့စွမ်းအင်တွေ စုဆောင်းနေတယ်"

ပတ်ဝန်းကျင်ရှိ လူတိုင်းလည်း
အံ့သြသွားကြသည်။အဘယ်ကြောင့်ဆိုသော်
ကမ္ဘာ့စွမ်းအင်ကို စုဆောင်းခြင်းက
သိုင်းကျော် များသာ
လုပ်ဆောင်နိုင်သောအရာဖြစ်သည်။

သို့သော်လည်း ၎င်းတို့ရှေ့မှ လူငယ်က သိုင်းကျောဇ် မဟုတ်ပေ။

"သူက သိုင်းကျောဇ် မဟုတ်သေးဘူး၊ ဒါပေမဲ့ သိုင်းကျောဇ် တွေရဲ့စွမ်းရည်ကို ပိုင်ဆိုင်ထားပြီ!" တင်းရှောက်ယောင် က မျက်နှာမှာ အလွန်လေးနက်သော အမူအရာတစ်ခု ရှိနေ၏။

မြင့်မြတ်နယ်မြေ ၏ပါရမီရှင်များက အမှန်ပင်
အဆင့်ကျော်တိုက်ခိုက်နိုင်စွမ်းကို
ပိုင်ဆိုင်ထားကြသည်မဟုတ်ပါလား။

ယန်ယဲ့ ၏ပြိုင်ဖက်က အဆင့်တူဖြစ်နေလျှင်
ယုံကြည်နေနိုင်သော်လည်း ထိုလူငယ်က
သိုင်းကျောဇ် တစ်ဦးနှင့် ညီမျှနေခဲ့သည်။

ထို့ကြောင့် ယန်ယဲ့ က
အဆင့်ကျော်တိုက်ခိုက်နိုင်သည့်
ပါရမီရှင်တစ်ဦးနှင့် ရင်ဆိုင်ရမည်ကို
မြင်သောအခါ တင်းရှောက်ယောင်
၏ယုံကြည်မှုပင်လျှင် ယိမ်းယိုင်သွားခဲ့သည်။

"စီနီယာအစ်ကိုက ပိုတောင်သန်မာလာတယ်!" မိုရီရဲ့ထံမှ ထွက်ပေါ်လာသော အရှိန်အဝါ ကို ခံစားမိသောအခါ ကျန်းလင် ၏မျက်လုံးများက ထူးထူးခြားခြား တောက်ပလာခဲ့သည်။

ကျန်းယွင် က ခေါင်းညိတ်ပြီး ပြောလိုက်သည် ၊ "ငါတို့ရဲ့အဖွဲ့ခေါင်းဆောင်က ထိပ်တိုက်ရင်ဆိုင်မယ်ဆိုရင် ဒီယန်ယဲ့ က တစ်ချက်တည်းနဲ့တောင် ခံနိုင်ရည်ရှိမှာမဟုတ်ဘူး။

ဘာလို့လဲဆိုတော့ ငါတို့ ခေါင်းဆောင်ရဲ့ ဝက်ပါအစီအရင်ကို ထိပ်ဆုံး ၅ ယောက်ကတောင် အနိုင်မယူနိုင်ဘူးလေ။ ကံဆိုးလိုက်တာ။ အဖွဲ့ခေါင်းဆောင်က ခရီးထွက်သွားတယ်။ ဒီလိုမှမဟုတ်ရင် ယန်ယဲ့က ကျိန်းသေသေလိမ့်မယ်!”

ကျန်းလင် က ရုတ်တရက်မေးလိုက်သည်။ "အဖွဲ့ခေါင်းဆောင်က ဆန်းကြယ်တိုက်ကြီး ကို လာလို့ရမလား?"

ကျန်းယွင် က အံ့အားသင့်သွားပြီး "ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"

မိုရီရှဲ့ က သူ့လက်ထဲမှာ ဓားကိုကိုင်ထားရင်း ယန်ယဲ့ ကို စိုက်ကြည့်ကာ "ယန်ယဲ့! ငါ့ရဲ့ ဒီတိုက်ခိုက်မှုက ဘယ်တော့မှ မပျက်စီးသေးဘူး။ မြင့်မြတ်အဆင့်ရဲ့ ထိပ်တန်းအဆင့် ၅ ယောက်တောင် ဒါကို မရှောင်နိုင်ဘူး။ တကယ်လို့ မင်း ရှောင်တိမ်းနိုင်မယ်ဆိုရင် ငါအရှုံးကို ချက်ချင်း ဝန်ခံမယ်။"

"ရှောင်တိမ်းမလား?" ယန်ယွဲ့ က ခေါင်းယမ်းလိုက်သည်။ သူ မလုပ်နိုင်ကြောင်း ရှင်းရှင်းလင်းလင်း သိထားပါသည်။ သူ့အရှိန်က ၁၀ ဆ ပိုမြန်နေလျှင် မဖြစ်နိုင်ပေ။

ထိုအရာအတွက် မည်သည့် အကြောင်းပြချက်မှလည်း မရှိပါ။ ဤအခြေအနေက သူ့ခံစားချက်တစ်ခုသာပင်။

ကံကောင်းစွာဖြင့် သူလည်း မိုရီရဲ့ ၏တိုက်ခိုက်မှုကို ရှောင်တိမ်းရန် တစ်ခါမျှ တွေးမထားပေ။

“သွား!” မိုရီရှဲ့က အော်လိုက်သည်နှင့်

သူ့လက်ထဲမှ ဓားတစ်ချောင်း

ရှေ့သို့လွင့်ပျံလာသည်။

ဓားအရှိန်က အလွန်နှေးပြီး

ကလေးတစ်ယောက်ပင် ရှောင်ပြေးနိုင်သည်ထိ

နှေးကွေးနေပါသည်။

သို့သော် လူတိုင်း ၏အမူအရာ က

ဤမြင်ကွင်းကို မြင်တွေ့ရချိန်တွင်

ပြောင်းလဲသွားခဲ့သည်။

အမှန်စင်စစ် ဓားအရှိန်က နှေးကွေးခြင်းမရှိပေ။
လျှပ်စီးလက်သကဲ့သို့ အလွန်တရာ
လျင်မြန်နေခြင်းဖြစ်သည်။
အလွန်အမင်းမြန်ဆန်နေသောကြောင့်
နှေးကွေးသွားသယောင်ထင်လိုက်ရခြင်းသာ။

ယန်ယဲ့ ၏အမြန်နှုန်းကို အသံ၏အမြန်နှုန်းနှင့်
နှိုင်းယှဉ်နိုင်လျှင် မိုရီရှဲ့က
အလင်း၏အမြန်နှုန်းဖြစ်သည်။

မိုရီရဲ့ ပစ်လွှတ်လိုက်သော ဓားက ရှေ့ပြေးထွက်လာသောအခါ ယန်ယဲ့ က ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ဓားနယ်မြေ ကို အသက်သွင်းလိုက်သည်။

ဓားနယ်မြေ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် မိုရီရဲ့ ဓါးဓားက လုံးဝနှေးကွေးသွားခြင်းမရှိပဲ ပို၍ပင်အရှိန်ပြင်းလာသည်။

တခဏအတွင်းမှာပင် ၎င်းက လျှပ်စီးတန်းတစ်ခုကဲ့သို့ လျင်မြန်လွန်းလှသဖြင့် လူတိုင်းက ၎င်းကို မမြင်နိုင်ပေ။

သို့သော် တင်းရှောက်ယောင်
နှင့်အခြားသူများက ဓားနယ်မြေ
ထွက်ပေါ်လာပြီးနောက် မိုရီရှဲ့၏ဓားအရှိန်က
ပုံမှန်အခြေအနေသို့ ပြန်ရောက်သွားသည်ကို
သတိပြုမိကာ သက်ပြင်းချလိုက်ကြသည်။

"ဓားနယ်မြေ...."

မိုရီရှဲ့နှင့် အခြားနှစ်ဦး ၏ အမူအရာများ
ပြောင်းလဲသွားသည်။

အထူးသဖြင့် ကျန်းယွင် နှင့် ကျန်းလင်
တို့ပင်ဖြစ်သည်။

သူတို့နှစ်ယောက်လုံး ယန်ယဲ့ က ဓားနယ်မြေ
ကိုနားလည်ထားနိုင်သည်ဟု
မမျှော်လင့်ထားကြပေ။

"ဓားနယ်မြေ၊ ကောင်းကင်အဆင့် ၁
ဓားစိတ်ဆန္ဒ နဲ့ ဉာဏ်အလင်းရဓားနှလုံးသား...."

နှစ်ယောက်စလုံး ဤအချက်ကို
တွေးမိလိုက်ကာ

ထိတ်လန့်သွားကြသည်။

"မျှော်လင့်ထားတဲ့အတိုင်း တကယ်ကို ဓားနယ်မြေ ပါလား? ငါ့လို မြင့်မြတ်နယ်မြေ ရဲ့ ပါရမီရှင်တောင် ဆန်းကြယ်တိုက်ကြီး ရဲ့ ဓားပညာရှင်တစ်ဦး က ဓားနယ်မြေ ကို နားလည်ထားလိမ့်မယ်လို့ တကယ်ပဲ ထင်မထားခဲ့ဘူး။

ဒါပေမဲ့ မင်းက ငါ့ရဲ့မြင့်မြတ်နယ်မြေ ကို အကြောင်းပြချက်နဲ့ စော်ကားလိုက်တာ။ ကံမကောင်းစွာပဲ၊ အဲဒါကို မင်းဘယ်လိုအသုံးချရမှန်းမသိဘူးဆိုတာ

သိသာတယ်။မဟုတ်ရင် ငါက အခုချက်ချင်း
လှည့်ပြီး ပြေးသွားလိမ့်မယ်။
မိုးကောင်းကင်ဖျက်ဆီးခြင်းဓား!" မိုရီရှဲ့၏
အသံကရုတ်တရက် ပဲ့တင်ထပ်ကာ
ဓားနောက်ကွယ်တွင်
ဒုတိယမြောက်ဓားတစ်ချောင်း ထပ်မံ
ပျံသန်းလာပါသည်။

“သွား!” သူ့အသံ ထွက်ပေါ်လာသည်နှင့်
လက်ဝါးကနေ အလင်းတန်းတစ်ခု

လင်းလက်သွားကာ ဒုတိယမြောက်ဓားကို
ထပ်မံပစ်လွှတ်လိုက်ပါသည်။
ဓားအရှိန်က အနည်းငယ်နှေးကွေးသွားလို မိုရီရဲ့
၏ပါးစပ်ထောင့်ကနေ
သွေးများစီးကျလာသည်။

ယန်ယဲ့ ၏ ဓားနယ်မြေ ထဲမှာ သူ့အမြန်နှုန်းနှင့်
ခွန်အားကို အတင်းအကြပ်
ထုတ်ဖော်လိုက်သောကြောင့်
တန်ပြန်ဒဏ်ရာရသွားသည်မှာ သိသာပေသည်။

သို့သော် ဤအခိုက်မှာ ယန်ယွဲ့
၏မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။

မိုရီရှဲ့ က သူ့ ဓားနယ်မြေ ထဲမှာ
ဖိနှိပ်ခံထားရသည့်တိုင် နောက်ထပ်
တိုက်ခိုက်နိုင်လိမ့်မည်ဟု သူ မထင်ထားခဲ့ပေ။

"ငါက ဓားနယ်မြေ ရဲ့အစစ်အမှန်စွမ်းအားကို
အခုထိ မဆုပ်ကိုင်နိုင်သေးဘူးလား?"
ဤအခိုက်အတန့်တွင် ယန်ယွဲ့ သည်လည်း
သူ့ကိုယ်သူ သံသယဝင်နေမိသည်။

သို့ရာတွင် သူက ဓားနယ်မြေ
၏စွမ်းအားကိုမဟုတ်ဘဲ အသုံးချနည်းကိုသာ
သံသယဝင်နေခြင်းဖြစ်သည်။

သူက ဓားနယ်မြေ ကို
ပိုင်ဆိုင်ထားသောကြောင့် ဓားစိတ်ဆန္ဒ နှင့်
ဓားနယ်မြေ ကို ပေါင်းစပ်၍ ပြိုင်ဖက်များကို
ဖိနှိပ်နိုင်စွမ်းရှိသယောင်ထင်ရသော်လည်း မိုရီရှဲ့
ပြောသည့်အတိုင်း ဓားနယ်မြေ
၏အစစ်အမှန်စွမ်းအားကို အသုံးမပြုနိုင်ခဲ့ပေ။

ဆေဘာဓားဂိုဏ်း ဧ၏တည်ထောင်သူဘိုးဘေး ကလွဲ၍ ဆန်းကြယ်တိုက်ကြီးမှာ ဓားနယ်မြေကို ပိုင်ဆိုင်ထားသူ မရှိသောကြောင့် ယန်ယွဲ့လည်း ထိုအချက်ကို တွေးမိကာ အကူအညီမဲ့ပြီး စိတ်ဓာတ်ကျသွားမိသည်။

မှန်သည်၊ သူက ဓားနယ်မြေ ကို နားလည်ထားသော် လည်း ၎င်းကို မည်သို့မည်ပုံ အပြည့်အဝ အသုံးချရမည်ကို မသိပေ။

သို့တည်းမဟုတ် ပြောရမည်ဆိုလျှင်
ဓားနယ်မြေ က မည်သို့သော စွမ်းရည်များ
ပိုင်ဆိုင်ထားသည်ကို မသိခဲ့ခြင်းဖြစ်သည်။

ယန်ယဲ့ က ခေါင်းယမ်းလိုက်ပြီး
အာရုံမစိုက်နိုင်သည့် အတွေးများကို
ဖယ်ထုတ်လိုက်သည်။

ထို့နောက် သူ့လက်ကို ဆန့်ထုတ်ပြီး
ဆုပ်ကိုင်လိုက်၏။

ရုတ်တရက် သူ့လက်ထဲမှာ ဓားတစ်ချောင်း
ပေါ်လာသည်။

ဓားက သစ်သားဓားမဟုတ်ဘဲ
ကောင်းကင်အဆင့် ဓားစိတ်ဆန္ဒ ကနေ
ဖန်တီးထားသည့် ဓားတစ်လက်ဖြစ်သည်။

"အစစ်အမှန်ရုပ်ဝတ္ထုအသွင်ဖန်တီးခြင်း"
ဤအရာက ကောင်းကင်အဆင့် ဓားစိတ်ဆန္ဒ
၏စွမ်းအား ဖြစ်သည်။

"ခုတ်ပိုင်းလိုက်စမ်း!" ယန်ယဲ့ က
ကျယ်လောင်စွာအော်ဟစ်ပြီး သူ့လက်ထဲမှ
ဓားကို အောက်သို့ ခုတ်ပိုင်းလိုက်သည်။

ဓားစိတ်ဆန္ဒ ဓားက မိုရီရှဲ့

၏အနက်ရောင်ဓားကို ပြင်းထန်စွာ

ခုတ်ပိုင်းချလိုက်သည်။

သို့သော် ဓားနယ်မြေထဲ ဖိနှိပ်ထားသည်ဖြစ်ရာ

မည်သည့် ပေါက်ကွဲသံမှ ထွက်မလာခဲ့ပေ။

ပြင်းထန်စွာ ခုတ်ပိုင်းလိုက်ပြီးနောက် ယန်ယဲ့

၏ဓားစိတ်ဆန္ဒ ဓား နှင့် မိုရီရှဲ့

၏အနက်ရောင်ဓားက ကွဲထွက်သွားသည်ကို

လူတိုင်း မြင်လိုက်ကြသည်။

သို့သော် ရုတ်တရက်ဆိုသလိုပင် ယန်ယဲ့ က သူ့လက်ကို ဆန့်ပြီး ဆုပ်ကိုင်လိုက်ရာ ဓားစိတ်ဆန္ဒ ဓားတစ်ချောင်း ထပ်မံ၍ ပေါ်လာသည်။

မိုရီရဲ့ ၏မျက်လုံးများက ကျဉ်းမြောင်းသွားကာ "သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ၊ ဝါးမြို့ခြင်းဓားစိတ်ဆန္ဒ နဲ့ ပျက်စီးခြင်းဓားစိတ်ဆန္ဒ..... ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ? မင်းရဲ့ ဓားစိတ်ဆန္ဒ က တကယ်ပဲ ဓားစိတ်ဆန္ဒမျိုးစုံရှိနေတယ်။ ဒါက

ဘယ်လိုဖြစ်နိုင်မှာလဲ?" မိုရီရှဲ့က ရုတ်တရက် ကျန်းယွင် ကို စိုက်ကြည့်လိုက်ကာ “သွား! ညီမလေးကို ခေါ် ပြီး အခု ချက်ချင်း ထွက်သွားတော့။ မြန်မြန်! မြင့်မြတ်နယ်မြေ ကို ပြန်ရောက်တာနဲ့ ထိပ်ဆုံးအဆင့် ၆ ယောက်ထဲက အရှူးတွေကို ဒီကိုလာခိုင်းပါ။ ငါ မိုရီရှဲ့က သူနဲ့ ပြိုင်ဖက် မဟုတ်ဘူးလို့ သူတို့ကို ပြောလိုက်ပါ။"

ယန်ယဲ့ သာ ကောင်းကင်အဆင့် ၁ ဓားစိတ်ဆန္ဒ ကို ပိုင်ဆိုင်ထားပါက သူ ကြောက်ရွံ့သွားမည်မဟုတ်ပေ။

သို့သော် ယန်ယဲ့ ၏ဓားစိတ်ဆန္ဒ က သာမန်
ကောင်းကင်အဆင့် ဓားစိတ်ဆန္ဒ မဟုတ်ပေ။
၎င်းသည် ဓားစိတ်ဆန္ဒမျိုးစုံ
ပေါင်းစပ်ထားသည့် ကောင်းကင်အဆင့် ၁
ဓားစိတ်ဆန္ဒ ဖြစ်သည်။

ယန်ယဲ့ ပိုင်ဆိုင်သည့် ဓားနယ်မြေ နှင့်
ထိုထူးဆန်းသည့် ကောင်းကင်အဆင့် ၁
ဓားစိတ်ဆန္ဒ နှင့်ပေါင်းစပ်လိုက်သည့်အခါ
သူ၏ဓားနည်းစနစ်က လုံးဝကို
အသုံးမဝင်တော့ပေ။

ထို့ကြောင့် အမှန်တိုင်းဆိုလျှင် သူ့အနေဖြင့် ယန်ယဲ့ ကို အနိုင်ယူရန်မဖြစ်နိုင်ဘဲ အသက်ရှင်ရန် ပင်လျှင် အသည်းအသန် ကြိုးစားရမည်ဖြစ်သည်။

ကျန်းယွင် လည်း အံ့သြသွားသည်။ သူက ရုတ်တရက် အံ့အားသင့်မှုနဲ့ မိုရီရဲ့ ကို ခဏကြာစိုက်ကြည့်နေသည်။

"စီနီယာအစ်ကို က အဲဒီလိုပဲ အရှုံးကို ဝန်ခံလိုက်တာလား"

မှန်သည်။ သူတွေးနေသည့်အရာကလည်း မလွန်ပေ။

မိုရိရဲ့က သိုင်းကျောဇ် များကိုပင် အနိုင်ယူနိုင်သည့် ပါရမီရှင်တစ်ဦးဖြစ်သည် မဟုတ်ပါလား။

သို့သော် ယခုအချိန်တွင် သူ၏ စီနီယာအစ်ကို က အရှုံးကို တိုက်ရိုက် ဝန်ခံခဲ့သည်။

ထိုသို့ဆိုလျှင် ယန်ယဲ့ ၏အစစ်အမှန်ခွန်အားက သိုင်းကျောဇ် ထက်ပင် ပို၍ ကြောက်စရာကောင်းနေသည်လော?

"မင်းက ဘာကိစ္စ ရပ်နေတာတုန်း?" မိုရီရှဲ့က
အေးစက်စက် အော်ငေါက်လိုက်သည်။ "သွား!
ဂျူနီယာညီမလေးကို ခေါ် ပြီး
အမြန်ထွက်သွားတော့!"

ကျန်းယွင် က ရုတ်တရက်
ထိတ်လန့်နေရာကနေ သတိပြန်ဝင်လာပြီး
ကျန်းလင် ၏လက်ကိုဆွဲကာ အဝေးဆီသို့
တဟုန်ထိုး ပြေးထွက်သွားတော့သည်။

၇၀၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၀၉ - ထွက်ပြေးကြခြင်း

"ထွက်သွားဖို့မစဉ်းစားနဲ့!" ဒီအချိန်မှာပဲ ယန်ယဲ့
၏အသံက ပဲ့တင်ထပ်ပြီး ဓားစိတ်ဆန္ဒ ကြိုးမျှင်
၂ ချောင်းက အလင်းတန်းများသဖွယ်

ထိုမောင်နှမနှစ်ယောက်ဆီကို
ပစ်လွှတ်လိုက်ပါသည်။

ဓားစိတ်ဆန္ဒ ကြိုးမျှင် ၂ ချောင်းက
လျှပ်စီးတန်းများကဲ့သို့ အလွန်လျင်မြန်ပြီး
ကျန်းယွင် နှင့် ကျန်းလင် ထံ တိုက်ရိုက်
တိုးဝင်သွားပါသည်။

အမှန်စင်စစ် ယန်ယဲ့ က မြင့်မြတ်နယ်မြေ
၏အဖွဲ့ဝင်များကို မည်သည့်အခါမှ
ကရုဏာပြမှာ မဟုတ်ပေ။

ဆူး!

သို့သော်လည်း အဖြူရောင် အလင်းတန်း ၂ ခု ရုတ်တရက် လင်းလက်သွားပြီးနောက် ယန်ယဲ့၏ ဓားစိတ်ဆန္ဒ ကြိုးမျှင် ၂ ချောင်းက အပိုင်းပိုင်းကွဲသွားခဲ့သည်။

နောက်အခိုက်မှာပဲ ဓားကြိုးမျှင် ၂ ချောင်းက ပေါင်းစည်း၍ ထပ်မံပျံသန်းသွားပါတော့သည်။

သို့သော် ကျန်းလင် နှင့် ကျန်းယွင် တို့နှစ်ဦးက အလွန်ပင် ဝေးကွာသွားခဲ့သည်။

ယန်ယဲ့ က သူ့အကြည့်ကို ရုတ်လိုက်ပြီး မိုရီရဲ့ ကို ကြည့်ရင်း "မင်း ထွက်ပြေးဖို့ မရွေးချယ်ခဲ့တာ။ ကြည့်ရတာ အရမ်းယုံပုံရတယ်။ မင်းရှိကတည်းက ငါ့ရဲ့တိုက်ခိုက်မှုကို ခုခံဖို့ မင်းအလှည့်ရောက်ပြီ!"

ယန်ယဲ့ သူ့ဘယ်ဖက်လက်ကို
ချက်ချင်းလှန်လိုက်ပြီး ဓားစိတ်ဆန္ဒဓား ကို
ပြန်သိမ်းကာ ရှေးဟောင်းဓားအိမ် တစ်ခု
ဖြည်းညှင်းစွာပေါ်လာသည်။
ထို့နောက် ဓားစိတ်ဆန္ဒဓား ကို ချက်ချင်းပင်
ဆွဲထုတ်လိုက်၏။

ဓားစိတ်ဆန္ဒဓား က အပိုင်းပိုင်းကွဲအက်သွားပြီး
အလင်းတန်းတစ်ခု ကောင်းကင်ယံတွင်
လင်းလက်သွားသည်။

မိုရီရှဲ့၏မျက်လုံးများက ကျဉ်းမြောင်းလာပြီး "မိုးကောင်းကင်ခွဲခြေလှမ်း"ဟု ခပ်မြန်မြန် အော်လိုက်သည်။

သူ့အသံထွက်ပေါ်လာသည်နှင့် ယန်ယဲ့၏ဓားက မိုရီရှဲ့ကို ထိမှန်သွားသည်။ သို့သော် မိုရီရှဲ့၏ခန္ဓာကိုယ် က လုံးဝ ပေါက်ကွဲသွားခြင်းမရှိသဖြင့် ယန်ယဲ့က ချက်ချင်း မျက်မှောင်ကြုတ်သွားပါသည်။ သို့သော်လည်း မိုရီရှဲ့ရပ်နေသည့်နေရာမှာ သွေးစွန်းနေသော လက်တစ်ဖက် ပေါ်လာပြီး

အနက်ရောင်ဓားကို တင်းကျပ်စွာ
ဆုပ်ကိုင်ထား၏။

"ယန်ယဲ့! မင်းက ငါ့ကို အနိုင်ယူလိုက်ပြီ။
ငါ့နောက်မှာ မြင့်မြတ်နယ်မြေကနေ
စေလွှတ်မဲ့သူတွေက မင်းထင်ထားတာထက်
အများကြီးကျော်နေမယ်ဆိုတော့
ဂုဏ်ယူပါတယ်။ ငါပြောတာကို ယုံပါ။ ငါ
တမင့်ချဲ့ကားပြောနေတာမဟုတ်ဘူး။
အဲဒီလူမိုက်တွေက မင်းကို
စိတ်ပျက်စေမှာမဟုတ်ဘူး။"

မိုရီရဲ့ ဧါအသံ က ကီလိုမီတာ ၅၀၀ ကျော်အဝေးကနေ ပဲ့တင်ထပ်နေသည်။

ဤအချိန်မှာ တင်းရှောက်ယောင် က ယန်ယဲ့ဘေးတွင် ပေါ်လာပြီး "သူက မြင်မြတ်နယ်မြေ ရဲ့ လျှို့ဝှက်နည်းစနစ် တစ်ခုခုကို သုံးလိုက်တာထင်တယ်"ဟု ပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းညိတ်ပြီး ပြောသည်။ "သူက ယောင်ယဲ့ ထက် အများကြီးပိုသန်မာတယ်။တကယ်လို့ ငါ့ဓားစိတ်ဆန္ဒသာ အဆင့်မြင့်မသွားရင် သူ့ရဲ့တိုက်ခိုက်မှုကို ဘယ်လိုမှ ခုခံနိုင်မှာမဟုတ်ဘူး။ ကောင်းပြီ.... သူ့ကိုရှာပါ။ ရှာတွေ့ရင် ချက်ချင်းအကြောင်းကြားပါ။"

"ငါ အမိန့်ပေးထားပြီးသား!" တင်းရှောက်ယောင် က ပြောသည်။

ယန်ယဲ့ က သူမကို စိုက်ကြည့်ကာ ပြုံးပြလိုက်သည်။

တင်းရှောက်ယောင် အား တောင်ပိုင်းနယ်မြေကို စီမံခန့်ခွဲခွင့် ပေးခဲ့ခြင်းမှာ အမှန်ပင် မှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်ခဲ့သည်။

သူမက သူ့အား ခေါင်းကိုက်ရမည့် ဒုက္ခပေါင်းများစွာမှ ကယ်တင်ပေးလိုက်ခြင်းပင်။

"ယောင်ယဲ့ အသက်ရှင်နေသေးလို့!" တင်းရှောက်ယောင် က ရုတ်တရက် ပြောလာသည်။ "ငါ သူ့ကို အသက်ရှင်ခွင့် ပေးလိုက်တယ်"

"ဘာကြောင့်လဲ?" ယန်ယဲ့ က အနည်းငယ်အံ့သြသွားပြီး မေးလိုက်၏။

တင်းရှောက်ယောင် က နားရွက်နောက်မှ ဆံစများကို သပ်လိုက်ကာ "သူ့ကို မြို့ရိုးပေါ်မှာ ကိုယ်လုံးတီးနဲ့ ဆွဲထားခဲ့တယ်။ စိတ်မပူပါနဲ့

ငါသူ့ကိုဒုက္ခပေးမယ်။ သူ့ကို နေ့တိုင်း ဂရုစိုက်ဖို့ ငါ အမိန့်ပေးထားတယ်”

ယန်ယဲ့ က ထပ်မံ အံ့ဩသွားသည် “ဘာလို့လဲ”

“မိန်းမတွေက အရမ်း ရန်ပြိုးထားတတ်တာ နင် မသိဘူးလား” တင်းရှောက်ယောင် က ယန်ယဲ့ ကို မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး " ငါသာ သူ့လက်ထဲ ရောက်သွားခဲ့ရင်၊ သူ အခုကြုံတွေ့နေရတဲ့ အကျိုးဆက်တွေထက် အများကြီး ပိုကောင်းမှာ မဟုတ်ဘူး။"

ယန်ယဲ့ ၏ ပါးစပ်ထောင့်များသည် သူမကို ကြည့်ရင်း အနည်းငယ် လှုပ်ယမ်းသွားသည်။ သူ့စိတ်ထဲလည်း ဤမိန်းမပျိုကို မည်သည့်အခါမှ ပြဿနာမရှာဟု ဆုံးဖြတ်လိုက်၏။

အခြား အရာကိုအသာထား၊ သူမက ချင်ရှီယူ နှင့် ရှောင်ယုရှီ တို့ကြားမှာ ရန်တိုက်ပေးခဲ့လျှင် အတော်လေး ဒုက္ခများသွားပေမည်။

"ဟုတ်တယ်၊ နင် ကိုင်တွယ်ဖို့ တခြားအရာတွေ စောင့်နေတယ်!" တင်းရှောက်ယောင် က ရုတ်တရက်ပြောလိုက်သည်။

"ဘာလဲ?"

“ငါ မိုကလန်ကို ချိတ်ပိတ်လိုက်ပြီ။ နင့် ဆုံးဖြတ်ချက်ကဘာလဲ"

ယန်ယဲ့ က ခဏတာတိတ်ဆိတ်သွားပြီး
သူ့အသံက အေးစက်သွားပါသည်။
"သူတို့အားလုံးကိုသတ်ပစ်လိုက်!"

သူ့အသံက နောက်တစ်ကြိမ်
ထပ်ပေါ်လာပြီးနောက် "နေဦး! မိုချင်းရှယ် နဲ့
သူမနဲ့ပတ်သက်နေတဲ့လူတွေကိုတော့
လွှတ်ပေးလိုက်။ ဘာပဲဖြစ်ဖြစ် သူမ ငါတို့ကို
သစ္စာမဖောက်ဘူး”

တင်းရှောက်ယောင် က သူ့ကို မော့ကြည့်ပြီး
“နားလည်ပြီ!”

သူမက ခဏရပ်ပြီး “နင် ဘာဆက်လုပ်ဖို့
ရည်ရွယ်ထားလဲ”

ယန်ယွဲ့ က တစ်ဖက်ပြန် လှည့်ပြီး ရှေ့ကို
လှမ်းကြည့်လိုက်သည်။ သူကြည့်နေသော
ဦးတည်ရာက ဗဟိုနယ်မြေ၏
အလယ်တည့်တည့်ဖြစ်ပြီး

မြင့်မြတ်သောဟန်အင်ပါယာ

တည်ရှိသည့်နေရာပါ။

ရှေးဟောင်းဒိုမိန်းမြို့။

ယန်ယွဲ့က အခန်းထဲမှာ

ရင်သွေးငယ်တစ်ဦးအား ကိုင်ဆောင်ထားပြီး

ရင်သွေးငယ်၏နှာခေါင်းကို

ချစ်စဖွယ်အမူအရာဖြင့်

အဆက်မပြတ်ထိလျက် အခန်းတွင်းရှိနေသည်။

သူ့ဘေးနားမှာတော့ ရှောင်ယုရှီ၊ ချင်ရှီယူ နှင့်

စုချင်းရှီ တို့ ရှိနေကြသည်။

ခရမ်းရောင်မင့်ခ်ကလေး နှင့် လဲ့လင် တို့လည်း ရှိနေပါသည်။

ဤအချိန်မှာ အခန်းထဲက သူနှင့် အရင်းနှီးဆုံးလူများဖြင့် ပြည့်နေသည်။

ယန်ယဲ့ က အသံ တိုးတိုးလေးမေးလိုက်သည်။ "ယောင်အာ နဲ့ ပေါင်အာ ကို အကာအကွယ်ပေးတဲ့ လူတွေရှိတယ် ဟုတ်လား "

စုချင်းရှီ က ခေါင်းညိတ်ပြီး ပြောလိုက်သည်။

"နတ်မိစ္ဆာကေရာဇ်က သူတို့အပေါ်

အာကာသနည်းစနစ်ကို ချထားတယ်။

တကယ်လို့ သူတို့ အန္တရာယ်ကြုံတာနဲ့

နတ်မိစ္ဆာကေရာဇ်က ချက်ချင်း

ရောက်လာလိမ့်မယ်။

ဒါ့အပြင် တင်းရှောက်ယောင် က သူတို့ဘေးမှာ

အဆင့်မြင့်

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေ

စေလွှတ်ပြီး အချိန်ပြည့်

စောင့်ရှောက်ထားတယ်။ ဒါပေမဲ့

ယောင်အာလေး….”

"ဘာများလို့လဲ?" ယန်ယဲ့ က ခေါင်းမော့ပြီး စုချင်းရှီ ကို စိုက်ကြည့်သည်။

စုချင်းရှီ က "သူမက နင့်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေတယ်လို့ ခံစားရတယ်၊ ဒါကြောင့် ဖွဲ့နပဲနဲ့ မနားတမ်းကျင့်ကြံနေတာ...။"

ယန်ယဲ့ က ခေါင်းခါပြီး "အဲဒီမိန်းကလေး…. ငါ့ကိုယ်စား သူမကို ပိုဂရုစိုက်ပါ။ ဒီအချိန်တစ်လျှောက်လုံး ငါက

မြင့်မြတ်နယ်မြေတွေ၊
မြင့်မြတ်သောဟန်အင်ပါယာတို့နဲ့ အချိန်တိုင်း
တိုက်ခိုက်နေရတော့ မင်းတို့နဲ့အတူ
နေထိုင်ဖို့အချိန်မရခဲ့ဘူး။"
ဤစကားပြောပြီးသည်နှင့် လူတိုင်းကို
တစ်ချက်ကြည့်လိုက်သည်။
သူ့မျက်နှာမှာလည်းအပြစ်ရှိသည့်
အမူအရာတစ်ခု ပေါ်လာ၏။

စုချင်းရှီ က ခေါင်းခါသည်။ "ဒါက ငါတို့ကသာ
အရမ်းအားနည်းနေတာပါ။ ငါတို့ အန်နန်ကျင်း

လို ခွန်အားကို ပိုင်ဆိုင်ထားရင် နင်ကိုယ်တိုင် ဒီလိုဖိအားတွေကို ခါးစီးခံရမှာ မဟုတ်ဘူး။”

"ငါ ကြိုးစားပါ့မယ်!" ရှောင်ယုရှီက လေးနက်တည်ကြည်သော လေသံဖြင့် ဆတ်ခနဲ ပြောလိုက်သည်။

ခရမ်းရောင်မင့်ခ်ကလေးကလည်း ခေါင်းညိတ်သည်။ ထိုအချိန်တွင် ခရမ်းရောင်မင့်ခ်ကလေး ၏ဘေးမှ လဲ့လင်

ကလည်း ရမ်းပြီး
ကပျာကယာခေါင်းညိတ်လိုက်သည်။

ယန်ယဲ့ က ပြုံးပြပြီး "မင်းတို့အားလုံးကို
ဒီကိုခေါ် ခဲ့တာဆိုတော့ ငါက မင်းတို့အားလုံးနဲ့
တစ်ခုခုဆွေးနွေးချင်တာကြောင့်"

"ဒါ နင့်ရဲ့မိသားစုကိစ္စမို့ ငါဝင်မစွက်ဖက်ဘူး!"
ချင်ရှီယူ က ရုတ်တရက်စကားပြောပြီးနောက်
လှည့်ကာ အခန်းအပြင်သို့ ထွက်သွားသည်။

"ဒါလည်း မင်းပိုင်တာပဲ!" ယန်ယွဲ့ ၏ အသံက ထွက်ပေါ်လာသည်။

ချင်ရှီယူ ၏ခန္ဓာကိုယ်လေးက အနည်းငယ် တုန်ခါသွားပြီး နေရာမှာပင် မလှုပ်မယှက် ရပ်နေလိုက်သည်။

ယန်ယွဲ့ က သက်ပြင်းချပြီး "ရှီယူ! ဒီကာလမှာ မင်းကို လျစ်လျူရှုခဲ့တာ ငါသိပါတယ်၊ ဒါမှမဟုတ် မင်းကို ရှောင်နေတယ်လို့ ငါပြောရမယ်။

ငါ့အဲလိုလုပ်ရတဲ့အကြောင်းရင်းက ယုရှီ နဲ့ ချင်းရှီ ကို နာကျင်ရမှာကြောက်လို့ပါ”

"ဒါဆို နင် ငါ့ကိုကျ ထိခိုက်မှာမကြောက်ဘူးလား" ချင်ရှီယူ က သူ့ကို လှည့်ကြည့်လာရင်း ပြောလိုက်ပါသည်။

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၁၀ - ဗဟိုနယ်မြေသို့

ယန်ယဲ့ က စုချင်းရှီ နှင့် ရှောင်ယုရှီ ကို တစ်ချက်ကြည့်လိုက်ပြီး “မင်းတို့ထဲက တစ်ယောက်ယောက်နဲ့ ရှိနေရတာ အရမ်းကံကောင်းပါတယ်။ ဒါပေမဲ့ ခံစားချက်တွေနဲ့ ဆက်ဆံရေးတွေ ကြုံလာတဲ့အခါ ငါတော်တော်လေး ပြတ်ပြတ်သားသားနဲ့ ချီတုံချတုံဖြစ်နေတယ်၊ အဲဒါက လက်ရှိအခြေအနေကို ဖြစ်စေတယ်။ ဟုတ်ပါတယ်၊ ဒီလိုအခြေအနေမျိုးက

ငါ့အတွက် ကောင်းတယ်၊ ဒါပေမဲ့ အဲဒါက
မင်းတို့အားလုံးအတွက် အရမ်းမတရားဘူး။”

ယန်ယဲ့ ၏စကားက အမှန်ဖြစ်နေသောကြောင့်
မိန်းမပျို ၃ ဦးလုံး နှုတ်ဆိတ်နေခဲ့သည်။
မည်သည့်အမျိုးသမီးကမှ သူတို့၏ချစ်သူကို
အခြားတစ်ယောက်နှင့် ဝေမျှရန် ဆန္ဒမရှိခဲ့ပေ။
မှန်သည်။ အနီ အမျိုးသမီးက ချမ်းသာကြွယ်ဝန်
သို့မဟုတ်
အခြားအရာတစ်ခုခုလုပ်ဆောင်နေလျှင်တော့
ခြားနားသည့်အခြေအနေတစ်ခုဖြစ်သွားပေမည်
။

ယန်ယဲ့ က ယန်နင်ရှဲ့ကို
ခရမ်းရောင်မင့်ခ်ကလေး ရှေ့မှာ
ထားလိုက်သည်။

ခရမ်းရောင်မင့်ခ်ကလေးက
သူမ၏လက်သည်းလေးကို ဝှေ့ယမ်းကာ
မျက်တောင်ပုတ်ခတ်လုပ်ရင်း
ယန်နင်ရှဲ့ကိုကြည့်နေလေသည်။
ဤအချိန်မှာ
ခရမ်းရောင်အလင်းလွှာပါးပါးလေးတစ်ခုက
ယန်နင်ရှဲ့ကို ဖုံးအုပ်ထားသည်။

အလင်းရောင်အတားအဆီးထဲမှ
ကလေးငယ်ကို စိုက်ကြည့်ရင်း
ခရမ်းရောင်မင့်ခ်ကလေးက မျက်လုံးများ
အဆက်မပြတ်မှိတ်တုတ်မှိတ်တုတ်နှင့်
စူးစိုက်ကြည့်နေ၏…။

လှဲလင် ၏အကြည့်များကလည်း ယန်နင်ရှဲ့
ပေါ်သို့ ကျဆင်းသွားသည် ။
သူမလေးက မျက်တောင်ခတ်ကာ လက်ကို
ဆန့်၍ ယန်နင်ရှဲ့ ဆီသို့ လှမ်းလိုက်သည်။

သို့သော် လဲ့လင် က
နတ်လျှပ်စီးဖြစ်နေသောကြောင့်
ခရမ်းရောင်မင့်ခ်ကလေးက သူမကို
တားလိုက်၏။

လဲ့လင် က အောက်နှုတ်ခမ်းကို ဖိကိုက်ကာ
လက်ဖျောက်တစ်ချက်တီးလိုက်သည်။
ထို့နောက်မှာပဲ သူမ၏လက်ထဲမှ
တောက်ပနေသည့် လျှပ်စီးကြောင်းက
ချက်ချင်းပျောက်ကွယ်သွားပါတော့သည်။
လဲ့လင် ၏လက်က
ခရမ်းရောင်အတားအဆီးထဲမှာ

နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည့်
ယန်နင်ရှဲ့လေးဆီကို
တဖန်ပြန်ရွှေ့လျှားလာပါသည်။

ယန်ယွဲ့ က ခရမ်းရောင်မင့်ခ်နှင့် လဲ့လင်ကို
နောက်ထပ် ဂရုမစိုက်တော့ဘဲ
အကောင်လေးနှစ်ယောက်က သူ့သမီးကို
ဒုက္ခမပေးမှန်းသိထား၏။

ယန်ယွဲ့ က ချင်ရှီယူ ဆီသို့ လျှောက်မသွားခင်
စုချင်းရှီ နှင့် ရှောင်ယူရှီတို့ကို လက်တစ်ဖက်စီ
ဆုပ်ကိုင်လိုက်သည်။ “ငါ အပြစ်ရှိသလိုလို

ခံစားချက်မျိုး မပြောချင်ပါဘူး။ ဘာပဲဖြစ်ဖြစ်
မင်းတို့အားလုံးကို ငါထားခဲ့မှာ မဟုတ်ဘူး၊
မင်းတို့အားလုံး ငါ့ကိုထားခဲ့ဖို့ ခွင့်မပြုဘူး။
ငါမင်းတို့ကို အကြွေးဆပ်ဖို့
ငါ့တစ်သက်တာလုံးသုံးမယ်!"

"နင် အကျိုးရှိတုန်းပဲ မဟုတ်လား" ချင်ရှီယူ က
သူ့ကို မျက်စောင်းထိုးလိုက်သည်။

စုချင်းရှီ နှင့် ရှောင်ယူရှီ တို့လည်း ယန်ယွဲ့ ကို
တစ်ချက်ကြည့်လိုက်သည်။ ဤယောက်ျားက
ပို၍ အရှက်မဲ့လာသည်။

သူက
ဇနီးမယားတစ်ယောက်ထက်ပိုရှိခြင်းအကြော
င်း ပြောနေသည်ကိုပင် သူ့အတွက်
ဂုဏ်ယူစရာဟု ယူဆနေသည်လား။

"အားလုံး တစ်နေရာရာကို ခေါ်သွားခွင့်ပြုပါ!"
ယန်ယဲ့ က သူမတို့ ၃ ဦးကို မူလစေတီထဲမှ
ကမ္ဘာသို့ခေါ်ဆောင်သွားလိုက်သည်။

။

ချင်ရှီယူ က မူလစေတီ ထဲသို့ ပထမဆုံးအကြိမ်
ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ သူမက ရှေ့မှ

ကမ္ဘာကို ဦးစွာ စိုက်ကြည့်ရင်း၊ ထို့နောက် ယန်ယဲ့ ၏ ခန္ဓာကိုယ်ထဲတွင် အမှန်တကယ် ဤကမ္ဘာကြီးရှိနေသည်ကို မထင်မှတ်ထားသောကြောင့် တုန်လှုပ်သွားသည်။

“ဒီကမ္ဘာကြီးထဲမှာ စွမ်းအင်တွေ ဘယ်လောက် ပေါများတယ်ဆိုတာ မင်းတို့အားလုံး နားလည်နိုင်မယ်ဆိုတာ ငါသေချာပါတယ်။ မင်းတို့ အားလုံး အခုကစပြီး ဒီမှာ ကျင့်ကြံလို့ရပြီ။ ဘယ်လိုထင်လဲ?" ယန်ယဲ့က မေးလိုက်သည်။

သူ မူလစေတီ ထဲသို့ ခေါ်လာသည့်
အကြောင်းအရင်းမှာ ပထမအချက်က သူတို့ ၏
ခွန်အားကို မြန်မြန်ဆန်ဆန်
မြှင့်တင်ပေးချင်သောကြောင့်ပါ။

ဒုတိယအချက်မှာ ၎င်းသည် သူ့ကို
သက်တောင့်သက်သာ ဖြစ်စေသောကြောင့်
ဖြစ်သည်။

လက်ရှိတွင် မြင့်မြတ်နယ် က သူ့ကိုသာ
ပစ်မှတ်ထားပြီး စုချင်းရှီ နှင့် အခြားသူများကို
တိုက်ခိုက်ခြင်းမပြုသေးပေ။

သို့သော် မြင့်မြတ်နယ်မြေ ၏အဖွဲ့ဝင်များက စုချင်းရှီ နှင့် အခြားသူများကို မည်သည့်အချိန်မှာ ပစ်မှတ်ထားလာမည်ကို မသိနိုင်ပေ။

ချင်ရှီယူ က ရုတ်တရက်ပြောလိုက်သည်။ "ဒီမှာကြောက်စရာကောင်းတဲ့ စစ်တပ်တစ်ခုကို လေ့ကျင့်ပေးနိုင်တယ်။"

“မဟုတ်ဘူး!” စုချင်းရှီ က ချက်ချင်းထကန့်ကွက်သည်။ “ဒါက အံ့သြစရာကောင်းလွန်းတယ်။ အပြင်လူတွေက

ဒါကိုသိရင် ငါတို့ခင်ပွန်းအတွက်
ဒုက္ခရောက်လိမ့်မယ်!”

ရှောင်ယုရှီ လည်း
ခေါင်းညိတ်သဘောတူလိုက်သည်။

ယန်ယဲ့ က "ငါလည်း အဲဒါကို စဉ်းစားဖူးတယ်။
ဒါပေမဲ့ ချင်းရှီ ပြောသလိုပဲ။ ငါတို့ရဲ့အင်အားက
အားနည်းလွန်းတော့ အဲဒါကို ဖော်ထုတ်ရရင်
ငါတို့အတွက် လုံးဝ ကပ်ဘေးဖြစ်လိမ့်မယ်။
သိုင်းကျောင်း ဒါမှမဟုတ်
သူတော်စင်တစ်ပိုင်းအဆင့် ကိုရောက်ရင်တော့

လွယ်သွားလိမ့်မယ်။ အကြွင်းမဲ့ ခွန်အားကို ပိုင်ဆိုင်ပြီးတာနဲ့ ငါဒါကို သတ္တိရှိရှိ လုပ်နိုင်မှာပါ!”

ချင်ရှီယူ က ခဏလောက်စဉ်းစားပြီး ခေါင်းညိတ်လိုက်ပါသည်။

“အနာဂတ်မှာ ဒီမှာ ကျင့်ကြံရမယ်။ ဒါဆိုရင် ငါတို့က အမြန်သန်မာလာမယ်။ ပြီးတော့ အချိန်တိုင်း နင့်ဘေးနားမှာရှိနေနိုင်ပြီ။" ရှောင်ယုရှီက ပြောလေသည်။

"သဘောတူတယ်!" စုချင်းရှီ နှင့် ချင်ရှီယူ ကလည်း ကိုယ်စီ ခေါင်းညိတ်ကြသည်။

“ဒီမှာ အိမ်ဆောက်ရမယ်။ ငါတို့ပိုင်တဲ့အိမ်!" ချင်ရှီယူ က ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ကာ ရုတ်တရက်ပြောလိုက်သည်။

စုချင်းရှီ နှင့် ရှောင်ယုရှီတို့လည်း အလျင်စလို ခေါင်းညိတ်သဘောတူကြပြီး ထိုအိမ်ကို မည်ကဲ့သို့ဆောက်ရမည်ကို လျင်မြန်စွာ ဆွေးနွေးကြတော့သည်...။

ယန်ယဲ့ က မူလစေတီထဲကနေ ပြန်ထွက်လာပြီး တင်းရှောက်ယောင် နှင့် တစ်ညလုံးနီးပါး ဆွေးနွေးခဲ့သည်။

နောက်တစ်နေ့ မနက်ရောက်သည့်အခါ ခရမ်းရောင်မင့်ခ်ကလေးနှင့် လဲ့လင် ကိုခေါ်၍ ဗဟိုနယ်မြေ သို့ စတင် ခရီးထွက်ပါတော့သည်။

“လက်နက်ချတဲ့သူတွေ အသက်ရှင်မယ်!"

ဤသည်မှာ ယန်ယွဲ့ ဗဟိုနယ်မြေသို့
ရောက်သည်နှင့် ပထမဆုံးပြောခဲ့သော
စကားဖြစ်သည်။

ထိုကြေညာသံ ထွက်ပေါ်လာသောအခါ
ဗဟိုနယ်မြေတစ်ခုလုံး
ရုတ်ရုတ်သဲသဲဖြစ်သွားခဲ့သည်။

ယန်ယွဲ့ ၏လက်ရှိအင်အားက
သိုင်းကေရာဇ်အဆင့် အောက်
ပြိုင်ဖက်ကင်းဖြစ်နေသောကြောင့်

ဗဟိုနယ်မြေတစ်ခုလုံး မည်သူမျှ
ရှေ့ထွက်လာဝံ့ခြင်းမရှိပေ။

အမှန်အတိုင်းပြောရလျှင် ယန်ယဲ့
ဗဟိုနယ်မြေသို့
ရောက်ရှိလာရခြင်းအကြောင်းအရင်းကို
သိရှိသောအခါတွင် ဂိုဏ်းများနှင့်
မျိုးနွယ်စုများစွာက
မြင့်မြတ်သောဟန်အင်ပါယာအတွက်
အနည်းငယ် ပင်သနားသွားကြသည်။

ထိုအချိန်က ယန်ယဲ့ သည်
တောင်ပိုင်းနယ်မြေတွင်သာရှိခဲ့ပြီး သူနှင့်
မြင့်မြတ်သောဟန်အင်ပါယာကြားတွင်
ရန်ငြိုးမရှိခဲ့ပေ။
သို့သော် လော့ကျန်း က ပန်းနန်းတော်ကဲ့သို့
သေးငယ်သောအင်အားစုအတွက်နှင့် ယန်ယဲ့
ကို ရန်ငြိုးဖွဲ့ခဲ့သည်။

ဤရန်ငြိုးဖွဲ့မှုက
မြင့်မြတ်သောဟန်အင်ပါယာကို
ကြောက်မက်ဖွယ်ကောင်းသော တန်ကြေး

ပေးဆပ်စေခဲ့သည့်အပြင် ဝင်း၏အင်အားပါ

ဆုတ်ယုတ်ကျဆင်းသွားခဲ့ရသည်။

အကယ်၍ လော့ကျန်း က ယန်ယဲ့

နှင့်မိတ်ဆွေဖွဲ့ကာ ပန်းနန်းတော် ဖျက်ဆီးရန်

ကူညီခဲ့မည်ဆိုလျှင်

မြင့်မြတ်သောဟန်အင်ပါယာ

ရင်ဆိုင်ရသည့်ရလာဒ်မှာ

လုံးဝကွဲပြားသွားမည်ဖြစ်သည်။

နောက်ဆုံးတွင် ယန်ယဲ့ သို့မဟုတ် လော့ကျန်း

ဖြစ်စေ သူတို့နောက်မှာ ရပ်နေသည့်

သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါးကို မည်သူက ခုခံဝံ့ပါမည်နည်း?

ထို့အပြင် ယန်ယဲ့ ၏အကူအညီဖြင့် နတ်ဆိုးနယ်မြေကို သိမ်းပိုက်ရန် မြင့်မြတ်သောဟန်အင်ပါယာအတွက် ခက်ခဲမည်မဟုတ်ပေ။

ကံမကောင်းစွာဖြင့်၊ အရာအားလုံးက နောက်ကျသွားခဲ့ပြီဖြစ်သည်။

ဤအချိန်မှာ မြင့်မြတ်သောဟန်အင်ပါယာက ပျက်စီးလုနီးပါးဖြစ်နေပါပြီ။

"လက်နက်ချတဲ့သူတွေ အသက်ရှင်လိမ့်မယ်။"

ဤစကားသံ ထွက်လာသည်နှင့်

မရေမတွက်နိုင်သော မျိုးနွယ်စုများနှင့်

ဂိုဏ်းများက ချက်ချင်းပင် တုံ့ပြန်ခဲ့သည်။

ဤအခိုက်တွင် မြင့်မြတ်သောဟန်အင်ပါယာက

၎င်း၏နယ်မြေများကို

ထိန်းချုပ်နိုင်သေးသည်ဟု မည်သူမျှ

မယုံကြည်တော့ပေ။

အဆုံးမဲ့ခရီးကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၁၁ - ရှေးဟောင်းအရိုးစုများ

ထို့အပြင် အရေးကြီးဆုံးမှာ ယန်ယဲ့ က

သနားညှာတာတတ်သူမဟုတ်ခြင်းပင်။

အကယ်၍ ၎င်းတို့သာ ဤအချိန်တွင် ယန်ယဲ့ ကို

ဆော့န်ကျင်ပါက ရလာဒ်အနေနှင့်

မျိုးနွယ်စုတစ်ခုလုံး ပျက်စီးသွားနိုင်ပေသည်။

ထို့ကြောင့် ယန်ယဲ့ ဗဟိုနယ်မြေ
သို့ရောက်လာသည်နှင့် အင်အားစုအသီးသီး က
စဉ်းစားမနေတော့ဘဲ တန်းပြီး
လက်နက်ချလိုက်ကြသည်။

ထို့အပြင် လက်နက်ချရုံသာမကဘဲ ၎င်းတို့ကို
ယုံကြည်စေရန်အလို့ငှာ
၎င်းတို့ထိန်းချုပ်ထားသောမြို့များနှင့်ပင်
လိုက်ပါလာခဲ့ကြသည်။

ယန်ယဲ့ ကတော့ ဤအရာအားလုံးကို
ကိုင်တွယ်ရန် စိတ်မဝင်စားဘဲ

တင်းရှောက်ယောင် ကိုသာ
လက်လွှဲပေးလိုက်သည်။

ထိုကဲ့သို့ပင် အနည်းငယ် ထူးဆန်းသော
လူအုပ်စု၊ ခရမ်းရောင်မင့်ခ်ကလေးနှင့်
လျှပ်စီးကလေးမလေးတစ်ဦးအား
ပုခုံးပေါ်မှာတင်ထားသည့်
လူငယ်တစ်ယောက်က
မြင့်မြတ်သောဟန်အင်ပါယာ၏ မြို့တော်ဆီသို့
တည့်တည့် လျှောက်လာခဲ့သည်။

အစပိုင်းတွင် သူတို့၏ခရီးက အတော်လေး အဆင်ပြေနေပါသည်။

သို့ရာတွင် အင်မော်တယ်ချီလင်မြို့ ဟုခေါ်သည့် မြို့တစ်မြို့၌ ရပ်တန့်သွားခဲ့သည်။

အဝါရောင်ဝတ်လူငယ်တစ်ဦးသည် မြို့ရိုးပေါ်တွင် ပေါ်လာပြီး ရွှေရောင်ချပ်ဝတ်တန်ဆာ ဝတ်ထားသော အမျိုးသမီးတစ်ဦးက သူ့ဘေးတွင် ရပ်နေပါသည်။

ယန်ယဲ့ က ထိုအမျိုးသမီးကို မှတ်မိလိုက်သည်။ ထိုနေ့က သူ သိုင်းကမ္ဘာမြို့မှ ထွက်ခွာပြီးနောက်

သူနှင့်ပူးပေါင်းရန် ရောက်လာသည့် ထိုအမျိုးသမီးဖြစ်သည်။

"အစ်ကို ယန်! မင်း ငါ့ရဲ့ မြင့်မြတ်သောဟန်အင်ပါယာရဲ့မြို့တော်ကို တကယ်ပဲ ဖျက်တီးပစ်ဖို့ ကြံနေတာ ဖြစ်နိုင်လား" အဝါရောင်ဝတ်လူငယ် က မြို့ရိုးအထက်မှ ငုံ့ကြည့်ကာ စကားစပြောသည်။

"လော့ကျန်းက ငါ့ဇနီးတွေကို စော်ကားတဲ့နေ့က ငါ သူ့ကို ဒီလိုပဲ ပြောခဲ့တယ် ။ အခု ငါ့ကတိကို

ဖြည့်ဆည်းဖို့ ငါလာနေပြီ” ဟု ယန်ယဲ့ က ခံစားချက်မဲ့လေသံဖြင့် ပြောလိုက်ပါသည်။

လူငယ်က “အစ်ကိုယန်! လော့ကျန်းက မြင့်မြတ်သောဟန်အင်ပါယာရဲ့ ကေရာဇ်မဟုတ်တော့ဘူး။ ဒါ့အပြင် သူက ကြောက်စရာကောင်းတဲ့ တန်ကြေးကို ပေးဆပ်ခဲ့တယ်။ ဒါကိုတောင် မင်းက မရပ်ဘဲ ငါတို့ကို ရှင်းပစ်ဖို့ ကြံနေသေးတာလား?"

"လော့ကျန်း က ဒီလိုပဲလုပ်ဖို့ ရည်ရွယ်ထားတာလား?" ယန်ယဲ့ က

အေးစက်စက် ပြုံးပြီး
"အပိုစကားတွေရပ်လိုက်ရအောင်။ ဒီနေ့
ငါယန်ယဲ့ ဗဟိုနယ်မြေ ကိုရောက်လာတာက
မင်းတို့ မြင့်မြတ်သောဟန်အင်ပါယာ ရဲ့
တော်ဝင်မိသားစုကို ဖျက်ဆီးပစ်ဖို့ပဲ။"

"နင်တစ်ယောက်ထဲနဲ့ ဒီလိုလုပ်ဖို့
လုံလောက်တယ်လို့ တကယ်ထင်နေတာလား?"
အဝါရောင်ဝတ်လူငယ် ၏ဘေးမှာရပ်နေသည့်
အမျိုးသမီးက ရုတ်တရတ် ပြောလိုက်သည်။

"ဒါက ငါစမ်းကြည့်ဖို့လာတာ
အတိအကျမသိလို့ပါ!" ယန်ယဲ့ က သူ့လက်ကို
ဆန့်တန်းပြီး လေထုကို ဆုပ်ကိုင်လိုက်ရာ
ဓားစိတ်ဆန္ဒဓား တစ်ချောင်းပေါ်လာပြီး "ဒါဆို
မင်းက နောက်ပြန်ဆုတ်မှာလား။"

ယန်ယဲ့ က ဓားဆွဲထုတ်သည်ကိုမြင်သောအခါ
ခရမ်းရောင်မင့်ခ်ကလေး
၏လက်သည်းလေးကခရမ်းရောင်ဖျော့ဖျော့
တောက်ပလာကာ နတ်ဝိညာဉ်သစ်သီး ကို
ကိုက်စားနေသည့် လဲ့လင်ကို ရိုက်လိုက်သည်။
"မစားနဲ့တော့။ တိုက်ရမယ့်အချိန်ရောက်ပြီ။'

လဲ့လင်က ခရမ်းရောင်မင့်ခ်ကလေးကို
တစ်ချက်ကြည့်လိုက်ပြီးနောက် သူမလက်ထဲက
နတ်ဝိညာဉ်သစ်သီး ကို တစ်ကိုက်တည်းဖြင့်
ကိုက်ချလိုက်ပါတော့သည်။

ထို့နောက် လက်သေးသေးလေးနှစ်ဖက်ကို
ဆန့်၍ အထက်ကောင်းကင် ဆီသို့
ဝှေ့ယမ်းလိုက်သည်။

ချက်ချင်းဆိုသလိုပင် အင်မော်တယ်ချီလင်မြို့
၏အထက် ကောင်းကင်မှာ

နတ်လှျပ်စီးကြောင်းတစ်ခု ရုတ်တရက် ပေါ်လာသည်။

လူငယ် ၏ မျက်ခွံများ လှုပ်ယမ်းကာ ဆက်၍ "အစ်ကို ယန်၊ ငါတို့ ဆက်တိုက်နေမယ်ဆိုရင် တောင်ပိုင်းနယ်မြေနဲ့ ငါ့ရဲ့ မြင့်မြတ်သောဟန်အင်ပါယာအတွက် အန္တရာယ်ဖြစ်လိမ့်မယ်။

နှစ်ဖက်စလုံး အပြင်းအထန် ဒဏ်ရာရသွားနိုင်တယ်။ ပြီးတော့ နယ်ခြားမိစ္ဆာတွေ ထွက်လာခါနီးပြီ။ ဒါကြောင့်

ငါတို့ ပူးပေါင်းပြီး တိုက်ကြီးကို
ပူးပေါင်းသင့်တယ်။
ဒီလိုမှမဟုတ်ရင်၊ နယ်ခြားမိစ္ဆာတွေ
ထွက်ပေါ်လာတာနဲ့….”

“သတ်!” ယန်ယဲ့ ၏အသံသည် ရုတ်ချည်း
ပဲ့တင်ထပ်ကာ အလင်းတန်းတစ်ခုက
အင်မော်တယ်ချီလင်မြို့၏ မြို့တံခါးမကြီး
ဆီသို့ ကျရောက်သွားသည်။

အုန်း!

မြို့တံခါးကြီးက ပြင်းထန်စွာ
တုန်လှုပ်သွားသော်လည်း မပြိုကျခဲ့ပေ။

ဤအခိုက်မှာ မြို့တစ်ခုလုံးအနှံ့
အလင်းအလျှံတစ်ခု ပေါ်လာသည်ကို
မြင်လိုက်ရသဖြင့် ယန်ယွဲ့ လည်း
မျက်မှောင်ကြုတ်လိုက်သည်။

မြို့စောင့် မဟာဝက်ပါအစီအရင် လား?

“ဒါဟာ ရှေးခေတ်က ကျန်ရစ်ခဲ့တဲ့
မဟာဝက်ပါအစီအရင်တစ်ခုဖြစ်ပြီး

သိုင်းကောရာဇ်တွေရဲ့တိုက်ခိုက်မှုကို ခုခံနိုင်တယ်။” လူငယ်၏အသံ ကျယ်လောင်လာသည်နှင့်အမျှ မြို့ရိုးပေါ်မှာ အင်အား ၁၀၀,၀၀၀ ထက်မနည်းသည့် လေးတပ် ထွက်ပေါ်လာခဲ့သည်။

ထိုစစ်သည်များအားလုံးက ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူများဖြစ်သည်။

ထို့အပြင် မြို့ရိုးက ရုတ်တရက် အပေါက်များပွင့်လာပြီး ထိုအထဲကနေ လျှို့ဝှက်ဆန်းကြယ်သော အဆောင်များ

ရေးထိုးထားသည့် ရောမအမြောက်ကြီးများစွာ ထွက်ပေါ်လာကြသည်။

ထို့နောက် အမြောက်ကြီးများက ယန်ယဲ့ ကို ထိုးချိန်ထားကြသည်။

“ဒီလေးတွေ က မြေကမ္ဘာအဆင့် ရတနာလက်နက်တွေဖြစ်သလို လေးစစ်သည်တွေကိုင်ထားတဲ့ မြားတွေကလည်း မြေကမ္ဘာအဆင့် ရတနာလက်နက်တွေချည်းပဲ။

ဒါ့အပြင် အားလုံးကို အဆောင်တွေရေးထိုးပြီး တိုက်ခိုက်ရေးစွမ်းအား မြှင့်ပေးထားတယ်။

ငါ့ရဲ့မြင့်မြတ်သောဟန်အင်ပါယာက
ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူ
၁၀၀,၀၀၀ က ပစ်လွှတ်တဲ့ မြှားပေါင်း
၁၀၀,၀၀၀ ကို စမ်းသပ်ခဲ့ပြီးပြီ။

အဲဒါကတော့ စမ်းသပ်မှုအချိန်မှာ
မြင့်မြတ်သောဟန်အင်ပါယာက
သိုင်းကျောဇ်တစ်ဦး သေဆုံးခဲ့တယ်။"

လူငယ်က ယန်ယဲ့ ကို ကြည့်ရင်း ရောမ
အမြောက်ကြီးများ ကို ညွှန်ပြပြီး “ဒါတွေက
စွမ်းအင်အမြောက်တွေ။ မှန်တယ်။
အားလုံးလည်း ရှေးခေတ်က

ရတနာလက်နက်တွေ။ ဒီအချိန်မှာ
တိုက်ကြီးတစ်ခုလုံးက ဘယ်သူမှ ဒီလို
စွမ်းအင်အမြောက်တွေကို
မဖန်တီးနိုင်တော့ဘူး။
အမြောက်တစ်ချက် ပစ်လိုက်တာနဲ့ အဆင့် ၅
ချိုးမြောက်ခြင်းနယ်ပယ်ပညာရှင်တွေကို
အသာလေးသတ်ပစ်နိုင်တယ်။"

"မင်း ငါ့ကို ခြိမ်းခြောက်နေတာလား" ယန်ယဲ့
က ဓားစိတ်ဆန္ဒဓား ကို ဆုပ်ကိုင်ထားရင်း
မြို့တော် တံတိုင်းဆီသို့
ဖြည်းညှင်းစွာလျှောက်လာခဲ့သည်။

ခရမ်းရောင်မင့်ခ်ကလေးက လဲ့လင် ၏ခေါင်းကို ရိုက်လိုက်ပြီး ယန်ယဲ့ နောက်သို့ အမြန်လိုက်သွားသည်။

“ငါက အစ်ကိုယန် နဲ့ သင့်တော်တဲ့ ဆွေးနွေးမှုတစ်ခု လုပ်ချင်တယ်!” လူငယ်က ပြောသည်။

"ဒါတွေအားလုံးက မလုံလောက်ဘူး!" ယန်ယဲ့ က အပြုံးနှင့် ပြောလိုက်ပါသည်။

လူငယ်က ခေါင်းညိတ်ပြီး “အစ်ကိုယန်!
ဘေးကို
တစ်ချက်လောက်ကြည့်သင့်တယ်ထင်တယ်”
ဟုဆိုသည်။

ယန်ယဲ့ က အနည်းငယ်တန့်သွားပြီး
ပတ်ဝန်းကျင်မှထူးဆန်းမှုကို
သတိထားမိလိုက်သည်။ ရုတ်တရက်
မြေပြင်တစ်ခုလုံး လှုပ်ခါသွားပြီးနောက်
ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး
အရိုးစုပေါင်း ၃၆၀ ကမြေပြင်အောက်မှ

ထွက်လာပြီး ထူးဆန်းသည့်ပုံသဏ္ဍာန်များဖြင့် ယန်ယဲ့ ကို ဝိုင်းထားလိုက်ကြသည်။

ဤအရိုးစုများအားလုံးက အလောင်းကောင်ဘိုးဘေး နှင့် ဆင်တူသော်လည်း ၎င်းတို့မှာ ခါးတွင် ချိတ်ဆွဲထားသည့်ဓားတစ်ချောင်းစီရှိနေ၏။

"ဓားအင်ပါယာယန်၊ ငါတို့ပြန်တွေ့ကြပြီ!" ထိုအချိန်မှာ အကြံပေးကျူးက မြို့ရိုးပေါ်တွင် ရုတ်တရက်ပေါ်လာသည်။

"အဲဒါမင်းပဲ!" ယန်ယဲ့ ၏ မျက်ခုံးများက
အနည်းငယ် တွဲကျနေသည်။
အလောင်းကောင်ဘိုးဘေး နှင့်
ကင်းခြေများအရိုးစု တို့ကို ထိုနေ့က
မြင့်မြတ်သောဟန်အင်ပါယာ နှင့်တိုက်ပွဲမှာ
ရင်ဆိုင်ခဲ့သဖြင့် အကြံပေးကျူး ကို လုံးဝ
မှတ်မိနေခဲ့၏။

အကြံပေးကျူး က ပြုံးပြီးပြောလိုက်သည်။
"ဒီနိမ့်ကျတဲ့ ကျူးကဲ က တိုက်ကြီး
ရဲ့ခြားအင်ပါယာ ဆီက အသိအမှတ်ပြုတာကို
ခံရလို့ အရမ်းဂုဏ်ယူမိပါတယ်။

ဓားအင်ပါယာယန် က ဒီအရိုးစုတွေကို

မသိလောက်လို့

အရင်ဆုံးမိတ်ဆက်ပေးခွင့်ပြုပါ။

သူတို့အားလုံး အသက်ရှင်နေတဲ့အချိန်တုန်းက

အဆင့် ၉ သိုင်းကျောရာဇ်တွေ ချည်းပဲ။

အခုတော့ သူတို့ရဲ့ခွန်အားက အဆင့် ၉ ချီး

မြောက်ခြင်းနယ်ပယ်ပညာရှင်တွေနဲ့

ပဲယှဉ်နိုင်တော့တယ်။

ဒါပေမဲ့ အဲဒါက

အဓိကအချက်မဟုတ်ဘူး။အဓိကကတော့

ဓားအင်ပါယာယန် က သူတို့ရဲ့အနေအထားကို

သေချာလေးသတိထားသင့်တယ်။ အဲဒါက

ငါ့ကျူးကလန် ရဲ့အစွမ်းထက်ဆုံး
ဝက်ပါနည်းစနစ်တစ်ခုဖြစ်တဲ့
ခုနစ်စင်ကြယ်ဝက်ပါအစီအရင်လို့ခေါ်တယ်။"

ထိုစကားပြောပြီးသည်နှင့် ကျူးကဲ က
တံဆိပ်တစ်ခုကို ထုတ်ယူပြီး ဝှေ့ယမ်းလိုက်ကာ
ကောင်းကင်က ချက်ချင်း မှိန်ဖျော့သွား၏။

ထို့နောက်တွင်တော့ ကောင်းကင်ယံမှာ
ပြိုးပြိုးပြက်ပြက်လက်နေသည့် ကြယ် ၇
လုံး ပေါ်လာသည်။ ထိုကြယ် ၇ လုံး ၏
အနေအထားကအရိုးစု ၃၆၀ စလုံးနှင့်
တူညီနေပါသည်။

ဤအခြေအနေက ထူးဆန်းနေသဖြင့် ယန်ယဲ့၏မျက်ခုံးများက ပို၍ပင် တင်းကျပ်စွာ တွဲကျသွားသည်။

၇၁၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၁၂ - ယွန်ချင်းယောင်

"ကြယ်တွေရဲ့စွမ်းအင်ကို စုပ်ယူလိုက်။"
ကျူးကဲ ၏အသံက ကျယ်လောင်စွာ
ထွက်လာကာ ကြယ် ၇ လုံးမှ
ကြယ်အလင်းတန်းများ ရုတ်တရက်
ထွက်ပေါ်လာပြီး ကြယ်အလင်းရောင်များက
အရိုးစုများပေါ် ကျရောက်သွားလေသည်။

ကြယ်အလင်းရောင်များ
ကျရောက်သွားပြီးနောက်အရိုးစု ၃၆၀ လုံး၏
အော်ရာများက ရုတ်တရက်
ပေါက်ကွဲထွက်လာသည်။

သိပ်မကြာခင်မှာပင်
အလွန်ကြောက်စရာကောင်းသည့်
အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။
၎င်းသည် သိုင်းကေရာဇ် အော်ရာ မဟုတ်ပေ။
သို့သော်လည်း
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ
ပိုင်ဆိုင်သင့်သည့် အရာမဟုတ်ပေ။

ကျူးကဲ က "သူတို့က သိုင်းကေရာဇ်အဆင့်မှာ
မရှိပေမယ့် သူတို့ရဲ့အော်ရာတွေက

သိုင်းကျောဇ် လိုပဲ။ ပြောရရင် သိုင်းကျောဇ်တစ်ပိုင်းအဆင့်တွေပေါ့။”

"မင်းက ငါ့ကို နည်းနည်း အံ့ဩသွားစေတယ်!" ယန်ယဲ့ က စကားပြောနေစဉ် ကျူးကဲ ကို စိုက်ကြည့်နေသည်။

အမှန်စင်စစ် ကျူးကဲ ၏နောက်ခံက လျှို့ဝှက်ဆန်းကြယ်ရှိသာမကဘဲ တစ်ခါမျှ မမြင်ဖူးသည့်အရာအားလုံးကိုပင် ပိုင်ဆိုင်ထားသည်။

ကျူးကဲ က ပြုံးပြီးပြောလိုက်သည်။

"ဓားအင်ပါယာယန် က

ဉာဏ်အလင်းရဓားနှလုံးသား နဲ့ ဓားနယ်မြေ ကို

နားလည်ထားတယ်လို့ ပြောကြတယ်။

ဒါဆို ဓားအင်ပါယာယန် ပိုင်ဆိုင်ထားတဲ့

ရုပ်ခန္ဓာခွန်အား နဲ့ ဓားနယ်မြေ ပူးပေါင်းထားရင်

ငါ့ရဲ့ ဒီအရိုးစုတွေကို တကယ်ကြောက်ဖို့

မလိုပါဘူး။

ဒါပေမဲ့ ဓားအင်ပါယာယန် က ဒီအရိုးစုတွေကို

လျှော့တွက်နေသေးတယ်ထင်တယ်။

သိုင်းကေရာဇ်တစ်ပိုင်းအဆင့် ခွန်အားရှိတဲ့

အရိုးစု ၃၆၀ လုံးပေါင်းစပ်လိုက်ရင် ဘယ်လိုဖြစ်မလဲ။"

ယန်ယဲ့ ၏မျက်လုံးများက ရုတ်တရက် ကျဉ်းမြောင်းလာသည်။ ထိုအချိန်တွင် ကျူးကဲက ရုတ်ချည်း အော်ဟစ်လိုက်သည်။
"ပေါင်းစပ်!"

ကျူးကဲ အသံထွက်လာပြီးနောက် အရိုးစု ၃၆၀ က ခါးမှ ဓားသွားများကို ဆုပ်ကိုင်လိုက်ပြီး

အလင်းတန်းပေါင်း ၃၆၀ က

ဓားလက်ကိုင်ရိုးများထဲသို့ စီးဝင်လာပါသည်။

ထို့နောက် အားလုံးက လေထဲမှာပင်

ဖြည်းညှင်းစွာပေါင်းစပ်သွားကြ၏။

တစ်ချိန်တည်းမှာပင် ၎င်းတို့က အပြည့်အဝ

ပေါင်းစပ်သွားကာ  မမြင်နိုင်သော

ဖိအားလှိုင်းလုံးကြီးက ယန်ယွဲ့ အပေါ်သို့

ရုတ်ချည်း ဆင်းသက်လာကာ ဖိနှိပ်ခဲ့သည်။

ရုတ်တရက်ပင် ယန်ယဲ့ ထံမှ
ဓားကြိုးတစ်ချောင်း ထွက်လာပြီး
နောက်ဆုံးတွင် ၎င်းတို့အပေါ် ဖိအားများ
လျော့ကျသွားခဲ့သည်။

“သူတို့ရဲ့ ခွန်အားတွေ စုပေါင်းလိုက်တာနဲ့
သိုင်းကျောဇ်တစ်ပိုင်းအဆင့်
ခွန်အားမဟုတ်တော့ဘူး။
တစ်စုံတစ်ယောက်က
ဒီခုနစ်စင်ကြယ်ဝက်ပါကို အသုံးပြုခဲ့ဖူးတယ်။

ဆားအင်ပါယာယန်! ဘယ်လောက်
အစွမ်းထက်တယ် ဆိုတာ မင်းသိလား" ကျူးကဲ
က ယန်ယဲ့ မဖြေခင်မှာပဲ
ဆက်ပြောလိုက်သည်။ "သူတို့
တိုက်ခိုက်မှုအောက်မှာ အဆင့် ၉
သိုင်းကျောဇ်တစ်ယောက် သေသွားပြီ”

ဤအချိန်မှာ ယန်ယဲ့ လည်း
တုန်လှုပ်သွားရုံသာမက၊ ကျူးကဲ ၏ဘေးမှ
လူငယ်လည်း ထိတ်လန့်သွားပါသည်။

ကျူးကဲ ဖန်တီးထားသည့်
ဝက်ပါတိုက်ခိုက်နည်းကို သူ သိနေသော်လည်း
အလွန်ကြောက်မက်ဖွယ်ကောင်းသည်ဟုတော့
မထင်ထားပေ။

"အဆင့် ၉ သိုင်းကေရာဇ် ကို
သတ်နိုင်တာလား?"

အဝါရောင်ဝတ်လူငယ် ၏နှလုံးသားထဲမှာ
ကြောက်ရွံ့မှု အရိပ်အယောင် ရုတ်တရက်
ပေါ်လာသည်။ထို့နောက် ကျူးကဲ ကို
လေးနက်စွာ ကြည့်လိုက်မိသည်။

ကျူးကဲ က လော့ကျန်း နှင့်
ပူးပေါင်းခဲ့သည့်တိုင် လော့ကျန်း
စစ်ရှုံးပြီးနောက် မြင့်မြတ်သောဟန်အင်ပါယာ
ကို ဆက်၍ ကူညီမည်ဟု ကတိပေးခဲ့သည်။

ထို့ကြောင့် လူငယ်လေးသည် သဘာဝအတိုင်း
ဝမ်းသာအားရ သဘောတူခဲ့သည်။

နောက်ဆုံးတွင် သူက ကျူးကဲ
၏စွမ်းရည်ကိုလက်တွေ့မြင်လိုက်ရသည်။

သို့သော် သေချာတွေးမိလိုက်သည့်အခါ
ကျူးကဲ ၏အဆင့်အတန်းက ပို၍
လျို့ဝှက်ဆန်းကြယ်သည်ကို
ခံစားမိလိုက်သည်။

အဘယ်ကြောင့်ဆိုသော် ကျူးကလန် မှာ
ထိုကဲ့သို့ ဝက်ပါတိုက်ခိုက်မှုနည်းစနစ်
သို့မဟုတ် ဝက်ပါကိုပိုင်ဆိုင်ထားကြောင်း
သူကိုယ်တိုင်ပင်
တစ်ခါမျှမကြားဖူးသောကြောင့်ဖြစ်သည်။

"ဓားအင်ပါယာယန်! သိုင်းဇကေရာဇ်အဆင့်တက်ဖို့ မင်းရဲ့ လျှို့ဝှက်နည်းလမ်းကို အသုံးမချနိုင်ရင် မင်းမှာ နောက်ထပ်အခွင့်အရေးရှိတော့မှာ မဟုတ်ဘူး!" ကျူးကဲ က ရုတ်တရက် ပြောလိုက်သည်။

ယန်ယဲ့ က ကျူးကဲ ကို စိုက်ကြည့်ကာ "ငါ့အထင် မင်း မြင့်မြတ်နယ်မြေ က မဟုတ်လား?" ဤအချိန်မှာ တိုက်ကြီးတွင် ကောင်းကင်ကိုပင် ဆန့်ကျင်သည့် ကြောက်မက်ဖွယ် ဝင်္ကပါအစီအရင် ရှိနေသည်ကို သူ့စိတ်ထဲ မယုံကြည်ပေ။

တိုက်ကြီးမှာ မရှိသောကြောင့်
အခြားတစ်နေရာသာရှိတော့၏။
ထိုအရာမှာ ကျူးကဲ က မြင့်မြတ်နယ်မြေမှ
ဖြစ်သည် ။

ယန်ယဲ့ ပြောသည့်အတိုင်းပင် ကျူးကဲ က
အနည်းငယ် အံ့အားသင့်သွားပြီး
ရယ်မောလိုက်သည်။

သို့သော်၊ သူ့ရယ်မောသံက
အမျိုးသမီးတစ်ယောက်၏အသံဖြစ်နေသော

ကြောင့် လူတိုင်း၏အမူအရာများက ပြောင်းလဲသွားလေသည်။

ကျူးကဲ က သူ့လက်များကို ဆန့်၍ မျက်နှာပေါ် ပွတ်သပ်လိုက်ရာ လူတိုင်းရှေ့မှာ လှပသောမျက်နှာလေးတစ်ခုပေါ်လာသည်။

"မြင့်မြတ်အဆင့်ရဲ့အဆင့် ၇ နဲ့ ဝင်ပါအဖွဲ့ခေါင်းဆောင် ယွန်ချင်းယောင်က စားအင်ပါယာယန် ကို နှုတ်ဆက်ပါတယ်။"

အမျိုးသမီးက လက်နှစ်ဖက် ယှက်ကာ
အပြုံးနှင့် ပြောလိုက်ပါသည်။

မြင့်မြတ်အဆင့်ရဲ့အဆင့် ၇?

ယန်ယဲ့ အပါအဝင် လူတိုင်း
အံ့သြသွားကြသည်။ဤအမျိုးသမီးက
အမှန်တကယ်ပင် မြင့်မြတ်အဆင့်
၏ထိပ်တန်းပညာရှင်ဖြစ်နေကြောင်း
မမျှော်လင့်ထားကြပေ။

ထို့အပြင် သူမက မိုရီရှဲ့ထက်ပင် အဆင့်မြင့်မားခဲ့သည်။

သို့သော် ဤအရာက အဓိပ္ပါယ်ရှိပေသည်။သူမ၏တိုက်ခိုက်ရေးစွမ်းရည်နှင့်ပတ်သက်၍ မသိကြသော်လည်း သူမဖန်တီးလိုက်သည့် အရိုးစုက မိုရီရှဲ့၏အထက်မှာရပ်တည်ရန်လုံလောက်နေပါပြီ။

မိုရီရှဲ့က အဆင့် ၉ သိုင်းကောရာဇ်များကို မသတ်နိုင်ခဲ့ပေ။

" မင်းက မြင့်မြတ်နယ်မြေ ရဲ့
အဖွဲ့ဝင်တစယောက်ပေါ့။ ဒါဆို အကြံပေးကျူး
ဘယ်မှာလဲ?" အဝါရောင် ဝတ်လူငယ်က
တိုးညှင်းသော အသံ ဖြင့် မေးလိုက် သည် ။

ယွန်ချင်းယောင် က ပြုံးပြီး "သူလား…?
သေသွားပြီလေ"ဟု ပြောရင်း
သူမ၏ဆံနွယ်များကို
ဆော့ကစားနေလေသည်။

လူငယ်၏အမူအရာက

အနည်းငယ်ပြောင်းလဲသွားပြီး "မင်း…."

ဟုပြောလိုက်သည်။

လူငယ်က ယွန်ချင်းယောင် ကို

အောင်ငေါက်ရန်ပြင်လိုက်စဉ်မှာပဲ

သူ့စကားမပြောခင် ရပ်တန့်သွား၏။

နောက်ဆုံးမှာ ယွန်ချင်းယောင် ပိုင်ဆိုင်သည့်

အဆင့်အတန်းနှင့် ခွန်အားက သူမကို

အပြစ်တင်ရန် အရည်အချင်းမပြည့်မီခဲ့ပေ။

လူငယ်ပ တစ်ခုခု ပြောချင်နေပုံပေါ်သော်လည်း ယွန်ချင်းယောင် က ရုတ်တရက် အေးစက်စက်စိုက်ကြည့်ကာ "နင့်ပါးစပ်ကို ပိတ်ထားလိုက်။ ဒီနေရာမှာရှိတဲ့လူတွေထဲမှာ ဓားအင်ပါယာ တစ်ယောက်ပဲ ငါနဲ့စကားပြောဖို့ အရည်အချင်းရှိတယ်။ နားလည်လား?"

လူငယ်၏အမူအရာသည် ချက်ချင်းပင် မမြင်နိုင်လောက်အောင် ပြောင်းလဲသွားသော်လည်း ယွန်ချင်းယောင် က ၎င်းကို ဂရုမစိုက်တော့ပေ။

သူမက ယန်ယဲ့ ကို စိုက်ကြည့်ကာ “ငါ

တစ်ခုခုပြောစရာရှိလို့ ပြောရမှာ။

ကင်းခြေများအရိုးစု နဲ့ တခြားအရိုးစုတွေကို

ဆင့်ခေါ်ခဲ့တာက

ငါ့ရဲ့ရည်ရွယ်ချက်အမှန်မဟုတ်ဘူး။

ပြောရရင် အဲဒါတွေက လော့ကျန်း ကို

လှည့်စားခဲ့တာတွေချည်းပဲ။

ငါ့ရဲ့ ရည်ရွယ်ချက်က ဒီအရိုးစု ၃၆၀ ကို ရဖို့ပဲ။"

"မင်း အရမ်းယုံကြည်နေတာထင်တယ်!"

ယန်ယဲ့ က သူ့လက်ဝါးကို လှန်ကာ

ရှေးဟောင်းဓားအိမ် ကို ထပ်မံထုတ်ယူလိုက်ပြီး ဓားစိတ်ဆန္ဒများ ကိုထည့်သွင်းလိုက်သည်။

ယွန်ချင်းယောင် က ယန်ယဲ့ ၏လက်ထဲမှ ရှေးဟောင်းဓားအိမ် ကို တစ်ချက်ကြည့်လိုက်ပြီး "ပြောစရာတောင် မလိုပါဘူး၊ နင့်ရဲ့ဓားနည်းစနစ်က အရမ်းကြောက်ဖို့ကောင်းတယ်၊ ငါ့မြင့်မြတ်နယ်မြေ က သူတော်စင်အဆင့်ဓားနည်းစနစ်ထက်တောင် မနိမ့်ကျနိုင်ဘူး။

ဒါပေမဲ့ ငါ့ရဲ့ခုနစ်စင်ကြယ်ဝက်ပါကို ဖျက်ဆီးဖို့ ဒီဓားနည်းစနစ်ကို အားကိုးနေမယ်ဆိုရင်တော့ နင် ငါ့ကိုလျှော့တွက်နေတာပဲ။ မယုံရင် စမ်းကြည့်လိုက်ရအောင်။”

၇၁၃

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၁၃ - မြင့်မြတ်အဆင့် ရဲ့အဆင့် ၆

ထိုစကားပြောပြီးနောက် ယွန်ချင်းယောင် က ခဏာရပ်ကာ "ခုတ်ပိုင်းစမ်း!" ဟု အော်ဟစ်လိုက်သည်။

"ခုတ်ပိုင်းလိုက်စမ်း!" အရိုးစု ၃၆၀ ၏ အသံများ ရုတ်တရက် ထွက်ပေါ်လာပြီးနောက် ၎င်းတို့၏ ဓားရှည်များသည် လျှင်မြန်စွာ ကျဆင်းလာပြီး ဓားအလင်းတန်း ၃၆၀ ထွက်လာသည်။.

ဓားချီအလင်းတန်းများက အာကာသဟင်းလင်းပြင် ကို

ထိုးဖောက်ထွက်ကာ
ရောမဓားအလင်းတန်းကြီးတစ်ခုအဖြစ်ပြောင်း
လဲ၍ ယန်ယဲ့ ဆီသို့ ခုတ်ပိုင်းချလာသည်။

ဓားအလင်းတန်းကြီးက
အာကာသဟင်းလင်းပြင် ကို စုတ်ပြဲလွယ်သော
ပေစာရွက်လိပ်တစ်ခုကဲ့သို့ ထိုးဖောက်သွား၏။

ဓားအလင်းတန်း ဖြတ်သွားသည့် နေရာတိုင်း
အာကာသဟင်းလင်းပြင် က ချက်ချင်း
ကွဲသွားကာ ကြောက်စရာကောင်းသည့်
မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာသည်။

လဲ့လင် သည်လည်း ဤမြင်ကွင်းကြောင့် အံ့အားသင့်သွားပြီး ယန်ယဲ့ ၏နောက်ကျောသို့ချက်ခြင်းပြေးဝင်သွားသည်.. .။

ခရမ်းရောင်မင့်ခ်ကလေးက လဲ့လင် ၏ ခေါင်းကို ရိုက်ပုတ်လိုက်သည်။

"သစ္စာစောင့်သိမှု ကင်းမဲ့လိုက်တာ!" သို့သော် တစ်ချိန်တည်းပင် သူမလည်း ယန်ယဲ့ ၏နောက်မှာ ပုန်းနေခဲ့သည်။

ယန်ယဲ့ သည် ကလေးမလေးနှစ်ဦး ၏လုပ်ရပ်များကို သတိပြုမိသောအခါ ပြုံးလိုက်မိသည်။

ရှေ့ကိုတစ်လှမ်းတိုးကာ သူ့လက်ထဲက ဓားစိတ်ဆန္ဒဓား ကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်ပါသည်။

ဓားစိတ်ဆန္ဒဓား ကနေ ထွက်ပေါ်လာသည့် ဓားချီအလင်းတန်းက အရိုးစု ၃၆၀ ၏ဓားချီအလင်းတန်းထက်တော့ လုံး၀ အားနည်းသည် မဟုတ်ပေ။

အုန်း!

တစ်ခဏမျှ တိတ်ဆိတ်သွားပြီးနောက်
ရောမပေါက်ကွဲသံကြီး ရုတ်တရက်
ထွက်ပေါ်လာပြီးနောက်
စွမ်းအင်လှိုင်းလုံးများက ပတ်ဝန်းကျင်ဆီသို့
လွင့်ထွက်သွားသည်။
စွမ်းအင်လှိုင်းလုံးများ ရိုက်ခတ်သွားသည့်
နေရာတိုင်း အာကာသဟင်းလင်းပြင် က
ပြင်းထန်စွာတုန်ခါသွား၏။

ဓားချီ နှင့် အရိုးစုဓားချီက တစ်ခုနှင့်တစ်ခု ပြင်းထန်စွာ ဖိနှိပ်နေကာ မရေတွက်နိုင်သော အက်ကြောင်းများ ပေါ်လာသည်။

"မြှင့်တင်!" ယွန်ချင်းယောင် ၏အသံက ရုတ်တရက် ပဲ့တင်ထပ်ကာ ကောင်းကင်ထက်မှ ကြယ်အလင်း ၇ တန်း ရုတ်တရက် ဆင်းသက်လာပြီး ဓားချီအလင်းတန်း ထဲသို့ တိုးဝင်လာသည်။

ထို့နောက်တွင် အရိုးစု ဓားချီအလင်းတန်းကြီးကနေစူးရှသောအလင်း

တန်း ရုတ်တရက်ထွက်ပေါ်လာပြီး ယန်ယဲ့
ဧ၏ခြေစားစိတ်ဆန္ဒ ခြေစားချီကို
နှစ်ပိုင်းပြတ်ထွက်သွားကာ ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာသည်။

တစ်ဖက်တွင် အရိုးစုခြေစားချီအလင်းတန်းကြီးက
အလွန်မြန်ဆန်သောအရှိန်ဖြင့် ယန်ယဲ့ရှေ့သို့
ချက်ချင်းရောက်လာသည်။

ယန်ယဲ့ သည် ဤမြင်ကွင်းကြောင့်
ပထမဆုံးအကြိမ် လေးနက်လာခဲ့သည်။

ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ချိန်မှာ
ကောင်းကင်ဖျက်ဆီးခြင်းဓားကို
ပထမဆုံးအကြိမ် ဖျက်ဆီးခံရခြင်းပင်။

ထို့ကြောင့် အရိုးစု ၃၆၀ ၏
ပူးပေါင်းတိုက်ခိုက်မှုက မည်မျှ
ကြောက်စရာကောင်းကြောင်း သိသာပေသည်။

ယန်ယဲ့ က သူ၏ညာလက်ကိုဆန့်ကာ
ဆုပ်ကိုင်လိုက်ပြီးနောက် ကွဲအက်နေသော
ဓားစိတ်ဆန္ဒဓား က ဓားတစ်ချောင်း
ပြန်ဖြစ်လာပြီး ဆွဲထုတ်လိုက်သည်။

ဆူး!

ဓားချီက ခရုပတ်ပုံစံအတိုင်း ရှေ့သို့
ပြေးထွက်သွားပြီ
အရိုးစုဓားချီအလင်းတန်းကြီးကို
ထိမှန်သွားပါသည်။

"ခုတ်ပိုင်း!" သို့သော် ဤအခိုက်တွင်
ယွန်ချင်းယောင် ထံမှ
အသံထွက်ပေါ်လာပြီးနောက်
အရိုးစုဓားချီအလင်းတန်းတစ်ခုက ယန်ယဲ့
ဆီသို့ တဟုန်ထိုးပြေးဝင်လာခဲ့ပါသည်။

"ခုတ်ပိုင်းစမ်း!"

"ခုတ်ပိုင်းစမ်း!"

ယွန်ချင်းယောင်
ကအဆက်ပြတ်အော်ဟစ်နေကာ
ဓားချီအလင်းတန်းမြောက်များစွာက ယန်ယဲ့
ဆီသို့ ဆက်တိုက် ပျံသန်းလာလေသည်။

ဤမြင်ကွင်းကိုမြင်သောအခါ ယန်ယဲ့
၏မျက်လုံးများက ကျဉ်းမြောင်းသွားပါသည်။

"ဆန်းကြယ်ချီစွမ်းအင် မလိုအပ်ဘူးလား? ဒီသတ္တဝါတွေက အကန့်အသတ်မရှိ လုပ်ဆောင်နိုင်တာလား?"

ယန်ယဲ့ တွေးနေသည့်အရာကို သိနေသည့်အတိုင်းပင် ယွန်ချင်းယောင် က "နင်မှန်ပါတယ်၊ ဒါကို အကန့်အသတ်မရှိ ပစ်နိုင်တယ်။ ဟားဟား…။ နင် ဒါကို ဘယ်တုန်းကမှ မမျှော်လင့်ထားဘူးလို့ ငါသေချာတယ်။

နင့်ကိုပြောစရာမရှိဘူး၊ နင်က ဝက်ပါကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာ မသိရင် အဆင့် ၉ သိုင်းကျောရာဇ် တောင်မှ သေရမယ်။ ကြယ်စွမ်းအင်တွေကို စုစည်းနေတုန်း ထွက်မပြေးဘဲ ကိုယ့်ကိုယ်ကို အထင်ကြီးနေတဲ့ နင့်ကိုယ်နင်ပဲအပြစ်တင်နိုင်ပါတယ်။ အခု နင် ထွက်ပြေးဖို့ နောက်ကျသွားပြီ။"

"အခုနောင်တရနေပြီလား" ယွန်ချင်းယောင် က ဝက်ပါထဲမှာ အဆက်မပြတ် တိုက်ခိုက်နေသည့် ယန်ယဲ့ ကို ကြည့်ရင်း ပြုံးပြီး "တကယ်တော့ နင်က အရမ်းကြောက်စရာကောင်းတာကို

ဝန်ခံရမယ်။ မိုရီရဲ့နဲ့ တခြား ၂ ယောက်ကတောင် ဒီဝက်ပါထဲမှာ အကြာကြီး မထိန်းထားနိုင်ဘူး။ ဒါပေမဲ့ နင် "လွယ်လွယ်ကူကူနဲ့ ချိုးဖျက်နိုင်တယ်လို့ လုပ်နေတုန်းပဲ။ဘာပဲဖြစ်ဖြစ်လေ.... ခဏနေရင် နင်က သေရတော့မှာပဲ။"

"မင်း အနိုင်ရသွားပြီဆိုပြီး ဝမ်းသာနေပုံပဲ!" ယန်ယဲ့ က ဓားစိတ်ဆန္ဒဓား ကို တကြိမ်ဆွဲထုတ်လိုက်နောက် ရုတ်တရက် သူမကို စိုက်ကြည့်လိုက်သည်။

"အဲဒါကို နင်ဘာလုပ်နိုင်မှာလဲ" ယွန်ချင်းယောင်က မျက်နှာမှာ ထက်ရှသည့်အပြုံးတစ်ခု ရှိနေသည်။

ယန်ယွဲ့ က ရုတ်တရက် ပြုံးကာ "ငါ့မှာ ညာဏ်အလင်းရအားနှလုံးသား ပိုင်ဆိုင်ထားတယ်ဆိုတာ မင်းမေ့နေပြီလား?"

ယွန်ချင်းယောင် ၏မျက်နှာပေါ် ရှိ အပြုံးက ရုတ်တရက် အေးခဲသွားသည်။

"ချိုးဖျက်လိုက်စမ်း!"ယန်ယဲ့ က သူ၏ ဓားစိတ်ဆန္ဒကို အောက်မှ အလင်းစက်ဝိုင်းထဲသို့ ရုတ်တရက် ထိုးသွင်းလိုက်ရင်း ဒေါသတကြီး အော်ဟစ်လိုက်သည်။

ကလန်!

ဓားစိတ်ဆန္ဒဓား ကို လက်နှစ်ဖက်ဖြင့် ဖြည်းညှင်းစွာ ဆွဲထုတ်ကာ လက်ကိုလှည့်ပြီး ထိုးသွင်းလိုက်ပါသည်။

ဆူး!

ဓားက မြေပြင်ကို
တိုက်ရိုက်ထိုးဖောက်သွားသည်။

ခွပ်!

အလင်းစက်ဝိုင်းက ဖြည်းညှင်းစွာ
ကွဲအက်သွား၏။
ထို့နောက်တွင် ကြည်လင်သော
အက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး ယန်ယဲ့

၏ပါးစပ်ထောင့်မှာ အပြုံးအနည်းငယ်
ပေါ်လာသည်။

သို့သော် ဤအခိုက်အတန့်တွင်
မြေပြင်အောက်မှ အဖြူရောင်အလင်းတန်းများ
ရုတ်တရက် ထွက်ပေါ်လာပြီး
ရှောင်တိမ်းရန်ပြင်လိုက်သော်လည်း
နောက်ကျသွား၏။

အဖြူရောင်အလင်းတန်းများက
လျှပ်စီးလက်သကဲ့သို့ အရှိန်ဖြင့် သူ့ရင်ဘတ်ကို
ဖြတ်သွားသည်…။

တစ်ချိန်တည်းမှာပဲ နောက်ကျောမှာ အစိမ်းရောင်မြှားကျည်တောက် လွယ်ထားသည့် လူတစ်ယောက်က ယန်ယဲ့ ၏နောက်ကျောဖက်မှ ပေါ်လာသည်။

"မြင့်မြတ်အဆင့်မှာ အဆင့် ၆ နဲ့ မြှားပစ်အဖွဲ့ ရဲ့ အဖွဲ့ခေါင်းဆောင် ဟဲလန်ချီ က ဓားအင်ပါယာ ကို နှုတ်ဆက်ပါတယ်။" ရုတ်တရက် အေးစက်စက်အသံက ယန်ယဲ့ ၏နားထဲ ပဲ့တင်ထပ်သွားသည်။

၇၁၄

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၁၄ -  လေးပစ်ကျမ်း

"မြင့်မြတ်အဆင့် က ပညာရှင်နှစ်ယောက်..."

မြို့ရိုးပေါ် ရှိ အဝါရောင်ဝတ်လူငယ်က ယန်ယဲ့ ကို လျှော့တွက်ခြင်း မပြုတော့ဘဲ ရုတ်တရက် မြင့်မြတ်နယ်မြေ ၏ ထိပ်တန်းပညာရှင် နှစ်ဦး

ရောက်ရှိလာသောကြောင့်
ဝမ်းသာသွားခဲ့သည်။

အမှန်စင်စစ် မြင့်မြတ်အဆင့် ၏ အဆင့် ၇
ယွန်ချင်းယောင် က ယန်ယဲ့ ကို
ကောင်းစွာဖိအားပေးထားနိုင်သည်။

ထိုသို့ဆိုလျှင် အဆင့် ၆ နေရာ
ရပ်တည်နေသည့် ပညာရှင်က မည်မျှ
ကြောက်စရာကောင်းမည်နည်း။

မြင့်မြတ်သောဟန်အင်ပါယာ ၏ကနဦး ရည်ရွယ်ချက်က ယန်ယွဲ့ နှင့် ပြန်လည်သင့်မြတ်ရန်ပါ။ သို့သော်လည်း ယန်ယွဲ့ သာ သေသွားခဲ့ပါက ၎င်းအတွက် ပို၍ ကောင်းပေမည်။

"နင် ဒီကိုဘာလာလုပ်တာလဲ?" ယွန်ချင်းယောင် က နောက်ကျောမှာ မြှားကျည်တောက် လွယ်ထားသည့် လူငယ်ကို မြင်သောအခါ အနည်းငယ် ဒေါသထွက်နေသော လေသံနဲ့ ပြောလိုက်သည်။

ဟဲလန်ချီ က ယွန်ချင်းယောင် ကို ကြောက်နေပုံရပြီး ပြန်လှန် မကြည့်ဝံ့ပေ။ "မင်း အန္တရာယ်ဖြစ်မှာကို ငါကြောက်တယ် " ဟု တိုးတိုးလေးသာ ပြောလိုက်ပါသည်။

"ငါ သူ့ကို ရင်မဆိုင်နိုင်ဘူးထင်လား" ယွန်ချင်းယောင် က ဟဲလန်ချီ ကို ဒေါသတကြီး စိုက်ကြည့်နေသော်လည်း သူမ၏ အသံက ပို၍ နူးညံ့လာသည်။

"ကျူးဒန်ဖုန်း ရှုံးသွားတယ်၊ ယောင်ယဲ့ က သေတဲ့အထိ ညှဉ်းပန်းနှိပ်စက်ခံရသလို မိုရီရှဲ့ လည်း ဒဏ်ရာရပြီး ထွက်ပြေးသွားတယ်။ ယန်ယဲ့က အရမ်းသန်မာတယ်! ဟဲလန်ချီ က ညင်သာစွာပြောလိုက်သည်။

"နင်က ငါသူ့ကို ရင်မဆိုင်နိုင်ဘူးလို့ထင်နေတာ!" ယွန်ချင်းယောင် က အေးစက်စက် အော်ဟစ်လိုက်ပြီး အနည်းငယ် မကျေမနပ် ဖြစ်နေသည်။

ဟဲလန်ချီ က ခေါင်းကို အလျင်အမြန်
ခါလိုက်ပြီး "ငါ မင်းကို စိတ်ပူနေတာ!"

ယွန်ချင်းယောင် က တစ်ခုခုထပ်ပြောရန်
ပြင်လိုက်စဉ် ရုတ်တရက်
နှစ်ယောက်စလုံး၏အမူအရာများ က
ပြောင်းလဲသွားပါတော့သည်။

ထို့နောက် ယန်ယဲ့ ဖက်သို့
လှည့်ကြည့်လိုက်မိကြသည်။

ဤအချိန်မှာ ယန်ယဲ့ က ဓားစိတ်ဆန္ဒဓား ကို ကိုင်လျက် ဟဲလန်ချီ ဆီသို့ လျှောက်လာနေပါသည်။

"သူက အဆင်ပြေနေတာလား?" နှစ်ယောက်လုံး မျက်နှာပေါ်မှာလေးနက်သောအမူအရာပေါ်လာသည်။

ယွန်ချင်းယောင် ၏မျက်နှာပေါ်က အပြုံးများပျောက်ကွယ်သွားသလို ဟဲလန်ချီ

၏မျက်လုံးများလည်း သိသိသာသာ မှေးကျဥ်းသွားလေတော့သည်။

"မင်း တကယ် အံ့သြစရာပဲ!" ဟဲလန်ချီ က ယန်ယဲ့ ၏ရင်ဘတ်ကို တစ်ချက်ကြည့်လိုက်သော်လည်း ထိုဒဏ်ရာက ပျောက်ကွယ်သွားသည်ကို သတိထားမိလိုက်သည်။

"မင်းလည်း ငါ့ကို အံ့သြသွားစေတာပဲ!" ယန်ယဲ့ က "ချီးမြှောက်ခြင်းနယ်ပယ် က ဘယ်သူမဆို

ငါ့ရဲ့ နတ်နဂါးဘိုးဘေး ချပ်ဝတ်တန်ဆာကို မချိုးဖျက်နိုင်ဘူးလို့ ထင်ခဲ့တာ။ ဒါပေမဲ့ မင်းက မြှားလေးတစ်ချက်နဲ့ ထိုးဖောက်လိုက်တာ။ ကြည့်ရတာ... မြင့်မြတ်နယ်မြေ ရဲ့ ပါရမီရှင်တွေ ပိုင်ဆိုင်တဲ့အားသာချက်တွေကို ပြန်အကဲဖြတ်ရမဲ့ပုံပဲ။"

ယန်ယဲ့ ၏အကာအကွယ် နတ်နဂါးဘိုးဘေး ချပ်ဝတ်တန်ဆာကို အမွေဆက်ခံပြီးနောက် ကြောက်မက်ဖွယ်အဆင့်သို့ ရောက်ရှိသွားခဲ့သည်။

ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ
ကိုအသာထား၊ သိုင်းကေရာဇ်များပင်လျှင်
အလွယ်တကူ ချိုးဖက်နိုင်မည်မဟုတ်ပေ။

သို့သော်လည်း ဟဲလန်ချီ ၏မြှားတစ်ချောင်းက
သူ့အကာအကွယ်ကို လွယ်ကူစွာ
ထိုးဖောက်သွားခဲ့သည်။

ထို့ကြောင့် သိသာစွာပင် မြင့်မြတ်နယ်မြေမှ
ပါရမီရှင်များ ၏ခွန်အား က
သူထင်ထားသည်ထက် ကျော်လွန်နေပါသည်။

"ဒါဆို မင်းရဲ့ ခန္ဓာကိုယ်က သူ့အလိုလို ကုသနိုင်တဲ့ အစွမ်းရှိတယ်!" ယွန်ချင်းယောင်က ယန်ယဲ့ ၏ ရင်ဘတ်ကို ငုံ့ကြည့်ကာ ဆတ်ခနဲ ပြောလိုက်သည်။

ယန်ယဲ့ က ရုတ်တရက် စကားရပ်ပြီး ခရမ်းရောင်မင့်ခ်ကလေးနှင့် လဲ့လင် တို့ကို လက်ဟန်ပြလိုက်သည်။

သူ့ဆိုလိုရင်းကို နှစ်ယောက်လုံး နားလည်ပုံဖြင့် ခဏတာ တုံ့ဆိုင်းသွားပြီးနောက် မှူလေစတီ ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားကြသည်။

ဤအချိန်မှာပဲ ဟဲလန်ချီ က သူ့နောက်ကျောမှ လေးကိုယူကာ ရွှေမြှားတစ်စင်းကို တပ်ပြီး လေးကြိုးကို ဆွဲလိုက်သည်။

ဒါကို ယူလိုက် တစ်ချိန်တည်းမှာပင် လေးကြိုးကို လွှတ်ကာ ရွှေရောင်မြှားက နတ်လျှပ်စီးကြောင်းတစ်ခုကဲ့သို့ အရှိန်ဖြင့် ယန်ယဲ့ ထံ ပစ်လွှတ်လိုက်သည်။

ရွှေရောင်မြှားက ၃၀၀ မီတာကျော် ရှည်လျားသည့် ရွှေရောင်နဂါးကြီး အဖြစ်ပြောင်းလဲသွားပါသည်။

ဝေါင်း!

ရွှေနဂါးကြီးက ပါးစပ်ကိုဖွင့်ကာ ယန်ယွဲ့ ကို ကိုက်ချလိုက်သည်။

"သတိထားပါ!သူက နဂါးဘိုးဘေး ရဲ့အမွေအနှစ်ကို ဆက်ခံထားလို့ နဂါးမျိုးနွယ်စုအားလုံးကို ဖိနှိပ်နိုင်တဲ့စွမ်းရည်ရှိတယ်။" ယွန်ချင်းယောင် ၏ စိုးရိမ်တကြီး သတိပေးသံက ရုတ်တရက် ထွက်ပေါ်လာသည်။

ဟဲလန်ချီ ၏အမူအရာက အနည်းငယ်ပြောင်းလဲသွားပြီး သူ့မြားကိုပြန်သိမ်းလိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

ရွှေနဂါးကြီး က ယန်ယဲ့ ရှေ့ရောက်လာပြီး ကိုက်ချရန်ပြင်နေချိန်မှာပဲ ကြောက်မက်ဖွယ်ရာတစ်စုံတစ်ရာကို တွေ့လိုက်ရပုံပင်။

ဂုက လေထဲမှာ ချက်ချင်း ပေါက်ကွဲထွက်သွားကာ ယန်ယဲ့ ရှေ့ မြွားတစ်ချောင်း ပြုတ်ကျသွားသည်။

"ကြယ်ကိုးလုံးမြွားတန်း!" ဟဲလန်ချီ ၏အသံက တစ်ဖန် ပဲ့တင်ထပ်ကာ ယန်ယဲ့ ဆီသို့ နောက်ထပ် ရွှေရောင် အလင်းတန်းတစ်ခု ကျရောက်လာသည်။

ရွှေရောင်အလင်းတန်း ပေါ်လာသည်နှင့်
တပြိုင်နက် နောက်ထပ်
ရွှေရောင်အလင်းတန်းများက ၎င်းနောက်သို့
နီးကပ်စွာ လိုက်လာကာ အလင်းတန်း ၉ ခုက
စက်ဝန်းတစ်ခုသဖွယ် ဖြစ်ပေါ်လာသည်ထိ
ဆက်သွားခဲ့သည်။

ထို့နောက် ဟဲလန်ချီ ပထမဆုံး
ပစ်လွှတ်လိုက်သည့်
ရွှေရောင်အလင်းတန်းကဲ့သို့ ယန်ယဲ့ ထံ
အဆက်မပြတ် တိုးဝင်သွားကြသည်။

ယန်ယဲ့ က သူ့ညာခြေကို ရှေ့သို့ တစ်လှမ်းတိုးကာ ဓားစိတ်ဆန္ဒဓား ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

ပထမဆုံး ရွှေရောင်အလင်းတန်း သူ့ရှေ့သို့ရောက်လာသောအခါ ယန်ယဲ့ ၏မျက်လုံးများက ကျဉ်းမြောင်းသွားပြီး အေးစက်စက်အသံနှင့် အော်ဟစ်လိုက်သည်။

"မရဏာသတ်ဖြတ်ခြင်းဓားကွက်" ယန်ယဲ့ က ကောင်းကင်ဖျက်ဆီးခြင်းဓား ကို အသုံးမပြုနိုင်သောကြောင့် သူ ဖန်တီးထားသည့်

မရဏာသတ်ဖြတ်ခြင်းဓားကွက် ကိုသာ အသုံးပြုလိုက်၏။

ဆူး!

ဓားစိတ်ဆန္ဒဓား က ရွှေရောင်အလင်းတန်းကို ထိမှန်ပြီးနောက် ဓားနည်းစနစ် ၏စွမ်းအားက အဆင့် ၁၁ ဓားစိတ်ဆန္ဒကို ရုတ်တရက် နှစ်ဆတိုးမြှင့်လိုက်သကဲ့သို့ ဓားစိတ်ဆန္ဒဖိအားများ ပြင်းထန်စွာ ထွက်ပေါ်လာပါသည်။

အဆင့် ၁၁ ဓားစိတ်ဆန္ဒ က ဓားစိတ်ဆန္ဒဓား နောက်သို့ လိုက်ကာ ရွှေရောင်အလင်းတန်းများကို ဖြတ်တောက်ပစ်လိုက်သည်။

တစ်ခဏလေးအတွင်း ယန်ယဲ့ ကလည်း လှုပ်ရှားလိုက်ကာ ဟဲလန်ချီ ရှေ့သို့ ရောက်ရှိခဲ့၏။

ဤမြင်ကွင်းကိုမြင်သောအခါ ဟဲလန်ချီ ၏အမူအရာက

အနည်းငယ်ပြောင်းသွားသည်။သို့သော် သူ့မျက်နှာတွင် ထိတ်လန့်ခြင်းမရှိသလို သူ့မျက်လုံးများတွင် အံ့ဩမှုအရိပ်အယောင်မျှသာ ရှိနေသည်။

ဤကဲ့သို့သော ပါရမီရှင်က ဆန်းကြယ်တိုက်ကြီးမှာ ရှိနေကြောင်း သူ့စိတ်ထဲ တစ်ခါမျှ မတွေးထားခဲ့ဖူးပေ။

တဖန် သူ့စိတ်ထဲ ယန်ယွဲ့ က မြင့်မြတ်နယ်မြေ၏ထူးခြားသည့် ပါရမီရှင် ဟုပင် ခံစားလိုက်ရသည်။

"လေဟာနယ်ခုန်ကျော်ခြင်း!" ယန်ယဲ့ သူ့ရှေ့ရောက်လာသောအခါ ဟဲလန်ချီ က အော်ဟစ်လိုက်၏။ ထို့နောက်တွင် သူ့ပုံရိပ်က ရုတ်ချည်းပျောက်ကွယ်သွားကာ ၁ ကီလိုမီတာ အကွာမှာ ပြန်ပေါ်လာသည်။

"တိမ်တိုက်မြှား!" ဤအချိန်မှာပဲ ဟဲလန်ချီ ၏အသံက နောက်တစ်ကြိမ်ထပ်ပြီး ထွက်ပေါ်လာပြီးနောက် ရွှေရောင်မြှားတစ်စင်းက အလင်းတန်းတစ်ခုလို တောက်ပလာသည်။

ဟဲလန်ချီ က အော်ဟစ်လိုက်စဉ်မှာပဲ ရွှေရောင်အလင်းတန်း က ယန်ယဲ့ ရှေ့သို့ရောက်လာသည်။

ကလန်!

ယန်ယဲ့ က ဓားစိတ်ဆန္ဒဓား ကို ကန့်လန့်ဖြတ်ဝှေ့ယမ်းကာ ရင်ဘတ်ရှေ့ ကာထားလိုက်သည်။

ရွှေရောင်မြှား ထိမှန်သည်နှင့် ဓားစိတ်ဆန္ဒဓား
က အနည်းငယ် တုန်ခါသွားပြီး
မရေမတွက်နိုင်သောအက်ကြောင်းများက
ပင့်ကူမျှင်တွေလို ပျံ့နှံ့သွားပါတော့သည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့
၏ခန္ဓာကိုယ်ကလည်း ရိုက်ခတ်မှုကြောင့်
လွင့်ပျံသွားခဲ့သည်။

"လေးပစ်ကျမ်း ရဲ့ပဉ္စမမြောက် ကျင့်စဉ်!"
ယွန်ချင်းယောင် ၏ မျက်လုံးများသည်
စိတ်လှုပ်ရှားစွာဖြင့်
မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသည်။

ဟဲလန်ချီ က သူ၏ အစွမ်းထက်ဆုံး
တိုက်ခိုက်မှုကို ချက်ချင်း
ထုတ်ဖော်ရလိမ့်မည်ဟု သူမ မမျှော်လင့်ခဲ့ပေ။

"လေးပစ်ကျွမ်း" က မြင့်မြတ်နယ်မြေ
၏သူတော်စင်တစ်ပါး ဖန်တီးထားခြင်းဖြစ်ပြီး
အလွန်ကြောက်မက်ဖွယ်ကောင်းသည်။

လွန်ခဲ့သည့်နှစ်များ တစ်လျှောက်လုံး
မြင့်မြတ်နယ်မြေ နှင့် နယ်ခြားမိစ္ဆာများကြားက
တိုက်ပွဲများမှာ အဆိုပါသူတော်စင်
လေးပစ်ကျွမ်း မှ ကျင့်စဉ် ၅ ခုစလုံးအား

တစ်ပြိုင်နက်တည်းအသုံးပြုကာ သူတော်စင် ၅ ပါးကို သတ်ဖြတ်ပစ်ခဲ့သည်။

မှန်သည်။ ဟဲလန်ချီ က သူတော်စင် ၅ ပါးကို မသတ်နိုင်သော်လည်း သိုင်းကျောရာဇ် ၅ ယောက်ကိုတော့ ကောင်းစွာ ဖိအားပေးနိုင်ပေသည်။

ယွန်ချင်းယောင် က ဟဲလန်ချီ အောက် အဆင့်သတ်မှတ်ခံရသည်မှာ သူမက သူ၏ မြှား ၅ ချောင်းကို မခုခံနိုင်သောကြောင့်ပင်။

"ကြယ်ဖျက်ဆီးသူ!" ဟဲလန်ချီ ၏အသံက ထပ်မံ၍ ထွက်ပေါ်လာသည်နှင့် ယန်ယဲ့ ရှေ့မှာ အာကာသဟင်းလင်းပြင် ထဲကနေ ထိုးဖောက်ထွက်လာသည့် ကြယ်တစ်စင်းကဲ့သို့ မြှားတစ်ချောင်းပေါ်လာသည်။

ယန်ယဲ့ ၏မျက်လုံးများက ကျဉ်းမြောင်းလာပြီး ဓားစိတ်ဆန္ဒဓား ကို အပေါ်သို့လှန်ကာ မြှားကို ပိုင်းချလိုက်သည်။

ဖုန်း!

ဓားစိတ်ဆန္ဒဓား က ရုတ်တရက် ပေါက်ကွဲထွက်သွားသော်လည်း မြှားက တုန်ခါပြီး ယန်ယဲ့ ၏ရင်ဘတ်ထံ ဆက်၍ တိုးဝင်လာခဲ့ပါသည်။

ယန်ယဲ့ က ကြယ်မြှားကနေ ထူးဆန်းသည့်စွမ်းအင်ကို ခံစားမိသောကြောင့် ၎င်းအား သူ့ရင်ဘတ်ကို ထိုးဖောက်ရန် ခွင့်မပြုဝံ့ပေ။

အကယ်၍ သူ့ခန္ဓာကိုယ်ကို
ထိုးဖောက်ခွင့်ပြုလိုက်ပါက
သေဆုံးခြင်းမရှိသည့်တိုင် အပြင်းအဖန်
ဒဏ်ရာရသွားမည်ကို ကောင်းစွာ
သတိပြုမိလိုက်ပါသည်။

ယန်ယဲ့ က သူ့လက်များကို ဆန့်ထုတ်ကာ
နဂါးလက်သည်းများအဖြစ်ပြောင်းပြီး
ကြယ်မြှားကို ဖမ်းဆုပ်၍ အော်ဟစ်လိုက်သည်။
သို့သော် မြှားကနေ ပေါက်ကွဲလာသည့်
အားလှိုင်းက ပြင်းထန်လွန်းသဖြင့် ယန်ယဲ့
၏ခြေထောက်များက မြေကြီးထဲ

နှစ်ဝင်သွားကာ သူ့ခန္ဓာကိုယ်ကလည်း ၁ ကီလိုမီတာ ကျော်ထိ ဆုတ်ခွာလိုက်ရသည်။

တစ်ဖက်တွင်မူ သူ့လက်များမှ သွေးများ စီးကျလာသည်။

"ချိုး!" ယန်ယဲ့ က နဂါးလက်သည်းကို ကြမ်းတမ်းစွာ ဖိချလိုက်ရာ ကြယ်မြှားက နှစ်ပိုင်းကျိုးထွက်သွားသည်။

"လရိပ်မြှား!"

ဤအချိန်မှာပဲ ဟဲလန်ချီ က
ထပ်မံအော်ဟစ်လိုက်ပြီး ယန်ယဲ့ ဆီသို့
နောက်ထပ် ရွှေရောင်အလင်းတန်းတစ်ခု
ရောက်ရှိလာသည်။

ရွှေရောင်အလင်းတန်း ဖြတ်သန်းသွားသည့်
အာကာသဟင်းလင်းပြင် ထဲမှာ
အနက်ရောင်အက်ကြောင်းကြီးပေါ်လာသည်။
အနက်ရောင်အက်ကြောင်းကြီးကနေ
ထူးဆန်းသော စွမ်းအင်များ ထွက်လာကာ
ပတ်ဝန်းကျင် မီတာ ၃၀ ဧရိယာက ပြင်းထန်စွာ
တုန်ခါလာပြီး ပြိုကျသွားပါတော့သည်။

"ကောင်းကင်ဘုံ!" ယန်ယဲ့ ၏အသံက ထွက်ပေါ်လာသည်နှင့် တပြိုင်နက် ဓားစိတ်ဆန္ဒဓား က ကွဲအက်သွားပြီး အလင်းတန်းတစ်ခု ရှေ့သို့ တိုးလာသည်။

လျှပ်စီးတန်းတစ်ခုအလား အလွန်တရာလျင်မြန်ပြီး မြှားနှင့် ပြင်းထန်စွာ တိုက်မိသွားသည်။

"ဖျက်ဆီးခြင်း!"

အုန်း!

တိုက်ခိုက်မှု နှစ်ခုစလုံးက ပြင်းထန်စွာ ဆုံတွေ့သွားပြီးနောက် ချက်ချင်း ပေါက်ကွဲထွက်သွားပြီး မရေမတွက်နိုင်သော စွမ်းအင်လှိုင်းလုံးများက ပတ်ဝန်းကျင်ဆီသို့ ရိုက်ချသွားကြသည်။

ပတ်ဝန်းကျင်က တစ်ခဏတာ တိတ်ဆိတ်သွား၏။ ထို့နောက်

အာကာသဟင်းလင်းပြင် က ရုတ်တရက်
ပြိုကျလာကာ လူတိုင်းရှေ့မှာ
တွင်းနက်ကြီးတစ်ခု ပေါ်လာသည်။

"ဘယ်လောက်တောင်
ကြောက်စရာကောင်းလိုက်သလဲ!"
မြို့ရိုးပေါ် ရှိ အဝါရောင်ဝတ်လူငယ်က
ဤမြင်ကွင်းကို မြင်လိုက်သောအခါ
စကားပင်မပြောနိုင်ပေ။

ဤအခိုက်အတန့်တွင် သူ့စိတ်ထဲ
ဆန်းကြယ်တိုက်ကြီး ၏ကျင့်ကြံသူများနှင့်

မြင့်မြတ်နယ်မြေမှ ကျင့်ကြံသူများကြားက
ကွာဟချက်ကို နားလည်ခဲ့သည်။
ယန်ယဲ နှင့် အန်နန်ကျင်း ကလွဲ၍
တိုက်ကြီး၏မည်သည့် လူငယ်မျိုးဆက်ကမျှ
မြင့်မြတ်နယ်မြေပါရမီရှင်များကို မယှဉ်နိုင်ပေ။

လော့ကျန်း က လူသားကောရာဇ်
ဖြစ်သော်လည်း လက်ရှိအချိန်မှာ တိုက်ကြီးကို
ပေါင်းစည်းနိုင်ခြင်းမရှိပါက မြင့်မြတ်နယ်မြေ
၏ပါရမီရှင်များ ရှေ့တွင် ဘာမှမဟုတ်ပေ။

ဤအခိုက်အတန့်တွင် လူငယ်က အင်ပါယာ မြို့တော်သို့ပြန်ရောက်သည်နှင့် ကေရာဇ်ဟန် အား မြင့်မြတ်နယ်မြေ နှင့် ကောင်းမွန်သောဆက်ဆံရေးတည်ဆောက်ရန် အကြံဉာဏ်ပေးရမည်ဟု ဆုံးဖြတ်လိုက်သည်။

ဤအချိန်မှာ အင်ပါယာကို မုန်တိုင်းတစ်ခု ဝင်ရောက်လာသည်ဖြစ်ရာ မြင့်မြတ်နယ်မြေ ၏ အထောက်အပံ့ကို ရှာဖွေမှသာ ရှင်သန်နိုင်မည်ဖြစ်သည်။

ထို့အပြင် ယန်ယဲ့ သာ ချက်ချင်း သေဆုံးသွားပါက ပို၍ ကောင်းပေသေးသည်။

၇၁၅

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၁၅ - ပြင်းထန်သောတိုက်ပွဲ

"နေဖမ်းသူ!" တတိယမြှားနှင့် ယန်ယဲ့ ၏ဓားချီ ပျောက်ကွယ်သွားပြီးနောက် ဟဲလန်ချီ က နောက်ထပ် ရွှေရောင်မြှားတစ်ချောင်း ပစ်လွှတ်လိုက်ပြန်သည်။

ရွှေရောင်မြှားက အာကာသဟင်းလင်းပြင်
ကိုဖြတ်ပြီး နေကိုပင်
ထိုးဖောက်သွားသယောင်ထင်ရ၏။

ဤမြှားကို မြင်သောအခါ ယန်ယဲ့
၏မျက်လုံးများက
အပ်တစ်ချောင်းအရွယ်အစားထိ ကျဉ်း
မြောင်းသွားပါတော့သည်။

အဘယ်ကြောင့်ဆိုသော် ထိုမြှားကနေ ပြင်းထန်သော အန္တရာယ်ခံစားချက်ကို ခံစားရသောကြောင့် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် သူ့နှလုံးသားထဲမှာ ခံစားချက်တစ်ခု ပေါ်လာသည်။

သူ၏ကျင့်ကြံမှုကို သိုင်းဧကရာဇ်အဆင့်သို့ မြှင့်တင်နိုင်ခြင်းမရှိလျှင် မြှားကို မတားဆီးနိုင်ကြောင်းပါ။

ယန်ယဲ့ က သက်ပြင်းတစ်ချက်ချလိုက်ပြီး သူ့ရင်ထဲမှာ အတော်လေးကို စိတ်မသက်မသာ ခံစားလိုက်ရသည်။

အဘယ်ကြောင့်ဆိုသော် ဤအခြေအနေ က
အဆင့်တူနယ်ပယ်မှာ
ကောင်းကင်ဖျက်ဆီးခြင်းဓားကို
ပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့သောကြောင့်ပင်။

ဤအချိန်မှာ သူက
အခြားရွေးချယ်စရာမရှိတော့ပါ။

ရှေ့ကို တစ်လှမ်းတိုးလိုက်သည်နှင့် ဓားနယ်မြေ
က တိုက်ရိုက် ထွက်ပေါ်လာပါသည်။

ဓားနယ်မြေ ပေါ်လာသည်နှင့် တပြိုင်နက်
ဟဲလန်ချီ ၏မြားအငွေ့အသက်က
အနည်းငယ်လျော့ကျသွားသည်။

၎င်းက အရှိန်မရပ်တန့်သေးသော်လည်း
ယခင်အော်ရာ နှင့်ယှဉ်ပါက
အတော်လေးအားနည်းသွား၏။

"ချိုးဖျက်စမ်း!"
ဤအချိန်မှာပဲ ယန်ယဲ့ က မြားရှေ့တွင်
ပေါ်လာပြီး ဓားစိတ်ဆန္ဒဓား ကို ဆွဲထုတ်ကာ
မြားကို အပိုင်းပိုင်းခွဲပစ်လိုက်သည်။

မြား ၅ ချောင်းကို တစ်ပြိုင်နက်တည်း
ပစ်လွှတ်ခြင်း။

မြွား ၅ ချောင်းက အနက်ရောင်သံကြိုးဖြင့်
ချိတ်ဆက်ထားပြီး မတူညီသော
လမ်းကြောင်းကနေ ယန်ယဲ့ ဆီသို့
ဦးတည်ဝင်လာခဲ့သည်။

သို့သော် မြွား ၅ ချောင်းက ယန်ယဲ့ နှင့် မီတာ
၃၀၀ အကွာသို့ ရောက်ရှိလာပြီးနောက်
မီတာအနည်းငယ် ရှည်လျားသော
မြွားရှည်တစ်ချောင်းအဖြစ်
ပေါင်းစပ်သွားကြသည်။

မြှားရှည်ကြီးက ယန်ယဲ့ ဆီသို့ ပစ်ခတ်သွားကာ
၎င်းအပေါ် ရှိ အာကာသဟင်းလင်းပြင် က
ချက်ချင်းပင် ဖန်သားပြင်ကဲ့သို့
ကွဲထွက်သွား၏။

ဤတိုက်ခိုက်မှုကို ထုတ်ဖော်လိုက်သည်နှင့်
တပြိုင်နက် ဟဲလန်ချီ ၏ မျက်နှာက
ဖြူဖျော့သွားကာ လေထဲမှာ
ဒူးထောက်ကျသွားသည်။

ယွန်ချင်းယောင် က
ဤမြင်ကွင်းကိုမြင်လိုက်သောအခါ

သူမ၏လက်သီးများကို တင်းတင်းဆုပ်လိုက်ပြီး စိတ်လှုပ်ရှားမှုများက သူမမျက်နှာကို ဖုံးလွှမ်းသွားသည်။

ဟဲလန်ချီ က ဤနည်းစနစ်ကို မြင့်မြတ်အဆင့် ၏ အဆင့် ၅ မှ ပညာရှင်နှင့် တစ်ကြိမ်ရင်ဆိုင်ခဲ့ဖူးသည်။

ကံမကောင်းစွာပဲ ဟဲလန်ချီက ရှုံးနိမ့်ခဲ့၏။

သို့ရာတွင် သူမ စိတ်ထဲ ဟဲလန်ချီ က ဤနည်းစနစ်ကို မြင့်မြတ်အဆင့် ၏ ထိပ်ဆုံး ၅ ယောက်ကလွဲ၍ မည်သူမျှ ရင်ဆိုင်ရန်မထိုက်တန်ဟု ယူဆထားသည်။

ယခုအချိန်တွင်မူ ဟဲလန်ချီ က ၎င်းကို
အသုံးပြုလိုက်ရပြီဖြစ်သည်။
သို့သော် ပြိုင်ဖက်က ဆန်းကြယ်တိုက်ကြီးမှ
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
ဓားပညာရှင်တစ်ဦး သာ။

"ဒီယန်ယဲ့ က လန်ချီ ရဲ့တိုက်ခိုက်မှုကို
ခုခံနိုင်ပါ့မလား?"

ယွန်ချင်းယောင် ၏စိတ်ထဲ ယန်ယဲ့ က
ဓားနယ်မြေ ကို ထုတ်ဖော်ထားသည့်တိုင်
မဖြစ်နိုင်ဟု ခံစားမိသည်။

ယန်ယဲ့ က ဓားနယ်မြေ
၏နက်နဲသောလျှို့ဝှက်ချက်များကို
ဆုပ်ကိုင်ထားနိုင်မှသာ လုံးဝ
ကွဲပြားသွားပေမည်။

ဤအခိုက်အတန့်တွင်
အဝါရောင်ဝတ်လူငယ်နှင့်
မြင့်မြတ်သောဟန်အင်ပါယာ
၏စစ်သည်များအားလုံးလည်း ကို
အံ့အားသင့်သွားကြသည်။

မြင့်မြတ်နယ်မြေ.... ။

ဤအချိန်မှာ အားလုံးက မြင့်မြတ်နယ်မြေကို ပို၍ပင်ရိုသေလေးစားလာကြသည်။

ဤအခိုက်တွင် ယန်ယဲ့ က ဓားနယ်မြေကို ပိတ်ကာ ရှေ့သို့ တစ်လှမ်းတိုးလိုက်သည်။

သူ့လက်ထဲက ဓားစိတ်ဆန္ဒများကို ရှေးဟောင်းဓားအိမ် ထဲသို့ ထည့်သွင်းကာ ဆွဲထုတ်လိုက်သည်။

ယန်ယဲ့က ရပ်တန့်မနေဘဲ ဓားကို ထပ်မံ၍ ဆွဲထုတ်လိုက်ပါတော့သည်။

ကောင်းကင်ဖျက်ဆီးခြင်းဓား ၃ ချက်က ဟဲလန်ချီ ၏တိုက်ခိုက်မှုနှင့် တူညီပေသည်။

ဤအချိန်မှာ လူတိုင်းက မျက်တောင်များပက် မခတ်ရဲပေ။

အားလုံးက ယန်ယဲ့ ၏ဓားချီ ၃ ခုနှင့် မြားရှည်ကြီး တိုက်မိသည့်မြင်ကွင်းကိုသာ စောင့်ကြည့်နေကြသည်။

အုန်း!

တစ်ချိန်တည်းမှာပဲ တိုက်မိတဲ့နေရာတဝိုက်က
ပြိုကျပြီး အမှုန့်များအဖြစ်
ပြောင်းလဲသွားပါတော့သည်။

ကလန်!

သတ္တုတိုက်ခိုက်သံက ကျယ်လောင်စွာ
ထွက်ပေါ်လာသည်။

ယွန်ချင်းယောင် ၏မျက်လုံးများက ပထမဆုံး မြှားထိပ်ဖျား ပဲ့ထွက်သွားသည်ကို မြင်လိုက်သဖြင့် သိသိသာသာ ကျဉ်း မြောင်းသွားသည်။

သို့သော်လည်း ယန်ယဲ့ ၏ဓားချီ ၃ ခုမှ တစ်ခု ပျောက်ကွယ်သွားခဲ့သည်။

ကလန်!

နောက်ထပ် မြှားတစ်ချောင်းကို ခွဲထုတ်လိုက်သဖြင့် ကျယ်လောင်သော သတ္တုတိုက်သံတစ်ခု ထွက်ပေါ်လာသည်။

အလားတူပင် ယန်ယဲ့ သည်လည်း
ဓားချီတစ်ချောင်း ဆုံးရှုံးလိုက်ရသည်။

အုန်း!

ယန်ယဲ့ ၏ တတိယမြောက် ဓားချီကြိုးက ၃
ချောင်းမြောက် မြှားနှင့် ရင်ဆိုင်တွေ့သောအခါ
နှစ်ခုလုံးပြင်းထန်စွာတုန်ခါသွားပြီး
စွမ်းအင်လှိုင်းများ ပေါက်ကွဲထွက်လာကြသည်။

ထို့နောက် စွမ်းအင်လှိုင်းများက
မိုးများရွာချလာသကဲ့သို့ ပတ်ဝန်းကျင်မှာ
ပြန့်ကျဲသွားလေတော့သည်။

ဤအချိန်မှာ နောက်ထပ် တားဆီးရန် ဓားချီ
မရှိတော့ပေ။

ဟဲလန်ချီ ၏နောက်ဆုံးနှင့် အပြင်းထန်ဆုံး
မြှားနှစ်စင်းက ယန်ယွဲ့ ရှေ့သို့
ချက်ချင်းရောက်ရှိလာပါ သည်။

ဟဲလန်ချီက
ဤမြင်ကွင်းကိုမြင်လိုက်ရသောအခါ မှသာ

သက်ပြင်းတစ်ချက်ချကာ သူ့မျက်လုံးများတွင် အပြုံးအနည်းငယ်ပေါ်လာသည်။

အဘယ်ကြောင့်ဆိုသော် ဤအချိန်က ရလာဒ်ကိုဆုံးဖြတ်ပြီးဖြစ်သည် မဟုတ်ပါလား။

နောက်ဆုံးမြှား ၂ ချောင်းလုံး၊ တစ်နည်း စတုတ္ထနှင့် ပဥ္စမမြောက် မြှားက အစွမ်းထက်ဆုံးနှင့်ကြောက်စရာအကောင်းဆုံး ဖြစ်သည်။

မြှား၂ချောင်းက ယန်ယဲ့
အနားရောက်သွားသည်နှင့် ၎င်းတို့ကို
ဖျက်ဆီးလိုက်လျှင်ပင် အရေးမကြီးတော့ပေ။

ထို မြှား၂ချောင်းမှ ပေါက်ကွဲထွက်မည့်
စွမ်းအင်ဖြင့် ယန်ယဲ့ ကိုသတ်ရန်
လုံလောက်သောကြောင့်ပင်။

ယွှန်ချင်းယောင် လည်း
သက်ပြင်းတစ်ချက်ချကာ သူမ၏
တင်းတင်းကြပ်ကြပ်ဆုပ်ထားသော
လက်များကို ဖြေလျှော့လိုက်သည်။

တစ်ချိန်တည်းမှာပင် အရိုးစု ၃၆၀ ၏
ခြေသွားများဆီမှ
ပြိုးပြိုးပြက်ပြက်ပြက်ပြလာသော
အလင်းတန်းများ တဖြည်းဖြည်း
ပြန့်ကျဲလာသည်။

သူမက တစ်ယောက်ချင်း တိုက်ခိုက်ရန်
ခွင့်ပြုထားသော်လည်း ဂရုမစိုက်ဘဲ
ရပ်ကြည့်နေမည်မဟုတ်ပေ။

အကယ်၍ ဟဲလန်ချီ ရှုံးနိမ့်သွားပါက သူမ
လက်ကိုင်ဥ္စားရန် တွန့်ဆုတ်မည်မဟုတ်ပါ။

သို့သော် ဤအချိန်တွင် သူမကိုယ်တိုင်
ဝင်ပါရန်ပင်မလိုတော့ပေ။

အဝါရောင်ဝတ်လူငယ် ယွန်ချင်းယောင် နှင့်
ဟဲလန်ချီ တို့၏ အမူအရာကို
သတိပြုမိသောအခါတွင် သူ့မျက်နှာပေါ်တွင်
စိတ်လှုပ်ရှားမှု ရုတ်ချည်း ပေါ်လာသည်။
အဘယ်ကြောင့်ဆိုသော် ယန်ယဲ့
သေဆုံးသွားလျှင်
မြင့်မြတ်သောဟန်အင်ပါယာက
နောက်တစ်ကြိမ်ပြန်လည်ထလာနိုင်မည်ဖြစ်သ
ည်။

သူက အင်ပါယာ ၏ နောက်မျိုးဆက် ကေရာဇ်
ဖြစ်လာနိုင်ချေပင်ရှိသည်။

လော့ကျန်း ကတော့ ကေရာဇ် နေရာကနေ
အပြီးတိုင် ဖယ်ထုတ်ခံလိုက်ရပြီဖြစ်သည်။

ယန်ယဲ့ က သူ၏ ဓားချီ ၃ ခုလုံး
ပျက်စီးသွားသည်ကို မြင်သောအခါ
သက်ပြင်းတစ်ချက်ချလိုက်သည်။
ပြောစရာမလိုအောင် ဟဲလန်ချီ က
အမှန်တကယ်ပင် သန်မာသည်။

အန်နန်ကျင်း ကလွဲ၍ ယန်ယဲ့ နှင့်
ရင်ဆိုင်တွေ့သည့် လူငယ်မျိုးဆက်မှာ
အစွမ်းထက်ဆုံးပညာရှင်တစ်ဦး ဖြစ်သည်။

သို့သော် ယန်ယဲ့ က ဤအတွေးများကို
ရှင်းထုတ်လိုက်ပြီး သူ့လက်ကို ဆန့်ထုတ်ကာ
ဓားစိတ်ဆန္ဒများကို အသာအယာပင်
ဆုပ်ကိုင်လိုက်သည်။

သူက ဟဲလန်ချီ ကို ကြည့်ကာ ပြုံးပြီး
ပြောလိုက်သည်။ "မင်းဟာ အရင်က
ငါတွေ့ဖူးတဲ့ ပြိုင်ဖက်တွေနဲ့စာရင်

အတော်လေးအားကောင်းတယ်ဆိုတာ
ဝန်ခံရမယ်။ ဒါပေမဲ့ အခုတော့.... လာ!"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ က
ဓားစိတ်ဆန္ဒဓား ကို လျှပ်တစ်ပြက် ဆွဲထုတ်၍
ပိုင်းချလိုက်သည်။

"မိုးကြိုးငါးသွယ် ဓားနည်းစနစ်!"
ယန်ယဲ့ ၏ ဓားစိတ်ဆန္ဒဓားက
ပြင်းထန်သောအရှိန်အဝါများ
ပေါက်ကွဲထွက်ကာ ဟဲလန်ချီ ၏
စတုတ္ထမြောက် မြှားကို ခုတ်ပိုင်းချသွားသည်။

ဤအခိုက်အတန့်တွင် ယွန်ချင်းယောင် က လှောင်ပြောင်ရယ်မောနေကာ ဟဲလန်ချီကတော့ ခေါင်းယမ်းလိုက်သည်။

အဘယ်ကြောင့်ဆိုသော် ယန်ယွဲ့ ၏အဆင့် ၁၁ ဓားစိတ်ဆန္ဒ နှင့် ဓားနည်းစနစ်က ကြောက်မက်ဖွယ်ကောင်းပြီး တာအိုနည်းစနစ်ကဲ့သို့ပင် ဖြစ်သည်။

သို့သော် ဤအခိုက်မှာ ထိုသို့သောတိုက်ခိုက်မှုကို အသုံးချခြင်းက သေလမ်းရှာသည်နှင့် ကွာခြားခြင်းမရှိပေ။

စတုတ္ထမြောက် မြှားကို ဖျက်ဆီးနိုင်လျှင်ပင်
ပဉ္စမမြောက် မြှားကို မည်သို့
တားဆီးမည်နည်း?

ပဉ္စမမြောက် မြှားက အဆင့် ၁၁ ဓားစိတ်ဆန္ဒ
ချိုးဖျက်နိုင်စွမ်းရှိသည့် အရာမဟုတ်ပေ။

ဟဲလန်ချီ က အဆင့် ၁၁ ဓားစိတ်ဆန္ဒ ၏
စွမ်းအားကို ရှင်းရှင်းလင်းလင်း
သိထားသောကြောင့် ၎င်းကို အလွန်ယုံကြည်မှု
ရှိခဲ့သည်။

ထို့ကြောင့် ယန်ယွဲ့ ၏ အဆင့် ၁၁ ဓားစိတ်ဆန္ဒ
က စတုတ္ထမြောက် မြှားကိုသာ
ဖျက်ဆီးပစ်နိုင်သည်။ သို့သော်
ထိုအရာကလည်း ယန်ယွဲ့ ၏ရုပ်ခန္ဓာခွန်အားက
အဆင့်နိမ့် သိုင်းကျောဇ် များထက်
သာလွန်နေသောကြောင့်ပင်။

၇၁၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၇၁၆ - မင်းက ကောင်းကင်အဆင့် ၁ မှာ မဟုတ်ဘူး!

ဆူး!

သို့သော်လည်း ယန်ယဲ့ ၏ဓားစိတ်ဆန္ဒဓားက စတုတ္ထမြောက် မြှား ကို အသာလေးနှစ်ပိုင်းဖြတ်တောက်သွား သဖြင့် ဟဲလန်ချီ နှင့် ယွန်ချင်းယောင် တို့နှစ်ဦးလုံး ရုတ်တရက် အံ့အားသင့်သွားကြသည်။

နှစ်ယောက်လုံးက သူတို့မြင်လိုက်သည့်
မြင်ကွင်းကို မယုံနိုင်စွာစိုက်ကြည့်နေကြ၏။

စတုတ္ထမြောက်မြားက ထောက်ပတ်ကို
လှီးဖြတ်လိုက်သည့်အတိုင်း အသာလေး
ပိုင်းဖြတ်ခံလိုက်ရသည်လား?

ထို့နောက်တွင်တော့ ယန်ယဲ့ ၏
ဓားစိတ်ဆန္ဒဓား က ပဥ္စမမြောက်မြား ရှေ့ကို
ရောက်လာပြီး ခဏရပ်တန့်သွား၏။

သို့သော် မကြာခင်မှာပဲ ပဉ္စမမြောက်မြှား ကလည်း အသာလေး ပိုင်းဖြတ်ခံလိုက်ရပြီး နှစ်ပိုင်းပြတ်ထွက်သွားပါတော့သည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ!?" ဟဲလန်ချီ နှင့် ယွန်ချင်းယောင် တို့ ၏မျက်လုံးများက ပြူးကျယ်သွားကြသည်။

အဆင့် ၁၁ ဓားစိတ်ဆန္ဒ က ဤမျှကြောက်စရာမဟုတ်ပေ။

မိုးကြိုးငါးသွယ်ဓားနည်းစနစ်နှင့် ပေါင်းစပ်ထားသော်လည်း ၎င်းက ဤကဲ့သို့

ပြင်းထန်ခြင်းမရှိနိုင်ပါ။ သို့သော် ရုတ်တရက်အခြေအနေကြောင့် နှစ်ယောက်လုံး မျက်နှာထက်မှာ မယုံကြည်နိုင်မှုများ ပြည့်နှက်သွား၏။

"သတိထားပါ!" ရုတ်တရက်၊ ယွန်ချင်းယောင်က ငေးကြောင်နေသည့် ဟဲလန်ချီ ကို သတိပေးလိုက်ပြီး သူမ၏လက်များကို အနည်းငယ်လှုပ်ရှားလိုက်သည်။

အောက်မြေပြင်ရှိ အရိုးစု ၃၆၀ က အရိုးစုစားများကို လျင်မြန်စွာ ခုတ်ပိုင်းလာခဲ့၏။

ထို့နောက်တွင် ရောမစားအလင်းတန်းကြီးက လေထုကို ထိုးဖောက်ကာ ယန်ယဲ့ ဆီသို့ တိုက်ရိုက် ကျဆင်းသွားပါသည်။

ဤအခိုက်တွင် ဟဲလန်ချီ က သတိပြန်ဝင်လာပြီး ယန်ယဲ့ သူ့ရှေ့မှာ ရောက်နေသည်ကို မြင်သောအခါ သူ့အမူအရာ က ပြောင်းလဲသွားသည်။

ချက်ချင်းကင် သူ့လက်ချောင်းများကို အဆက်မပြတ် ပွတ်ဆွဲလိုက်ပြီး ရွှေရောင်မြှား ၁၀၀ လုံး ရှေ့ကို အလျင်အမြန် ပစ်လွှတ်လိုက်ပါသည်။

ယန်ယဲ့ က သူ၏ ဓားစိတ်ဆန္ဒဓား ကို အသာလေးယမ်းလိုက်ရာ ရွှေရောင်မြှား ၁၀၀ က အပိုင်းပိုင်းကျိုးပဲ့သွားခဲ့သည်။

ဤအချိန်တွင် ဟဲလန်ချီ က တစ်ခုခုကို တွေးမိသွားပုံရ၏။ သူ့ခန္ဓာကိုယ်က

တုန်လှုပ်သွားကာ မျက်လုံးများတွင် ထိတ်လန့်မှုများ ပြည့်နှက်သွားပါတော့သည်။

သို့သော် ထိုအချိန်၌ပင် သူ၏တုံ့ပြန်မှုက နှေးကွေးခြင်းမရှိပဲ ရုတ်တရက် အော်ဟစ်ကာ "မိုးကောင်းကင်..!"

သို့ရာတွင် ရုတ်တရက် မမြင်နိုင်သော စွမ်းအားတစ်ခုက သူ့အပေါ် တောင်တစ်လုံးကဲ့သို့ ဖိချလာသောအခါ စကားပင် ဆုံးအောင် မပြောနိုင်လိုက်ဘဲ သူ့ခန္ဓာကိုယ်က နေရာမှာပင်ရပ်တန့်သွား၏။

ဤအချိန်မှာပဲ ဓားတစ်ချောင်းက သူ့ရင်ဘတ်ကို ထိုးဖောက်သွားလေတော့သည်။

“ဒါ...ဒါက ကောင်းကင်အဆင့် ၁ မဟုတ်ဘူး..။" ဟဲလန်ချီ က တုန်လှုပ်ခြောက်ခြားမှုအပြည့် မျက်လုံးများဖြင့် ယန်ယဲ့ ကို စိုက်ကြည့်နေသည်။

"မင်းမှန်ပါတယ်။ ကံမကောင်းစွာပဲ၊ အရမ်းနောက်ကျသွားပြီ!" ယန်ယဲ့ ၏အသံက ဟဲလန်ချီ ၏နားထဲ ပဲ့တင်ထပ်နေသည်။

ထို့နောက်တွင် အလင်းတန်းတစ်ခုက ဟဲလန်ချီ ၏ခန္ဓာကိုယ်ထံသို့ ဝင်ရောက်သွားကာ အသက်ဓာတ်စွမ်းအင် အားလုံးကို ဖျက်ဆီးပစ်လိုက်သည်။

“မဟုတ်ဘူး!!!” ရုတ်တရက် ရှေ့မှ မြင်ကွင်းကြောင့် ယွန်ချင်းယောင် က မြို့ရိုးထိပ်ကနေရပ်နေရင်း သားရဲတစ်ကောင်လို အော်လိုက်သည် ။

ရောမ ဓားစွမ်းအင်အလင်းတန်းတစ်ခုက
ယန်ယဲ့ ၏နောက်ကျောသို့ ရောက်ရှိလာသည်။

အုန်း!

ယန်ယဲ့ က နောက်ပြန်လှည့်၍ သူ့လက်ထဲမှ
ဓားဖြင့် ခုတ်ပိုင်းလိုက်ရာ
ရောမဓားစွမ်းအင်အလင်းတန်းကြီးက
အပိုင်းပိုင်း ပေါက်ကွဲသွား၏။

မြို့ရိုးပေါ် ရှိ အဝါရောင်ဝတ် လူငယ်က
အခြေအနေအလှည့်အပြောင်းကြောင့်
တုန်လှုပ်သွားကာ စိတ်ဝိညာဉ်ပင်လျှင်
ပေါက်ထွက်လုမတတ် ခံစားလိုက်ရသည်။

"ယန်...ယန်ယဲ့ က တကယ်ပဲ အနိုင်ယူခဲ့တယ်!"

ယွန်ချင်းယောင် က အဝေးမြေပြင်မှ ဟဲလန်ချီ
၏အလောင်းကို စိုက်ကြည့်ရင်း
မျက်လုံးမမှိတ်ခင် ခဏကြာသည်ထိ
ငေးကြည့်နေမိသည်။

ရုတ်တရက် သူမ၏မျက်လုံးအစုံကနေ ကြည်လင်သော မျက်ရည်စီးကြောင်းနှစ်ခု ဖြည်းညှင်းစွာ စီးကျလာသည်။

"နင်အရူး။ နင်ဘာလို့ငါ့နောက်လိုက်လာတာလဲ? ဘာကြောင့်လဲ? နယ်ခြားမိစ္ဆာတွေကို ငါတို့အတူတူတိုက်ခိုက်မယ်လို့ ပြောခဲ့တာမဟုတ်လား.... လူမိုက်ကောင်! ငါတို့ ငယ်ငယ်ကတည်းက နင်ငါ့ကို ချစ်နေပေမယ့် နင့်ရဲ့ခံစားချက်တွေကို ဝန်ခံဖို့ ဘယ်တုန်းကမှ သတ္တိမရှိခဲ့ဘူး။ ငါလည်း နင့်ကို ချစ်နေတယ်ဆိုတာ နင်သိလား? နင်သာ

ငါ့ကိုချစ်တယ်လို့ ဖွင့်ပြောခဲ့ရင်
ငါသေချာပေါက် ခေါင်းညိတ်လက်ခံတယ်။

နင် က ဒါကို ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး။

အဲဒါက ငါ့ကို အရမ်းစိတ်ဆိုးစေပေမယ့်

ငါနင့်ကို ချစ်နေတုန်းပဲ…။

ငါ့ရဲ့နှည်းစနစ်အတွက် လေ့လာဖို့

ဆန်းကြယ်တိုက်ကြီးကိုမှ

ဘာကြောင့်သွားရတာလဲလို့ နင်မေးခဲ့တယ်။

ကောင်းပြီ၊ အခု နင့်ကိုပြောပြမယ်။

ဘာကြောင့်လဲ ဆိုတော့ ငါက နင့်အတွက်

ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်ဘူး ။ နင်နဲ့အတူ

ဘေားချင်းယှဉ်ရပ်ပြီး နယ်ခြားမိစ္ဆာတွေကို တိုက်ခိုက်ချင်တာ...."

ခဏအကြာတွင် ယွန်ချင်းယောင် က မျက်လုံးများပွင့်လာသည်။ ဤအချိန်တွင် သူမ၏ မျက်လုံးများက ကြက်သွေးရောင်ကဲ့သို့ နီရဲနေကာ
ရက်စက်ကြမ်းကြုတ်စွာပြောလာသည်
"ယန်ယဲ့! နင်က သူ့ကို သတ်လိုက်တယ်။ ငါ နင်နဲ့သက်ဆိုင်တဲ့သူအားလုံးကို သတ်မယ်။"

ယန်ယဲ့ က သူ့လက်ကို ပေါ့ပေါ့ဆဆ ဝှေ့ယမ်းလိုက်ပြီး ဟဲလန်ချီ၏ အလောင်းကို ယူလိုက်သည်။ ထို့နောက် သူက ယွန်ချင်းယောင် ကို စိုက်ကြည့်ကာ "ဒါဆို လာ!"

"ခုတ်ပိုင်းစမ်း!" ယွန်ချင်းယောင် ၏မျက်လုံးများက ပို၍ပင် နီရဲလာပြီး ယန်ယဲ့ကို စိုက်ကြည့်ကာ ဒေါသတကြီး အော်ဟစ်လိုက်သည်။

အရိုးစု ၃၆၀ က ၎င်းတို့၏ ဓားများကို မြှောက်၍ ပိုင်းချလိုက်ရာ ဓားချီကြိုး ၃၆၀ က ကောင်းကင်ထက် ဖြတ်သွားကြသည်။

ဓားချီကြိုး ၃၆၀ က ကောင်းကင်ကို ဖြတ်၍ ယန်ယဲ့ ထံသို့ တပြိုင်နက်တည်း ကျဆင်းလာပါတော့သည်။

ယန်ယဲ့ ၏ပါးစပ်ထောင့်မှာ အေးစက်သော အပြုံးတစ်ခု ပေါ်လာပြီးနောက် သူ့လက်ထဲက

ဓားစိတ်ဆန္ဒများ ကို မြေပြင်သို့
ထိုးစိုက်လိုက်သည်။

အုန်း!

မြေပြင်ပေါ် ရှိ အလင်းစက်ဝိုင်းက
တုန်ခါသွားကာ အစိတ်စိတ်အမွှာမွှာ
ကွဲထွက်သွားပြီး ကောင်းကင်ထက် မှ ကြယ် ၇
လုံးလည်း ချက်ချင်း ပျောက်ကွယ်သွားပါသည်။
ထို့အပြင် ဓားချီကြိုး ၃၆၀ ကလည်း
ကြယ်များနှင့်အတူ ပျောက်ကွယ်သွား၏။

ခုနစ်စင်ကြယ်ဝက်ပါက
ဖျက်ဆီးခံလိုက်ရပြီဖြစ်သည်။

ယန်ယဲ့ က အရိုးစု ၃၆၀ ကို
တစ်ချက်ကြည့်လိုက်ပြီးနောက် လက်ကို
ယမ်းကာ မူလစေတီ ထဲသို့
သိမ်းယူလိုက်သည်။

ဤအရိုးစုများက အလောင်းကောင်ဘိုးဘေး
နှင့် ကင်းခြေများအရိုးစု တို့ကဲ့သို့

အသိစိတ်မရှိကြောင်း သူ့စိတ်ထဲ
သတိပြုမိခဲ့သည်။
၎င်းတို့အားလုံး က လုံးဝအသိစိတ်မရှိသလို
စိတ်ဆန္ဒ သို့မဟုတ် နည်းစနစ်ဖြင့်
ထိန်းချုပ်နိုင်သည့် ရုပ်သေးများသာဖြစ်သည်။

၎င်းတို့က သူ့လက်ထဲမှာ
ကြောက်မက်ဖွယ်ခွန်အားကို
ထုတ်မပြနိုင်သော်လည်း
အလွန်သန်မာနေဆဲပါ။ အနည်းဆုံးတော့
အရိုးစုတစ်ခုချင်းစီက သာမန် အဆင့် ၉ ချိုး

မြှောက်ခြင်းနယ်ပယ်ပညာရှင်များ ထက်
အားနည်းနေမှာ မဟုတ်ပေ။

"သွေးစတေးခြင်း!" ထိုအချိန်တွင်
ယွန်ချင်းယောင် ၏အသံက တ န်
ထွက်ပေါ်လာသည်။

“အား!!!” ရုတ်တရက်
အင်မော်တယ်ချီလင်မြို့ထဲကနေ
မရေမတွက်နိုင်သော အော်ဟစ်၊ငြီးငြူသံများ
ကျယ်လောင်စွာ ထွက်ပေါ်လာပြီး

အလွန်ကြောက်စရာကောင်းသည့်
အငွေ့အသက်များလည်း ပျံ့လွင့်လာလေသည်။

အဝါရောင်ဝတ်လူငယ်က ထိတ်လန့်သွားပြီး
မြို့ကို လှည့်ကြည့်လိုက်သည်။
ဤအခိုက်အတန့်တွင် မြို့တစ်ခုလုံး
သွေးမြူများဖြင့် ဖုံးလွှမ်းနေပြီး အချို့သော
ကျင့်ကြံသူများက သွေးမြူခိုးများထဲ
နစ်မြုပ်သွားကာ ကောင်းကင်အပြည့်
လွှမ်းခြုံထားသည့်
သွေးတိမ်တိုက်များအဖြစ်အဖြစ်သို့
ပြောင်းလဲသွားသည်ကို မြင်တွေ့လိုက်ရသည်။

"မင်းဘာလုပ်နေတာလဲ!?"

ဤအခိုက်အတန့်တွင် လူငယ်က
ယွန်ချင်းယောင် အား ကြောက်ရွံ့နေမည်ကိုပင်
ဂရုမစိုက်နိုင်တော့ဘဲ ချက်ချင်းပင်
ဒေါသတကြီး အော်ဟစ်လိုက်သည်။

လက်ရှိတွင် မြင့်မြတ်သောဟန်အင်ပါယာက
၎င်း၏လက်အောက်ခံအများစုမှ ယုံကြည်မှုကို
ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

အကယ်၍ နောက်ထပ် မြို့တော်တစ်ခုလုံးကို
သတ်ဖြတ်ပစ်ပါက ဗဟိုနယ်မြေ

တွင်သာမကဘဲ တိုက်ကြီးတစ်ခုလုံးမှာပါ အင်ပါယာ ၏နာမည်ကျဆင်းသွားပေမည်။

"နင်က ယန်ယဲ့ ကို မသေစေချင်ဘူးလား? ယွန်ချင်းယောင် က အေးစက်စက် ပြောလိုက်သည်။ "ယန်ယဲ့ အသက်ရှင်နေသေးရင် နင့်ရဲ့ မြင့်မြတ်သောဟန်အင်ပါယာက အကောင်းတိုင်းရှိနေမယ်လို့ ထင်နေသလား?"

“ဒါတောင် မရဘူး….”

ယွန်ချင်းယောင် က လူငယ်ကို အေးစက်စွာ ကြည့်လိုက်ပြီး "နှင့်ထင်မြင်ချက်ကို ငါတောင်းနေတာမဟုတ်ဘူး၊ နားလည်လား?"

ယွန်ချင်းယောင် ၏ အေးစက်စက် အမူအရာကို သတိပြုမိသောအခါ အဝါရောင်ဝတ်လူငယ် က ခန္ဓာကိုယ်တစ်ခုလုံး အေးခဲသွားသလို ခံစားလိုက်ရသည်။

ဤအခိုက်မှသာ သူက ယွန်ချင်းယောင်
၏ခွန်အားနှင့် နောက်ခံ နှစ်ခုစလုံးကို
စော်ကားရန် မတတ်နိုင်ကြောင်း၊
သို့တည်းမဟုတ် မြင့်မြတ်သောဟန်အင်ပါယာ
ပင်လျှင် သူမကို ဆန့်ကျင်နိုင်မည်မဟုတ်ပေ။

ယွန်ချင်းယောင် ၏အကြည့်က ယန်ယဲ့ အပေါ်
ကျဆင်းသွားပြီး "ယန်ယဲ့! ငါယွန်ချင်းယောင်က
နင့်ကို
တန်ကြေးတစ်ခုပြန်ပြီးပေးဆပ်ခိုင်းမယ်။"

ယန်ယဲ့ က သူမကို ဂရုမစိုက်ဘဲ
အင်မော်တယ်ချီလင်မြို့ အထက်ကောင်းကင်မှ
သွေးတိမ်တိုက်ကြီး
ဆီသို့လှမ်းကြည့်လိုက်သည်။

သွေးတိမ်တိုက်ကြီး အတွင်းကနေ
မရေမတွက်နိုင်သော အော်ဟစ်ငြီးငြူးသံများ၊
ကျိန်ဆဲသံများပင် ပဲ့တင်ထပ်နေသည်။

သို့သော် ယန်ယဲ့ က ၎င်းကို တစ်ချက်သာ ကြည့်လိုက်ပြီး နောက်ပြန်လှည့်ကာ ထွက်လာခဲ့သည်။

ဤနေရာရှိလူတိုင်း အံ့သြသွားကြသည်။ ယွန်ချင်းယောင် ပင်လျှင် အနည်းငယ် အံ့အားသင့်သွားသည်။
"သူဘာလုပ်ဖို့ကြိုးစားနေတာလဲ?"

ယန်ယဲ့ က ထွက်သွားရန် ရည်ရွယ်နေခြင်းပင်။ သူက လူမိုက်မဟုတ်ပေ။

ယွန်ချင်းယောင် က မည်သည့်တိုက်ခိုက်မှုကို ဖန်တီးနေကြောင်း မသိသော်လည်း သူမက အလွန်ကြောက်စရာကောင်းသည့်အရာတစ်ခု ကို ဦးတည်နေကြောင်း သိလိုက်သည်။

ထို့အပြင် ၎င်းက ယခင် အလောင်းကောင်ဘိုးဘေး ထက်ပင် ပို၍ ကြောက်စရာကောင်းမည်ကို သူ့စိတ်ထဲ အလိုလို ခံစားမိခဲ့၏။

မည်သို့ပင်ဆိုစေကာမူ
သူ၏အဓိကရည်ရွယ်ချက်မှာ
မြင့်မြတ်သောဟန်အင်ပါယာ
၏တော်ဝင်မြို့တော်ဖြစ်သည်။
အင်မော်တယ်ချီလင်မြို့ ကို လုံးဝ
စိတ်မဝင်စားပေ။

သို့သော် တော်ဝင်ဟန်မြို့တော် ကို
သွားရန်လမ်းကြောင်းက ခက်ခဲနေသည်ဖြစ်ရာ
ဤနည်းလမ်းတစ်ခုသာ အသုံးပြုနိုင်သည်။

#Book.39